# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၂၀]


**အတတ်ပညာနှင့်တူသောဥစ္စာမရှိ**

* အတတ်ပညာနှင့်တူသောဥစ္စာသည်မရှိ၊
* အတတ်ပညာကို ခိုးသူတို့မခိုးနိုင်၊
* အတတ်ပညာသည် ယခုဘဝ၌ အဆွေခင်ပွန်း ဖြစ်၏၊
* တမလွန်လောက၌ ချမ်းသာကို ဆောင်စေတတ်၏။

## နိုင်ငံတော်သမ္မတဦးသိန်းစိန် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားမည်

နေပြည်တော် ဇန်နဝါရီ ၂၇

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဇန်နဝါရီ ၂၈ ရက်တွင် ကျင်းပမည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားမည်ဖြစ်ပြီး အဆိုပါအခမ်းအနားကို နံနက် ၉ နာရီ မိနစ် ၅၀ တွင် မြန်မာ့ရုပ်မြင်သံကြား News Channel၊ လွှတ်တော် Channel၊ MWD Channel၊ MWD Variety Channel၊ မြန်မာ့အသံရေဒီယိုအစီအစဉ်နှင့် သဇင် FM တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

## ကုက္ကိုင်းခုံးကျော်တံတား ပြည်ထောင်စုနေ့အကြို ဖွင့်မည်

သတင်း
တင်ဝင်းလေး(ကြည့်မြင်တိုင်)

ဗဟန်းမြို့နယ် ကုက္ကိုင်းလမ်းဆုံ၌ တည်ဆောက်လျက်ရှိသော ကုက္ကိုင်းခုံးကျော်တံတားသစ်ကြီးကို ဖေဖော်ဝါရီ ၁၀ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စီမံကိန်းမန်နေဂျာ ဦးကျော်သူရထံမှသိရသည်။

“တည်ဆောက်မှုအပိုင်းက ၉၇ ရာခိုင်နှုန်းလောက်ပြီးစီးနေပါပြီ။ လာမယ့် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုတဲ့အနေနဲ့ ဖွင့်လှစ်သွားမှာပါ။ ကျွန်တော်တို့ဘက်ပိုင်းကတော့ အဆင်သင့်ဖြစ်နေပါပြီ” ဟု စီမံကိန်းဒါရိုက်တာ ဦးသက်လင်းက ပြောကြားသည်။

*စာမျက်နှာ ၆ ကော်လံ ၄* ●



ကုက္ကိုင်းခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။ ဓာတ်ပုံ-မြင့်အောင်(စက်မှု/ဆေးဝါး)

## အရှေ့ဘက်မှဝင်ရောက်လာသည့် လေအေးများကြောင့် ဖေဖော်ဝါရီလကုန်အထိ အအေးဓာတ် ပိုမိုခံစားရနိုင်

နေပြည်တော် ဇန်နဝါရီ ၂၇

သတင်း-တင်မောင်လွင် (မြန်မာ့အလင်း)

မြန်မာနိုင်ငံအတွင်း ဒေသအချို့၌ လတ်တလော မိုးရွာသွန်းမှုများကြောင့် နေရာတော်တော်များများတွင် အအေးဓာတ်များ သိသိသာသာလျော့နည်းခဲ့သော်လည်း အရှေ့ဘက်မှ ဝင်ရောက်လာသည့် လေအေးများကြောင့် လာမည့် ဖေဖော်ဝါရီလကုန်ပိုင်းအထိ အအေးဓာတ်ကို ဆက်လက်ခံစားရနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးဦးက ပြောသည်။

“ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ ကပ္ပလီပင်လယ်ပြင်ပေါ်က တက်လာတဲ့ တိမ်တိုက်တွေနဲ့ အရှေ့ဘက်ကတိုက်ခတ်လာတဲ့ လေအေးတွေကြောင့် ပြီးခဲ့တဲ့နှစ်ရက်လောက်ကတည်းက မြန်မာနိုင်ငံ နေရာတော်တော်များများမှာ မိုးတွေအုံ့ဆိုင်းပြီး ရွာသွန်းခဲ့တယ်။ တရုတ်နိုင်ငံဘက်ကလာတဲ့ လေအေးလှိုင်းတွေကြောင့် မြန်မာနိုင်ငံအတွင်းမှာ ဖေဖော်ဝါရီလကုန်လောက်အထိ အအေးဓာတ်က ပိုလာလိုက်၊ လျော့လာလိုက်ကြုံတွေ့ရနိုင်ပါတယ်။ နေရာအချို့မှာ အနိမ့်ဆုံးအပူချိန် စံချိန်ချိုးနိုင်တဲ့အထိ ရှိလာနိုင်ပါတယ်။ လွန်ခဲ့တဲ့နှစ်ရက်လောက်က ရွာတဲ့မိုးကြောင့် လတ်တလောမှာ အအေးဓာတ်က အနည်းငယ်လျော့လာတာ တွေ့ရတယ်” ဟု ၎င်းက ပြောသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ✻

### ယနေ့ ဖတ်စရာ

**တရုတ်နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်၌ ကျူကလီးယား စွမ်းအင်မှတစ်ဆင့် ဓာတ်အား ၅၈ ဂီဂါဝပ်ထုတ်မည်**

စာမျက်နှာ » ၄

**ကချင်ပြည်နယ်တွင် ရာသီဥတုအအေးပို၍ ဒေသပွဲ့ဖြိုးရေး လုပ်ငန်းများ ရပ်ဆိုင်းထားရ**

စာမျက်နှာ » ၁၁

**မုန်တိုင်းဖြစ်စဉ်များနှင့် ရာသီဥတုဆိုးရွားမှု တို့ကို ကြိုတင် တွက်ချက်နိုင်သည့် ရေဒါတပ်ဆင်မည်**

စာမျက်နှာ » ၁၂




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အနာဂတ်အတွက် ဘက်စုံလူငယ်

“ယနေ့လူငယ် နောင်ဝယ်လူကြီး”ဟူသော စကားရှိပါသည်။ လူငယ်လူရွယ်များကို ငယ်စဉ်ကတည်းက ထူးချွန်ထက်မြက်သူများဖြစ်အောင် စနစ်တကျပျိုးထောင်ပေးနိုင်မှသာ အနာဂတ်တွင် နိုင်ငံတော်ကအားထားရသောလူတော်လူကောင်းများ တိုးပွားလာမည်ဖြစ်ပါသည်။ နိုင်ငံတော်အတွင်း လူတော်လူကောင်းများ၊ စာတတ်ပေတတ် ပညာတတ်များ တိုးပွားရှင်သန်လာခြင်းဖြင့် နိုင်ငံသည်လည်း အဘက်ဘက်မှ တိုးတက်လာမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်အနေဖြင့် လူငယ်ဖွံ့ဖြိုးရေးအစီအမံများကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးဝန်ကြီးဌာနက ၁၉၆၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည့် လူရည်ချွန်စီမံကိန်းအစီအစဉ်ကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ ဘက်စုံပညာထူးချွန်လူငယ်အစီအစဉ်အဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့သည်။ ဘက်စုံပညာထူးချွန်လူငယ်တိုင်းသည် ကျောင်းစာသင်ခန်းများအတွင်း စာတော်ရုံမက ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သူများ၊ ဗဟုသုတနှင့် ပြည့်စုံသူများ ဖြစ်ကြပါသည်။ တစ်နည်းအားဖြင့် ဗလငါးတန်နှင့်ပြည့်စုံသူများဖြစ်ကြပါသည်။ စာလည်းတော်ရမည်၊ ကျန်းမာသန်စွမ်းရမည်၊ အကျင့်စာရိတ္တကောင်းမွန်ရမည်၊ ဗဟုသုတနှင့်ပြည့်စုံသူများဖြစ်ရမည်၊ ပေါင်းသင်းဆက်ဆံမှုကောင်းရမည် ဖြစ်ပါသည်။

ယခုအခါ ဘက်စုံထူးချွန်လူငယ်များအတွက် အဋ္ဌမတန်း၊ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်းတို့အတွက် စာမေးပွဲများ ကျင်းပလျက်ရှိပါသည်။ ထူးချွန်လူငယ် အတန်းတစ်မျိုးစီအတွက် ပုဂံ၊ အင်းလေး၊ ငွေဆောင် အစရှိသော ကမ်းခြေစခန်းများသို့ စေလွှတ်လျက်ရှိပါသည်။ အပန်းဖြေစခန်းများသို့ ရောက်ရှိစဉ်အတွင်း ကင်းထောက်သင်တန်းများပေးခြင်း၊ လူရည်ချွန်ဟောင်းများနှင့် တွေ့ဆုံခြင်းနှင့် လေ့လာရေးခရီးစဉ်တို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

မည်သို့ပင်ဖြစ်စေ ဤဘက်စုံထူးချွန်လူငယ်စီမံကိန်းသည် အခြားသော ကျောင်းသား ကျောင်းသူများ အားကျကြိုးစားလာပြီး နိုင်ငံတစ်ဝန်း လူတော်လူကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူ (ဝါ) လူငယ်လူရွယ်တိုင်းသည် အနာဂတ်ကြယ်ပွင့်လေးများပင် ဖြစ်ကြပါသည်။ ကြယ်ပွင့်တိုင်းသည် လင်းလက်တောက်ပနေရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျောင်းသား ကျောင်းသူတိုင်းသည် ဘက်စုံထူးချွန်အောင် ကြိုးစားအားထုတ်ကြခြင်းဖြင့် အနာဂတ်တွင် လင်းလက်တောက်ပသော ကြယ်ပွင့်လေးများဖြစ်အောင် ကြိုးစားအားထုတ်ကြရမည် ဖြစ်ပါကြောင်း။ ။

## စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |

# မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (၇၆)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ကြီး၏ (၇၆)ကြိမ်မြောက် ဗဟိုကောင်စီ အစည်းအဝေးကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဌာနချုပ် စုဝေးခန်းမ၌ ဇန်နဝါရီ ၂၇ ရက်က ကျင်းပရာ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင် တက်ရောက်သည်။



ထို့နောက် အချိန်ပြည့် အမှုဆောင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ ဒေါ်မြသူက (၇၅)ကြိမ်မြောက် ဗဟိုကောင်စီ အစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အမှုဆောင် ညွှန်ကြားရေးမှူး ဦးခင်မောင်လှက (၇၆)ကြိမ်မြောက် ဗဟိုကောင်စီ အစည်းအဝေးသို့ တင်သွင်းသည့် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို တင်ပြကာ အကျိုးဆောင်ဘဏ္ဍာထိန်း ဦးတင်ဦးက အမှုဆောင်အဖွဲ့၏ အစီရင်ခံသည့် ကာလအတွင်း ဘဏ္ဍာ ရေးအစီရင်ခံစာကို တင်ပြခဲ့သည်။

ထို့နောက် နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီကအသင်းနှင့် တပ်ဖွဲ့ရေးရာများကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီများက အသင်းနှင့် တပ်ဖွဲ့ရေးရာများကို ရှင်းလင်းတင်ပြကြပြီး ၂၀၁၅ ခုနှစ်အတွင်း စံနှုန်းအဆင့် တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည့် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တနင်္သာရီတိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ၁၃ မြို့နယ် အားဂုဏ်ပြုလွှာများ ချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ပြောင်းလဲသင့်သော မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ဆောင်မှုအသင်း(MOGSS) က ကြီးမှူး၍ “၂၀၁၆ -၂၀၂၁ ခုနှစ်များအတွင်းပြောင်းလဲသင့်သော မြန်မာနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍ” (2016-2021: Changes for Myanma Oil and Gas Sector) အမည်ဖြင့် ဆွေးနွေးဟောပြောပွဲကို ဇန်နဝါရီလ တတိယပတ်က UMFCCI ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် တက်ရောက်လာသူများက လုပ်ငန်းအတွေ့အကြုံများအလိုက် အကြံပြုဆွေးနွေးခဲ့ကြပြီး ဆွေးနွေးဟောပြောပွဲမှ ကောက်နုတ်ချက်များကို လာမည့်နှစ်များအတွင်း စွမ်းအင်ဆိုင်ရာစီမံကိန်းရေးဆွဲမှုနှင့် အကောင်အထည်ဖော်ဆောင်ရေးကိစ္စရပ်များတွင် အထောက်အကူအဖြစ် လေ့လာသိရှိနိုင်ပါရန် သက်ဆိုင်ရာဌာနများသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်**

# ကျူးကျော်ဈေးသည်များကြောင့် ဈေးအတွင်းသွားလာရန်ခက်ခဲ

**ထင်သာမြင်သာ ပြုပြင်စရာ**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ရှိ မြို့မဈေးကြီးအတွင်း ဖွင့်လှစ်ထားသော ဈေးဆိုင်များတွင် မြို့နယ်စည်ပင်သာယာမှ သတ်မှတ်ထားသော နေရာတွင် ဈေးရောင်းချမှုမပြုဘဲ ကျူးကျော်ရောင်းချခြင်း၊ ဈေးရောင်းသူများ၏ ဆိုင်ကယ်များ ဖြတ်သန်းသွားလာစီးနင်းနေခြင်းတို့ကြောင့် ဈေးဝယ်ပြည်သူများမှာ အသွားအလာခက်ခဲမှု အမြဲလိုကြုံတွေ့နေရသည်။ ထို့အပြင် အရေးပေါ် မီးဘေးအန္တရာယ်ဖြစ်လျှင် ဈေးအတွင်း ကားဝင်နိုင်သည့်လမ်းများ၌ လမ်းပိတ်ဆို့ခင်းကျင်းထားသောကြောင့် မီးသတ်ကားများသွားလာရန် အခက်အခဲနှင့်ကြုံတွေ့နိုင်၍ ကျူးကျော်ခင်းကျင်းထားသော ဈေးသည်များကို သက်ဆိုင်ရာကထိန်းသိမ်းပေးရန် မျှော်လင့်နေကြောင်း သိရသည်။ **လှဝင်း(နတ်မောက်)**

# မိုးညို-ထိန်တော ကျောက်ချောလမ်း ကျိုးပေါက်ခဲ့မှု ပြန်လည်တည်ဆောက်ပြီး

**မိုးညို ဇန်နဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်နှင့် လက်ပံတန်းမြို့နယ်တို့ကို ဆက်သွယ်သော(မိုးညို-ထိန်တော) ကျောက်ချောလမ်းပိုင်းသည် ပြီးခဲ့သည့် သြဂုတ်လအတွင်းက ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကျိုးပေါက်သွားခဲ့၍ နိုဝင်ဘာလဆန်းပိုင်းက မြေနေရာရှင်းလင်းခြင်း၊ ရွှံ့နွံဖယ်ထုတ်ခြင်းများကို ဆောင်ရွက်ခဲ့သည်။ မိုင်တိုင်အမှတ် ၂၀/၆ မှ ၂၃/၆ အထိ လမ်းပိုင်းသည် နှစ်စဉ်မိုးရာသီတွင် ဧရာဝတီမြစ်ရေနှင့် ထိတွေ့သောလမ်းပိုင်းဖြစ်သည်။ ကျိုးပေါက်သွားခဲ့သည့်လမ်းပိုင်းမှာ အရှည်ပေ ၁၅၀၀၀ ရှိသည့်လမ်းကို ဧရာဝတီမြစ်ရေကျချိန်တွင် ဇန်နဝါရီလ ပထမပတ်မှစ၍စက်ယန္တရားကြီးများဖြင့် တည်ဆောက်ခဲ့ရာ ယခုအခါ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ခင်လတ်(မိုးညို)**

# လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်း

**မကွေး ဇန်နဝါရီ ၂၇**

နေပြည်တော်တွင် ဇန်နဝါရီ ၇ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့သော ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ ဒသမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းခြင်းကို ဇန်နဝါရီ ၂၂ ရက်က မကွေးမြို့ တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမြင့်သိန်းက အသစ်ပြဋ္ဌာန်းသည့်ဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းသည့် ဥပဒေများနှင့် ပတ်သက်၍ လည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးက တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးက တရားရုံးစီမံရေးရာ ထောက်ပံ့နှင့် ငွေစာရင်းရေးရာကိစ္စရပ်တို့ကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၇-၁-၂၀၁၆

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၆၇၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၆၇၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀/၅၂၀ ကျပ် |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၅၄၀/၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၇၀/၆၂၀ ကျပ် |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၁၁.၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၈.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၃၂.၆၀ |
| ထိုင်း | တစ်ဘတ် | ၃၆.၁၈၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၈၅၆ |
| တရုတ် | တစ်ယွမ် | ၂၀၂.၄၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄.၃၉ |

ခင်ရတနာ-စုစည်းသည်။

# ပေကျင်းမှ ဗုဒ္ဓမြတ်စွယ်တော်ပွားအား အများပြည်သူဖူးမြော်ကြည်ညိုနိုင်ရန် မြသလွန်စေတီတော်မြတ်ကြီးသို့ လွှဲအပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၂၇

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ဗုဒ္ဓမြတ်စွယ်တော်ဘုရားကျောင်းမှ ဗုဒ္ဓမြတ်စွယ်တော်ပွားအား အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ မြသလွန်စေတီတော်မြတ်ကြီးသို့ လွှဲအပ်လှူဒါန်းသည်။**

လွှဲအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ ဂေါပကအဖွဲ့ဝင်များနှင့် မြို့မိ မြို့ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုပေးအပ်လှူဒါန်းသည့် ဗုဒ္ဓမြတ်စွယ်တော်ပွားအား ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် နေပြည်တော်သို့ ကြွချီလာစဉ် ပေကျင်းမြို့ ဗုဒ္ဓမြတ်စွယ်တော်ကျောင်းမှ ဆရာတော်က မိသားစုကြည်ညိုပူဇော်နိုင်ရန် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ မကွေး မြသလွန် စေတီတော်မြတ်ကြီးတွင် ထားရှိပူဇော်ရခြင်းမှာ သမိုင်းမှတ်တမ်းများအရ မြန်မာနိုင်ငံသို့ မြတ်စွာဘုရား ဒေသစာရီကြွချီချိန်တွင် မကွေး၊ မင်းဘူးဒေသသို့ အခြေချရောက်ရှိခဲ့ပါကြောင်း၊ မြသလွန်စေတီတော်မြတ်ကြီးမှာလည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများစွာ လာရောက်ဖူးမြော်ကြကြောင်း၊ သို့ဖြစ်၍ အများပြည်သူ ဖူးမြော်ကြည်ညိုသဒ္ဒါပွားနိုင်ရန် လှူဒါန်းရခြင်းဖြစ်ပါကြောင်း၊ ယခုလှူဒါန်းရသည့် ဗုဒ္ဓမြတ်စွယ်တော်ပွားအား အမှီပြု၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများလည်း တိုးတက်လာမည်ဟု မျှော်လင့်ပါကြောင်း၊ လှူဒါန်းခွင့်ရသည့်အတွက်လည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့၊ ဂေါပကအဖွဲ့နှင့် ဒေသခံများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးဒေါ်ကြူကြူလှ တို့က ဗုဒ္ဓမြတ်စွယ်တော်ပွားအား မြသလွန်ဂေါပကအဖွဲ့ထံ လွှဲအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** ယင်းနောက်ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် မကွေးမြို့သူ မြို့သားများကိုယ်စား ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ပြောကြားသည်။



ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အဖွဲ့ဝင်များနှင့်အတူ မြသလွန်စေတီတော်မြတ်ကြီးအား လက်ယာရစ် ဖူးမြော်ကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မကွေးစက်မှုနယ်မြေရှိ အမှတ်(၁၃) အကြီးစားစက်ရုံသို့ သွားရောက်ပြီး လုပ်ငန်းလည်ပတ်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ကို Assembly Plant တွင် ဒုတိယစက်ရုံမှူး ဦးကျော်ကျော်ဝင်းကလည်းကောင်း၊ Gear and Transmission on Plant တွင် ဌာနမှူး ဦးကြည်မြင့်ကလည်းကောင်း အသီးသီး လိုက်လံရှင်းလင်းပြသခဲ့ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို မေးမြန်းခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# မြန်မာ-ဂျပန် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များမြှင့်တင်ရေး အမြင်ချင်းဖလှယ်

**နေပြည်တော် ဇန်နဝါရီ ၂၇**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၅ ရက်က တိုကျိုမြို့၌ ကျင်းပခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ (၆၈)ကြိမ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားနှင့် တိုကျိုမြို့ မြန်မာသံရုံး အဆောက်အအုံသစ် ဖွင့်လှစ်သည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များ လိုက်ပါလျက် ဇန်နဝါရီ ၂၅ ရက်က ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမီအို ကိရှိဒါနှင့် တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ယင်းနောက် ညနေပိုင်းတွင် တိုကျိုမြို့ မြန်မာသံရုံး၌ ကျင်းပခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ (၆၈)ကြိမ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားနှင့် တိုကျိုမြို့ မြန်မာသံရုံး အဆောက်အအုံသစ်ဖွင့်လှစ်သည့် အခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ယာပုံ)** အခမ်းအနားသို့ တိုကျိုမြို့ အိုလံပစ်အားကစားပွဲတော် တာဝန်ခံဝန်ကြီး မစ္စတာ တိုရှိအကို အန်းဒို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ယိုရှိ မူတို၊ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ မစ္စတာ အိချိရို အအိဆာဝါနှင့် ဂျပန်-



မြန်မာ ချစ်ကြည်ရေးအသင်း၊ ဥက္ကဋ္ဌ မစ္စတာ ဟိဒဲအို ဝါတာနာဘေး၊ တိုကျိုမြို့ရှိ နိုင်ငံခြားသံတမန် အသိုက်အဝန်းနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနား၌ ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ယိုရှိ မူတို၊ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ မစ္စတာ အိချိရို အအိဆာဝါနှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဟိဒဲအို ဝါတာနာဘေး တို့ကလည်း အမှာစကားများ ပြောကြားကြသည်။

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးကို ၁၉၅၄ ခုနှစ် ဒီဇင်ဘာလတွင် စတင်ထူထောင်ခဲ့ကြပြီးနောက် နှစ်နိုင်ငံမြို့တော်များ၌ သံရုံးများ အပြန်အလှန်ဖွင့်လှစ်ခဲ့ကြသည်။ ယခင် မြန်မာသံရုံးအဆောက်အအုံကို ၁၉၆၀ ပြည့်နှစ်များဝန်းကျင်၌ တည်ဆောက်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ တိုဟိုကုမြေငလျင်လှုပ်ခတ်ခဲ့ရာတွင် မြန်မာသံရုံး အဆောက်အအုံလည်း ထိခိုက်ပျက်စီးခဲ့သည်။ သို့ဖြစ်၍ မြန်မာသံရုံးအဆောက်အအုံကို စတင်တည်ဆောက်ခဲ့ပြီးနောက် နှစ်ပေါင်း ၅၀ ကျော်ကြာမြင့်ချိန်တွင် အဆောက်အအုံသစ်တစ်ခုကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

သံရုံး အဆောက်အအုံသစ် ဆောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် စတင်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ပြီးစီးခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံအစိုးရတို့ကို ၎င်းတို့၏ ပံ့ပိုးကူညီမှုများအတွက်လည်းကောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ဂျပန်ကုမ္ပဏီများကိုလည်း ယင်းတို့၏ အခန်းကဏ္ဍအတွက် လည်းကောင်း ချီးကျူးဂုဏ်ပြု ပြောကြားသည်။

ဇန်နဝါရီ ၂၄ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဟိဒဲအို ဝါတာနာဘေးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။ ယင်းညစာစားပွဲသို့ ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရိုအာဆိုလည်း တက်ရောက်ခဲ့ပြီး နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့တို့က နှစ်နိုင်ငံအကြား ဆက်ဆံရေးမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ပွင့်လင်းစွာ ဆွေးနွေးကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် တိုကျိုမြို့၌ ရောက်ရှိနေစဉ်အတွင်း အိဘာရာကိခရိုင်ရှိ ကမ္ဘာ့အမြင့်ဆုံး ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်ဖြစ်သည့် ဦးရှိုကုအမိတဗုဒ္ဓရုပ်ပွားတော်သို့ သွားရောက်ဖူးမြော်ခဲ့ကြသည်။

**(သတင်းစဉ်)**

# အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဆက်လက်ကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရှိ သီရိရတနာခန်းမ၌ ခေါင်းစဉ်အလိုက် ဆွေးနွေးမှုများကို ဆက်လက်ကျင်းပသည်။ **(ဓာတ်ပုံ)**

ခေါင်းစဉ်အလိုက် ဆွေးနွေးကြရာတွင် သဘာပတိများအဖြစ် အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မာထွန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လတ်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မေစိုးတို့က အလှည့်ကျဆောင်ရွက်ကာ အမျိုးသမီးများအတွက် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ စွမ်းရည်မြှင့်တင်ရေးနှင့် ခေါင်းဆောင်မှုအတွက် လေ့ကျင့်ပေးနိုင်ရေးတို့ကို အသေးစိတ်ဆွေးနွေးကြသည်။

ထို့ပြင် အမျိုးသမီးများအတွက် အသေးစားချေးငွေလုပ်ငန်း၊ ကျွမ်းကျင်မှုသင်တန်း၊ ဝင်ငွေတိုးလုပ်ငန်းနှင့် အသေးစားအိမ်တွင်းမှု/လက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး၊ အကြမ်းဖက်မှုကာကွယ်စောင့်ရှောက်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ဥပဒေကြောင်းအရ ကူညီထောက်ပံ့ပေးရေး၊ ပဋိပက္ခဖြစ်ဒေသနှင့် သဘာဝဘေးသင့်ဒေသရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များအား ကာကွယ်ရေးဆိုင်ရာတို့ကိုလည်း ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## တရုတ်(တိုင်ပေ)သမ္မတမာရင်ကျိုး အငြင်းပွားကျွန်းသွားရောက်မည့်ကိစ္စ အမေရိကန်ဝေဖန်

**တိုင်ပေ ဇန်နဝါရီ ၂၇**

တရုတ်(တိုင်ပေ)သမ္မတ မာရင်ကျိုးအနေဖြင့် အငြင်းပွား တောင်တရုတ်ပင်လယ်အတွင်းရှိ အီတူအဘာကျွန်းသို့ သွားရောက်ရန် စီစဉ်နေခြင်းအပေါ် အမေရိကန်က ဝေဖန်ပြောဆိုလိုက်သည်။

မေလတွင် ရာထူးမှဆင်းပေးမည့် သမ္မတအနေဖြင့် အဆိုပါ ကျွန်းပေါ်တွင် နေထိုင်သော ဒေသခံများ၏ ဆန္ဒအရ ၎င်းကျွန်းသို့ ကြာသပတေးနေ့တွင် သွားရောက်ရန် စီစဉ်ထားကြောင်း မာရင်ကျိုး၏ရုံးက ကြေညာခဲ့သည်။

သို့သော်လည်း တစ်ရက်ကြာခရီးအဖြစ် သွားရောက်မည့် အဆိုပါခရီးစဉ်အပေါ် နိုင်ငံတကာနှင့် အမေရိကန်တို့က စိုးရိမ်လျက်ရှိသည်။ မိမိတို့အနေဖြင့် မာရင်ကျိုး အဆိုပါကျွန်းသို့သွားရောက်မည့် ခရီးစဉ်အတွက် စိတ်ပျက်မိကြောင်း၊ တရုတ်(တိုင်ပေ)ရှိ အမေရိကန် အင်စတီကျူမှ ပြောခွင့်ရအမျိုးသမီးဆိုနီယာအာဘွန်းက ရိုက်တာသို့ အီးမေးမှတစ်ဆင့် ပြောသည်။

ထိုအတောအတွင်း ပေကျင်းသို့ရောက်ရှိနေသော အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ဝါရှင်တန်နှင့်ပေကျင်းတို့အနေဖြင့် တောင်တရုတ်ပင်လယ်အရေး တင်းမာမှုအပေါ် နည်းလမ်းရှာဖွေရန် လိုအပ်နေကြောင်း ပြောကြားလိုက်သည်။ **(ရိုက်တာ)**



## ဘရာဇီးမှ ပြန်လာပြီးနောက် ဒိန်းမတ်အမျိုးသားတွင် ဇီကာပိုင်းရပ်ပိုးတွေ့ရှိ

**ကိုပင်ဟေဂင် ဇန်နဝါရီ ၂၇**

မက္ကဆီကိုနှင့် ဘရာဇီးသို့ခရီးထွက်ရာမှပြန်လာသော ဒိန်းမတ်အမျိုးသားတစ်ဦးတွင် ခြင်မှကူးစက်သော ဇီကာပိုင်းရပ်ပိုး စမ်းသပ်တွေ့ရှိရာ ကျန်းမာရေးအရာရှိများက မကြာမီပြန်လည်ကောင်းမွန်လာရန် မျှော်လင့်ကြောင်း ပြောခဲ့သည်။

ဒိန်းမတ်၏ဒုတိယအကြီးဆုံးမြို့တော်ရှိ ဆေးရုံတစ်ခု၌ အသက် ၂၀ အရွယ်ရှိ ၎င်းအမျိုးသားအား စမ်းသပ်ရာ ဖျားနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်းတို့ကို တွေ့ရှိခဲ့ကြောင်း ပါမောက္ခ လာအော်စတာဂတ်က ပြောခဲ့သည်။

ပါမောက္ခ အော်စတာဂတ်က ဒိန်းမတ်၌ အဆိုပါရောဂါပြန့်ပွားမှုကို မတွေ့ရှိသေးကြောင်း၊ ၎င်းလူနာမှာ ပြန်လည်ကောင်းမွန်လာပြီဖြစ်ပြီး မကြာမီ ဆေးရုံကဆင်းတော့မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနသို့ ပြောခဲ့သည်။

ဘရာဇီး၌ ခြင်မှပေါက်ပွားသော ဗိုင်းရပ်ပိုးများကြောင့် ထောင်ပေါင်းများစွာသော ကလေးငယ်များ၏ ဦးနှောက်ထိခိုက်မှုရှိနိုင်ကြောင်း သိရသည်။ ဇီကာပိုင်းရပ်အတွက် ကာကွယ်ဆေးနှင့် ကုသမှုပါမရှိသေးကြောင်း သိရသည်။ ယင်းဇီကာပိုင်းရပ်ပိုးသည် အအေးပိုင်းနိုင်ငံများတွင် စိုးရိမ်စရာမရှိပေ။ အကြောင်းမှာ ဗိုင်းရပ်များသယ်ဆောင်သော အေးဒိစ်ခြင်များ ပေါက်ပွားရန် အနွေးဓာတ်လုံလောက်မှုမရှိသောကြောင့် ဖြစ်သည်။ **(ရိုက်တာ)**

## ဗုံးရှိသည်ဟူသောခြိမ်းခြောက်မှုကြောင့် ကျောင်းသားများကို ဘေးလွတ်ရာသို့ပြောင်းရွှေ့ပေး

**လန်ဒန် ဇန်နဝါရီ ၂၇**

ဗုံးထောင်ထားသည်ဟူသော ခြိမ်းခြောက်မှုကြောင့် ဗြိတိန်နိုင်ငံတစ်ဝန်းရှိ ကျောင်း ၁၄ ကျောင်းမှ ကျောင်းသားထောင်ပေါင်းများစွာတို့ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း ဘီဘီစီက အင်္ဂါနေ့တွင် ပြောသည်။ ဗြိတိန်နိုင်ငံအနောက်အလယ်ပိုင်းဒေသရှိ ကျောင်းခြောက်ကျောင်းမှ ကျောင်းသားများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပြီးနောက် လန်ဒန်မှ ကျောင်းလေးကျောင်း၊ ကွန်းဝဲလ်ပြည်နယ်မှ ကျောင်းလေးကျောင်းတွင် အင်္ဂါနေ့ နံနက်က ဗုံးထောင်ထားသည်ဟု ခြိမ်းခြောက်သည့် ဖုန်းများလက်ခံရရှိခဲ့သည်။

အဆိုပါကိစ္စရပ်များသည် အကြမ်းဖက်သမားများနှင့်ဆက်စပ်မှုရှိ မရှိကိုမူ မသိရသေးပေ။ အဆိုပါသတင်းနှင့်စပ်လျဉ်း၍စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း အမျိုးသား ရဲဌာနချုပ်မှ ပြောခွင့်ရပုဂ္ဂိုလ်ကပြောသည်။ ယခုကဲ့သို့ ခြိမ်းခြောက်မှုများမှာ အမုန်းတရားကြောင့်ပြုလုပ်ခြင်း ဖြစ်နိုင်ကြောင်း လန်ဒန်ရှိ မက်ထရို ပိုလီတန်ရဲဌာနက ပြောသည်။ **(ဆင်ဟွာ)**

# အမေရိကန်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးများ ပေကျင်း၌တွေ့ဆုံ

**ပေကျင်း ဇန်နဝါရီ ၂၇**



တရုတ်နိုင်ငံခြားရေး ဝန်ကြီး ဝမ်ယိနှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီတို့သည် ဗုဒ္ဓဟူးနေ့နံနက်က ပေကျင်းမြို့၌ တွေ့ဆုံခဲ့သည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီး၏ ဖိတ်ခေါ်ချက်အရ မစ္စတာဂျွန်ကယ်ရီသည် အင်္ဂါနေ့က ပေကျင်းသို့ ရောက်ရှိခဲ့ပြီး နှစ်ရက်ကြာ နေထိုင်မည်ဖြစ်သည်။ မစ္စတာကယ်ရီသည် သံတမန်များနှင့် တွေ့ဆုံရန်စီစဉ်ထားပြီးနှစ်နိုင်ငံအကြား ကိစ္စရပ်များကို ဆွေးနွေးရန် ထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။

နှစ်နိုင်ငံအပြန်အလှန် ရင်းနှီးမှုကိုမြှင့်တင်ရန် ယခုလက်ရှိဖြစ်ပေါ်နေသော အရေးကိစ္စများနှင့်ပတ်သက်၍အမေရိကန်နှင့် ရင်းနှီးကျွမ်းဝင်စွာ အမြင်ချင်းဖလှယ်ရန် ဆန္ဒရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အမေရိကန်နှင့် တရုတ်တို့သည် အင်အားကြီးနိုင်ငံများဖြစ်ကြသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး လာရောက်လည်ပတ်မှုမှတစ်ဆင့် နှစ်နိုင်ငံကြားယုံကြည်မှုများကို မြှင့်တင်ပေးနိုင်ပြီး သံသယများဖယ်ရှားကာ ၂၀၁၆ ခုနှစ်တွင် နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် အခြေခံကောင်းများရရှိရန် မျှော်လင့်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

မစ္စတာကယ်ရီသည် တရုတ်နိုင်ငံသို့မလာရောက်မီ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ သွားရောက်ခဲ့သည်။ **(ဆင်ဟွာ)**

## တရုတ်နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်၌ နျူကလီးယားစွမ်းအင်မှတစ်ဆင့် ဓာတ်အား ၅၈ ဂီဂါဝပ်ထုတ်မည်

**ပေကျင်း ဇန်နဝါရီ ၂၇**

တရုတ်နိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ်က ဖူကူရှီးမား နျူကလီးယားဓာတ်အားပေး စက်ရုံမတော်တဆမှုကြောင့် နျူကလီးယားဓာတ်ပေါင်းဖိုသစ်တည်ဆောက်ရေး သဘောတူရန် နှေးကွေးနေသော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ဓာတ်အား ၅၈ ဂီဂါဝပ် ထုတ်လုပ်နိုင်မည့် နျူကလီးယားစွမ်းအင်အောင်မြင်စွာတပ်ဆင်ထုတ်လုပ်သွားရန် မျှော်မှန်းထားကြောင်း ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောသည်။

တရုတ်အစိုးရအနေဖြင့် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်အတွင်း နျူကလီးယား အဆောက်အအုံများ ဘေးကင်းလုံခြုံစွာဆောက်လုပ်ရေး အစီအမံများချမှတ်ဆောင်ရွက်နေကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများလည်းရှိကြောင်း တရုတ်အဏုမြူစွမ်းအင်အာဏာပိုင်အဖွဲ့ညွှန်ကြားရေးမှူး ဆူတာ့ကျဲက သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောသည်။

တရုတ်ပြည်မကြီးတွင် ၂၈ ဒသမ ၃၁ ဂီဂါဝပ်တပ်ဆင်ပြီးဖြစ်၍ နျူကလီးယားစွမ်းအင်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။ ဆောက်လုပ်ဆဲမှာ ၂၆ ဒသမ ၇၂ ဂီဂါဝပ်ထုတ်လွှတ်ပေးနိုင်မည်ဖြစ်သည်။ တရုတ်အစိုးရက ပြီးခဲ့သည့်နှစ်က နျူကလီးယားဓာတ်အားပေးစက်ရုံရှစ်ခုတည်ဆောက်ပေးရန် သဘောတူခဲ့သည်။ လက်ရှိဆောက်လုပ်ဆဲလုပ်ငန်းများပြီးစီးပါက ၂၀၂၀ ပြည့်နှစ်တွင် နျူကလီးယားဓာတ်အားထုတ်လုပ်မှုမှာ ၅၈ ဂီဂါဝပ်အထိရှိလာနိုင်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံ၌ နျူကလီးယားယူနစ်ပေါင်း ၃၄ ယူနစ်ရှိပြီး ဆောက်လုပ်ဆဲ ရှစ်ခုရှိသည်။ **(ဆင်ဟွာ)**

# ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲ ကုလသမဂ္ဂဖိတ်ခေါ်

**ဂျီနီဗာ ဇန်နဝါရီ ၂၇**

ကုလသမဂ္ဂက ဆီးရီးယားအစိုးရနှင့်အတိုက်အခံများအား သောကြာနေ့တွင် ဂျီနီဗာ၌ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်လိုက်သည်။

သို့သော်လည်း ဆော်ဒီကျောထောက်နောက်ခံ ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်၏ပြိုင်ဘက်များက အဆိုပါအစည်းအဝေး တက်ရောက်ရန် ဆုံးဖြတ်ချက် မချရသေးဟု ဆိုသည်။



ဆီးရီးယားဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် စတာဖန်းဒီမစ်စတူရာက အင်္ဂါနေ့က ရွှေ့ဆိုင်းထားသော ဆွေးနွေးပွဲအတွက် ဖိတ်ခေါ်စာများ ပေးပို့ထားသည်။ သို့သော်လည်း ၎င်းက မည်သူများအား ဖိတ်ခေါ်သည်၊ မည်သည့်အဖွဲ့အစည်းများ ပါဝင်မည်ကို ပြောကြားခြင်းမရှိပေ။

စောစောပိုင်းတွင် အတိုက်အခံများက ပဋိပက္ခဖြေရှင်းရေး အီရန်နှင့် ရုရှားတို့၏ အကြံပေးမှုအပေါ် လက်မခံနိုင်ကြ၍ ဂျီနီဗာသို့ သွားရောက်ရန် သံသယဖြစ်နေကြသည်ဟုဆိုသည်။

ဂျီနီဗာဆွေးနွေးပွဲသည် ပထမဆုံးအပစ်အခတ်ရပ်စဲရန်ဖြစ်ပြီး ယင်းနောက်တွင် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဒီမစ်စတူရာက ပြောသည်။

ယင်းဆွေးနွေးပွဲသည် ခြောက်လခန့်ကြာလိမ့်မည်ဟု ခန့်မှန်းထားသည်။ **(ရိုက်တာ)**

# မြတ်ဗုဒ္ဓ၏အရိုးဓာတ်တော် ရွှေတိဂုံစေတီတော်ရင်ပြင် ချမ်းသာကြီးတန်ဆောင်း၌ ယာယီကိန်းဝပ်စံပယ်တော်မူ

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်အောင်မြေအနီးရှိ ချမ်းသာကြီး တန်ဆောင်း ယာယီစံကျောင်း ပလ္လင်တော်၌ နှစ်ညတာ ကိန်းဝပ်စံပယ်တော်မူမည့် ဗုဒ္ဓမြတ်ဘုရားရှင်၏ အရိုးဓာတ်တော်အား ဖူးမြော်ကြည်ညိုပြီး ဆီမီး၊ ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**





အဆိုပါ မြတ်စွာဘုရားရှင်၏ အရိုးဓာတ်တော်သည် ချမ်းသာကြီး တန်ဆောင်း ယာယီစံကျောင်း ပလ္လင်တော်၌ နှစ်ညတာ ကိန်းဝပ်စံပယ်တော်မူမည်ဖြစ်ပြီး ဇန်နဝါရီ ၂၉ ရက် မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံ ဟိမဝန္တာသို့ ပြန်လည်ကြွချီတော်မူမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ၁၁၉ မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးအတွက် စာချုပ်လက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၂၇

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းသည် မြန်မာနိုင်ငံ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်၏အစီအစဉ် IDA ချေးငွေကိုအသုံးပြု၍ မွန်ပြည်နယ် သထုံမြို့၌တည်ဆောက်မည့် ၁၁၉ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံစီမံကိန်းအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသော China Energy Engineering Group (CEEC) နှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးအတွက် စာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် ညနေ ၆ နာရီခွဲက နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။**

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ကမ္ဘာ့ဘဏ်မှ Country Manager Mr. Abdoulaye Seck၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံရုံးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်စိုးနှင့် ဦးဇေယျာအောင်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ China Energy Engineering Group (CEEC) မှ Vice President Mr.REN SHENGCHUN နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆက်လက်၍ CEEC မှ Mr. REN SHENGCHUN က စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။




ထို့နောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လွင်နှင့် Mr. REN SHENGCHUN တို့က သထုံသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်းအတွက် ချုပ်ဆိုသည့်စာချုပ်များကို လက်မှတ်ရေးထိုးကြပြီး **(အပေါ်ပုံ)** အပြန်အလှန် လဲလှယ်ကြသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား News Channel အစီအစဉ်

၂၈-၁-၂၀၁၆ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော် |
| ၇း၃၅ | - | အနုပညာသတင်းအစီအစဉ် |
| ၈း၃၅ | - | မြန်မာ့ရုပ်မြင်သံကြားပညာရေးအစီအစဉ် |
| ၉း၃၅ | - | လှပစုံလင်အာဆီယံတစ်ခွင် |
| ၉း၄၅ | - | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၉း၅၀ | - | " နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုလွှတ်တော်၌ ပြောကြားသည့်မိန့်ခွန်း တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်" |
| ၁၀း၃၅ | - | အလုပ်အကိုင်အခွင့်အလမ်းအစီအစဉ် |
| ၁၁း၃၅ | - | သိပ္ပံနှင့် နည်းပညာအစီအစဉ် |
| ၁၂း၅၀ | - | လူမှန်နေရာမှန် |
| ၁၃း၁၀ | - | နိုင်ငံခြားဇာတ်လမ်းတွဲ **တောင်းတဲ့ဆု** (အပိုင်း-၇၇) |
| ၁၄း၀၀ | - | နိုင်ငံခြားဇာတ်လမ်းတွဲ **မြစိမ်းရောင်သံစဉ်** (အပိုင်း-၁) |
| ၁၄း၃၀ | - | သူခုမရင်ခွင်အငြိမ့်သဘင် **တော်ဝင်စတားအငြိမ့်** |

**ညပိုင်း**

| | | |
|---|---|---|
| ၁၅း၃၅ | - | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ **သားယောက္ခထီး** |
| ၁၆း၃၅ | - | Football မဂ္ဂဇင်း |
| ၁၇း၁၅ | - | Weekly Sports Info |
| ၁၇း၃၅ | - | ပြည်သူတို့ရဲ့စကားသံများ |
| ၁၈း၃၅ | - | မျက်မှောက်ရေးရာအဖြာဖြာ |
| ၁၉း၁၅ | - | နိုင်ငံခြားဇာတ်လမ်းတွဲ **မြစိမ်းရောင်သံစဉ်** (အပိုင်း-၂) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁း၀၀ | - | ပြည်တွင်းသတင်း |
| | - | နိုင်ငံခြားဇာတ်လမ်းတွဲ **တောင်းတဲ့ဆု** (အပိုင်း-၇၈) |
| | - | ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင် |
| | - | မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၃) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# အရှေ့တောင်အာရှဒေသဆိုင်ရာ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ လုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၇**

အရှေ့တောင်အာရှဒေသဆိုင်ရာ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ လုပ်ငန်းအဖွဲ့ အစည်းအဝေးကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၌ ယနေ့နံနက်ပိုင်းက စတင်ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက အမှာစကားပြောကြားသည်။ အစည်းအဝေးတွင် အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် (Komnas HAM) က SEANF အမြဲတမ်းအတွင်းဝန်ရုံးနှင့် စပ်လျဉ်းသည့် နောက်ဆုံးအခြေအနေများနှင့် SEANF ၏ ၂၀၁၇-၂၀၂၂ မဟာဗျူဟာစီမံကိန်း မူကြမ်းရေးဆွဲခြင်းနှင့် ပတ်သက်သည့် ကနဦးရေးဆွဲမှုများကို ဆွေးနွေးတင်ပြရာ တင်ပြချက်များအပေါ် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်များက ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ အကောင်အထည်ဖော်မှုတွင် SEANF အခန်းကဏ္ဍနှင့် သက်ရွယ်ကြီးသူများ အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးကြသည်။ ညပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်လာသော ကိုယ်စားလှယ်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အရှေ့တောင်အာရှဒေသဆိုင်ရာ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဇန်နဝါရီ ၂၈ ရက်တွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ရွေ့လျားဆေးကုသရေးယာဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၇**



အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့နှင့် သုခမင်္ဂလာ Medical and Diagnostic Center တို့ အကျိုးတူပူးပေါင်း၍ နိုင်ငံတစ်ဝန်းရှိ လူမှုဖူလုံရေးအာမခံထားရှိသူ ဝန်ထမ်းလုပ်သားများအား ရွေ့လျားဆေးကုသရေးယာဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။

"ကျွန်မတို့က လူမှုဖူလုံရေး ထည့်ဝင်ကြေးပေးသွင်းပြီး အာမခံထားတဲ့ အလုပ်သမားတွေ၊ ဝန်ထမ်းတွေအားလုံးကို ဌာနအရောက် ဆေးကုသမှုတွေ ပေးနေတာပါ။ လုပ်ငန်းခွင်မပျက် ဆေးကုသမှုခံယူနိုင်အောင်လို့ပါ။ တချို့က အလုပ်တွေမအားလပ်တဲ့အတွက် ဆေးကုသမှုမခံယူနိုင်ဘူးလေ။ အခုလို ရွေ့လျားဆေးကုသရေးယာဉ်နဲ့ လာရောက်ကုသပေးတော့ အားလုံးအဆင်ပြေပါတယ်။ ဆေးကုသမှုခံယူလို့ရတယ်။ ဆေးစစ်ဆေးမှုခံယူလို့ရတယ်။ လူမှုဖူလုံရေးအဖွဲ့ဝင်ရခြင်းရဲ့ အကျိုးခံစားခွင့်တွေ ဘယ်လိုရှိတယ်ဆိုတာတွေ၊ ဆေးဖိုးတွေ ဘယ်လိုပြန်အမ်းပေးနေတယ်ဆိုတာတွေကို သိစေချင်တဲ့ ရည်ရွယ်ချက်တွေနဲ့ အခုလို ကွင်းဆင်းဆေးကုသမှုတွေ ဆောင်ရွက်ပေးနေတာပါ" ဟု နေပြည်တော်လူမှုဖူလုံရေးရုံးခွဲမှ ဦးစီးအရာရှိ ဒေါ်လွင်လွင်ခိုင်က ပြောသည်။

"ကျန်းမာရေးနဲ့ လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်အတွက်ရယ်၊ အလုပ်ခွင်ထိခိုက်မှုအတွက်ရယ် လစာအပေါ်ကနေ ငါးရာခိုင်နှုန်းပေးသွင်းရပါတယ်။ အဲဒီ ငါးရာခိုင်နှုန်းဆိုတဲ့နေရာမှာ အလုပ်ရှင်က သုံးရာခိုင်နှုန်းပေးသွင်းရပြီး အလုပ်သမားက နှစ်ရာခိုင်နှုန်းပေးသွင်းရတာဖြစ်ပါတယ်။ ဒီလို ထည့်ဝင်ကြေးကို မိမိဆန္ဒအလျောက်ပေးသွင်းတဲ့ ပြည်သူတွေလည်း ရှိပါတယ်။ ဘယ်နေရာမှာပဲ ထည့်ဝင်ကြေး ထည့်ဝင်ထည့်ဝင် သက်ဆိုင်ရာမြို့နယ် လူမှုဖူလုံရေးဆေးခန်းတွေအပြင် အခုလို ရွေ့လျားဆေးကုသရေးယာဉ် ရောက်ရှိတဲ့အခါတိုင်းမှာလည်း ဆေးကုသမှုခံယူလို့ရပါတယ်။ နေပြည်တော်မှာ ၂၀၁၄ ခုနှစ် ဩဂုတ်လက ပထမအကြိမ် ကုသပေးခဲ့ပြီးပါပြီ။ အခု ဒုတိယအကြိမ်အဖြစ် ဝန်ကြီးဌာနတွေနဲ့ ဟိုတယ်ဇုန်တွေဘက်ကို ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးသွားမှာပါ။ နောက်ထပ်တောင်းဆိုတဲ့ ဌာနတွေရှိရင်လည်း ထပ်မံသွားရောက်ကုသပေးမယ့်အစီအစဉ်တွေ ရှိပါသေးတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ရွေ့လျားဆေးကုသရေးယာဉ်၌ နှလုံးရောဂါကို ECG စက်ဖြင့် စမ်းသပ်စစ်ဆေးနိုင်သည့်အပြင် ကူးစက်ရောဂါများကိုလည်း စမ်းသပ်စစ်ဆေးနိုင်ကြောင်း သိရသည်။

"လူမှုဖူလုံရေး ထည့်ဝင်ထားတဲ့ အာမခံလုပ်သားတွေကို ဆေးကုသပေးတယ်ဆိုတဲ့နေရာမှာ နေမကောင်းတဲ့သူတွေအပြင် ဆေးစစ်ဆေးမှုခံယူလိုသူတွေကိုလည်း ဆေးစစ်ဆေးမှု (Medical Check Up) တွေ ဆောင်ရွက်ပေးပါတယ်။ ဆေးကုသတဲ့အခါ ပထမဦးစားပေးအနေနဲ့ ဖျားနာနေသူတွေ၊ အသက်အရွယ်ကြီးရင့်သူတွေနဲ့ နာတာရှည်ရောဂါခံစားနေရသူတွေကို ကုသပေးပါတယ်။ ယာဉ်ပေါ်မှာ အသည်းရောဂါ၊ ကျောက်ကပ်ရောဂါ၊ အဆစ်အမျက်ကိုက်ခဲတာတွေ၊ အဆီနဲ့ ပတ်သက်တဲ့ရောဂါတွေ၊ သွေးလေးဖက်နာ၊ ပိုးလေးဖက်နာတွေ၊ ဘီပိုး၊ စီပိုး စစ်ဆေးမှုတွေကို လူနာရဲ့ဆန္ဒနဲ့ လူနာရဲ့ ရောဂါဝေဒနာခံစားရတဲ့အပေါ်မူတည်ပြီး စစ်ဆေးကုသပေးနေပါတယ်" ဟု အဆိုပါ ရွေ့လျားဆေးကုသရေးအဖွဲ့၏ မန်နေဂျာ ဦးဖြိုးစည်သူက ပြောသည်။

"ဒီဆေးကုသရေး ယာဉ်ဆီကို ဆေးကုသမှုခံယူမယ့် လူနာရောက်ပြီဆိုတာနဲ့ လူမှုဖူလုံရေးစမတ်ကတ်နံပါတ်တွေယူပါတယ်။ နောက်ပဏာမဆေးစစ်ဆေးမှု ခံယူရပါမယ်။ နောက်ပြီးမှ တာဝန်ခံဆရာဝန်ရဲ့ မှတ်ချက်နဲ့ ကုသမှုတွေဆောင်ရွက်ပါတယ်။ အခု ဒီကုသရေးယာဉ်မှာ နေပြည်တော်လူမှုဖူလုံရေး ဆေးခန်းက တာဝန်ခံဆရာဝန်တစ်ဦး၊ အထက်တန်းသူနာပြုတစ်ဦး၊ လူမှုဖူလုံရေးဌာနက ဦးစီးအရာရှိတစ်ဦး၊ ဒုတိယဦးစီးမှူးတစ်ဦးနဲ့ စာရေးဝန်ထမ်းတစ်ဦး၊ သုခမင်္ဂလာ Medical and Diagnostic Center က ခေတ်ခဲ့ ကျွမ်းကျင်သူတွေအပါအဝင် ၁၂ ဦး ပါဝင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ရွေ့လျားဆေးကုသရေးယာဉ်သည် လူမှုဖူလုံရေးအဖွဲ့နှင့် သုခမင်္ဂလာ Medical and Diagnostic Center တို့ အကျိုးတူပူးပေါင်း၍ စာချုပ်ချုပ်ဆို ဆောင်ရွက်ခြင်းဖြစ်ပြီး စာချုပ်သက်တမ်းကာလအတွင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ အစီအစဉ်များအတိုင်း ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။

"လူမှုဖူလုံရေး အာမခံလုပ်သားတွေရှိတဲ့ နိုင်ငံတစ်ဝန်းက ဒေသတွေကို ဒီရွေ့လျားဆေးကုသရေးယာဉ်နဲ့ လှည့်လည်ဆေးကုသမယ်ဆိုတဲ့ လုပ်ရှားမှုကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီကတည်းက ကျွန်တော်တို့ကုမ္ပဏီနဲ့ လူမှုဖူလုံရေးအဖွဲ့တို့ ပူးပေါင်းစတင်ခဲ့တာပါ။ လူမှုဖူလုံရေးရုံးစိုက်တဲ့ ဒေသအနှံ့ သွားရောက်ကုသပေးနေပါတယ်။ ပထမဦးစားပေးကတော့ ကျွန်တော်တို့ ဆေးကုသရေးယာဉ်သွားရတာလွယ်ကူတဲ့နေရာနဲ့ စက်ရုံ၊ အလုပ်ရုံတွေရှိတဲ့ နေရာဒေသတွေဖြစ်ပါတယ်။ ဒုတိယဦးစားပေးကတော့ ဆေးကုသမှုမရှိသေးတဲ့ နေရာဒေသတွေဖြစ်ပါတယ်။ အခု နေပြည်တော်မှာရှိတဲ့ ဝန်ကြီးဌာနတွေ၊ ဟိုတယ်ဇုန်တွေပြီးရင် မန္တလေး၊ ကလေး၊ ကသာ၊ ကောလင်း၊ မြစ်ကြီးနားစတဲ့ မြန်မာနိုင်ငံ အထက်ပိုင်းဒေသတွေကို လှည့်လည်ကုသဖို့ စီစဉ်ထားပါတယ်။ နိုင်ငံတစ်ဝန်းက လူမှုဖူလုံရေးရုံးစိုက်တဲ့နေရာဒေသတွေ အကုန်လုံးပါတယ်" ဟု အဆိုပါမန်နေဂျာက ဆက်လက်ရှင်းပြသည်။

"အခုလို ရွေ့လျားဆေးကုသယာဉ်လာတော့ ကျွန်တော် ဆေးစစ်ဆေးမှုတွေ အလွယ်တကူ ဆောင်ရွက်နိုင်ခဲ့တယ်။ ကုသရေးယာဉ်ပေါ်မှာ ECG ဆွဲတာတို့၊ ဆီးချို၊ သွေးချို စစ်ဆေးတာတို့ လုပ်ခဲ့တယ်။ ချက်ချင်းပဲ ကျန်းမာတယ်ဆိုတဲ့ အဖြေကိုသိရတယ်။ အထူးတလည် အချိန်ပေးပြီး ဆေးခန်းသွားစရာမလိုတော့ပါဘူး။ လူမှုဖူလုံရေးအဖွဲ့ကို မဝင်ရောက်ကြရသေးသူတွေအနေနဲ့ ဝင်ရောက်ဖို့အကြံပြုချင်ပါတယ်" ဟု ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစန်းနွယ်က ပြောသည်။

**မင်းမင်းဇော်(ကလေး)**

# တီဘီရောဂါ ပညာပေးနှိုးဆော်ချက်

ယနေ့ကမ္ဘာပေါ်တွင် တီဘီရောဂါသည် တစ်နှစ်လျှင် လူဦးရေကိုးသန်းခန့်ဖြစ်ပွားနေပြီး ၁ ဒသမ ၅ သန်းခန့် သေဆုံးနေပါသည်။ စက္ကန့် ၂၀ လျှင် တစ်ဦးနှုန်းဖြင့် သေဆုံးလျက်ရှိပါသည်။ တီဘီရောဂါရှိသူ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ သလိပ်၊ တံတွေးမှတစ်ဆင့် ရောဂါများလေထဲတွင်ပျံ့နှံ့ပြီး ရှူမိသူများအား ကူးစက်နိုင်သည်။ အသက်အရွယ်မရွေး လူတိုင်းတွင် ဖြစ်ပွားနိုင်သည်။ အဆုတ်တွင် အများဆုံးဖြစ်ပွားပြီး ကိုယ်ခန္ဓာအနှံ့အပြားတွင်လည်း ဖြစ်ပွားနိုင်သည်။ ဆီးချိုရောဂါ၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် အာဟာရချို့တဲ့သူများတွင် အဖြစ်များသည်။

တီဘီရောဂါလက္ခဏာများမှာ နှစ်ပတ်ကျော် ချောင်းဆိုးခြင်း၊ ချောင်းဆိုးလျှင်သွေးပါခြင်း၊ သလိပ်ပါခြင်း၊ အစားအသောက်ပျက်ခြင်း၊ တဖြည်းဖြည်းပိန်လာခြင်း၊ ဖျားပြီး ညအခါ ချွေးအလွန်ထွက်ခြင်းနှင့် ရင်ဘတ်အောင့်ခြင်းတို့ ဖြစ်ပါသည်။

တီဘီရောဂါသည် မိသားစု၏ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများကို ထိခိုက်နိုင်သဖြင့် အောက်ပါအတိုင်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၁။ မိမိကိုယ်တိုင် နှစ်ပတ်ကျော်ချောင်းဆိုးနေပါက နီးစပ်ရာကျန်းမာရေးဌာန၊ ပြည်သူ့ဆေးရုံ၊ ဆေးပေးခန်းများတွင် သလိပ်စစ်ဆေးပါ။

၂။ မိမိပတ်ဝန်းကျင်မှ ချောင်းဆိုးနေသူများကိုလည်း သလိပ်စစ်ဆေးဖြစ်အောင် စည်းရုံးတိုက်တွန်းကူညီဆောင်ရွက်ပေးကြပါ။

၃။ တီဘီရောဂါဖြစ်လျှင် ကြောက်စရာမလိုပါ။ ဆေးကုသမှုကာလပြီးဆုံးသည်အထိ နေ့စဉ်မှန်မှန် စနစ်တကျဆေးသောက်ပါက အမှန်တကယ်ရောဂါပျောက်ကင်းမည်ဖြစ်ပါသည်။

၄။ ကျန်းမာရေးဌာနတိုင်းတွင် သလိပ်စစ်ဆေးနိုင်ပြီး တီဘီရောဂါပျောက်ကင်းသည်အထိ အခမဲ့ ကုသပေးလျက်ရှိပါသည်။

၅။ တီဘီရောဂါကာကွယ်ရန် ရင်သွေးငယ်များအား ဘီစီဂျီကာကွယ်ဆေးကို မပျက်မကွက်ထိုးပေးပါ။ အာဟာရပြည့်ဝသောအစားအစာများကို စားသုံးပါ။ သင့်တင့်လျောက်ပတ်သော ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ။ ချောင်းဆိုး၊ နှာချေလျှင် နှာခေါင်းနှင့်ပါးစပ်ကို လုံအောင်ပိတ်ပါ။ သလိပ်နှင့် တံတွေးကိုစည်းကမ်းမဲ့ထွေးခြင်းမှ ရှောင်ကြဉ်ပါ။ အရက်၊ ဆေးလိပ်သောက်ခြင်း(လုံး၀) ရှောင်ကြဉ်ပါ။

၆။ တီဘီရောဂါဖြစ်ပွားသူများ ကုသမှုကာလပြီးဆုံးသည်အထိ ဆေးကုသမှုခံယူနိုင်ရန်အတွက် ပြည်သူလူထုမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကျန်းမာခြင်းသည် လာဘ်တစ်ပါး

● ***ရှေ့ဖုံးမှ***

ကုက္ကိုင်းခုံးကျော် တံတားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှု၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားတည်ဆောက်ရေးအတွက် ဂျပန်နိုင်ငံ JFE Engineering Coporation မှ ဒီဇိုင်းထုတ်လုပ်ရေးဆွဲခြင်းဖြစ်ကြောင်း သိရသည်။

တံတားတည်ဆောက်ရေးကာလအတွင်း ကမ္ဘာအေးဘုရားလမ်းယာဉ်ကြောကို လုပ်ငန်းပိုင်းအလိုက် အကာအရံများဖြင့် ဆောင်ရွက်ခဲ့ရသည်။ ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ အပိုင်းလိုက်ပြီးစီးသွားပြီဖြစ်၍ မူလလမ်းကြောကို ဇန်နဝါရီ ၁၆ ရက်မှ စတင်၍ ဖြတ်သန်းမောင်းနှင်ခွင့်ပြုလိုက်ပြီဖြစ်သည်။

တံတားအမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်ပြီး အောက်ခြေဖောင်ဒေးရှင်းမှာ သံကူကွန်ကရစ်၊ လွန်တူးဘိုးပိုင်ဖြစ်သည်။ ပင်မတံတားအရှည်မှာမီတာ ၃၅၀ ရှိပြီး ချဉ်းကပ်တံတားနှစ်ဖက်အရှည်မှာ ၁၄၃ မီတာဖြစ်၍ စုစုပေါင်းမီတာ ၄၉၃ မီတာ(ပေအရှည်အားဖြင့် ၁၆၁၇ ပေရှိသည်) တံတားအကျယ်မှာ ၁၂ ဒသမ ၈၉ မီတာရှိပြီး လေးလမ်းသွားဖြစ်သည်။ မြေပြင်ကင်းလွတ်အမြင့်မှာ ၄ ဒသမ ၉ မီတာရှိကြောင်း သိရသည်။

တံတားကြီး ဖွင့်လှစ်ပြီးပါက တံတားအပေါ်မှ အသွားအပြန်ယာဉ်ကြောလေးလမ်းနှင့် တံတားအောက်မှ အသွားအပြန်ယာဉ်ကြောနှစ်လမ်း စုစုပေါင်းယာဉ်သွားလမ်း ခြောက်လမ်းရှိလာမည်ဖြစ်၍ မော်တော်ယာဉ်များသွားလာမှုမှာ ယခင်ထက် ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။

# မကွေးတက္ကသိုလ် ခြေလျင်တောင်တက်အသင်း လမ်းလျှောက်စစ်ဆေးခြင်းဆောင်ရွက်

**မကွေး ဇန်နဝါရီ ၂၇**

မကွေးတက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်း၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပထမအကြိမ်နှင့် ဒုတိယအကြိမ် လမ်းလျှောက်စစ်ဆေးခြင်းများကို ဇန်နဝါရီ ၉ ရက်နှင့် ၁၆ ရက်တို့တွင်ပြုလုပ်ခဲ့ပြီး လမ်းလျှောက်စစ်ဆေးရာတွင် ကျောင်းသား ကျောင်းသူ ၅၀၀ ကျော်နှင့် ဆရာ ဆရာမ ၄၅ ဦး လိုက်ပါကြီးကြပ်ဆောင်ရွက်ခဲ့ကြရာ တတိယအကြိမ် လမ်းလျှောက်စစ်ဆေးခြင်းကို ဇန်နဝါရီ ၂၃ ရက် နံနက် ၅ နာရီက မကွေးတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဒေါက်တာဝင်းစိုး၊ မကွေးတက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်းဥက္ကဋ္ဌ ဒေါက်တာခင်စန်းနှင့် ဘာသာရပ်ဆိုင်ရာပါမောက္ခများဦးဆောင်ကာ မကွေးတက္ကသိုလ်ခြေလျင်တောင်တက် ပါဝင်ဆောင်ရွက်မည့် ကျောင်းသား ကျောင်းသူများ ဘက်စုံခန်းမရှေ့မှ စတင်၍ မကွေး-တောင်တွင်း ကားလမ်းကြီးမှတစ်ဆင့် သင်ကြားရေးဆေးရုံလမ်းတစ်လျှောက် ဆက်လက်၍ နတ်မောက်လမ်း၊ မြို့ပတ်လမ်းနှင့် တောင်တွင်းလမ်းများမှတစ်ဆင့် မကွေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမရှေ့သို့ နံနက် ၈ နာရီတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းလျှောက်စစ်ဆေးခြင်းကို သုံးကြိမ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၃၀ ရက်တွင် မကွေးမှ ကျောက်ပန်းတောင်းမြို့သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ပြီး ထိုမှတစ်ဆင့် ပုပ္ပားတောင်မကြီးသို့ ခြေလျင်တောင်တက်ခရီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်အဆုံးအဖြတ်ရယူအတည်ပြု

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပရာ **ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ** အပါအဝင် **အစီရင်ခံစာသုံးခု** ဆွေးနွေးအတည်ပြုခြင်းနှင့် **ဥပဒေကြမ်းနှစ်ခု** ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။ **(ယာပုံ)**



အစီအစဉ်အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော **၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါနိုင်ငံတော်၏ အရအသုံး စာရင်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၄/၂၀၁၆)** နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးတို့က ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စု လွှတ်တော်နာယက က **ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၄/၂၀၁၆)** ကို အတည်ပြုကြောင်း ကြေညာသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်**က ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာအပေါ် ပြည်ထောင်စု လွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များကို ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် အလေးထား၍ပြန်လည်စိစစ်သုံးသပ် ဆွေးနွေးခြင်း၊ လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိချက်များကို အခြေခံ၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်များနှင့် သဘောထားမှတ်ချက်များသည် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုအတွက် အထောက်အကူဖြစ်စေသည့်အပြင် အားသာချက်၊ အားနည်းချက်များကိုလည်း သိရှိရသည့်အတွက် အချိန်မီပြုပြင်ဆောင်ရွက်သင့်သည်များကို ပြုပြင်ဆောင်ရွက်နိုင်ခြင်း လိုအပ်သည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ချမှတ်နိုင်ခြင်း၊ လိုအပ်သောညွှန်ကြားချက်များ ထုတ်ပြန်နိုင်ခြင်း စသည်တို့ကို လုပ်ဆောင်နိုင်ပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများမှ ဘတ်ဂျက်ကို အကောင်အထည်ဖော်ရာတွင် ပြည်သူ့ဘဏ္ဍာငွေများကို အလေအလွင့်၊ အယိုအဖိတ်နည်းပါးစွာဖြင့် အကောင်အထည်ဖော်နိုင်စေရန် ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များကို အလေးထား၍ ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်**က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အကုန်အထိ ကျန်ရှိသည့် ကာလများတွင် မြေပြင်ကွင်းဆင်း စိစစ်ချက်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများကို စာရင်းစစ်ချုပ်ရုံးက စစ်ဆေးလျက်ရှိပါကြောင်း၊ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် စီမံကိန်းလုပ်ငန်းများကို ပြည်ထောင်စု ဘတ်ဂျက်၊ တိုင်းဒေသကြီး ဘတ်ဂျက်နှင့် အခြားလုပ်ငန်းများဟူ၍ ခွဲခြားပြီး ၁၀၀ ရာခိုင်နှုန်းပြီးစီးမှု၊ ၅၀ ရာခိုင်နှုန်းနှင့်အထက်ပြီးစီးမှု၊ ၅၀ ရာခိုင်နှုန်းအောက်ပြီးစီးမှုများကို စနစ်တကျ စာရင်းကောက် စစ်ဆေးကြီးကြပ်လျက်ရှိပြီး စီမံကိန်းပြီးစီးမှုနှင့် ငွေကြေးသုံးစွဲမှု ဘက်မျှစေရေးနှင့် လုပ်ငန်းလက်ကျန်နည်းပါးရေး၊ အချိန်မီပြီးစီးရေး၊ အရည်အသွေး မြင့်မားစေရေးတို့ကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး**က ဘတ်ဂျက်လိုငွေ ဖြည့်ဆည်းခြင်းအတွက် ကုန်ကျသည့် အတိုးစရိတ်ငွေအမှန်ကို သိရှိမှသာ အသုံးစရိတ်သုံးစွဲမှုကို ဖောင်းပွခြင်းမရှိစေရန် ဆင်ခြင်နိုင်မည်ဖြစ်ပါကြောင်း၊ ဘတ်ဂျက်လိုငွေကို ငွေတိုက်စာချုပ်နှင့် ငွေတိုက်လက်မှတ် (Treasury bill) များဖြင့် ဖြည့်ဆည်းခြင်းတွင်မည်သည့်အချိုးဖြင့် ဖြည့်ဆည်းမည်ဆိုသည်ကို လျာထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ငွေတိုက်လက်မှတ်များဖြင့် ဖြည့်ဆည်းခြင်းအပိုင်းတွင်လည်း Treasury bill auction ဈေးကွက်ကို ဈေးကွက် အတိုးနှုန်းပေး၍ ယခုထက်ပိုပြီး တိုးတက်ဖွံ့ဖြိုးအောင်ဆောင်ရွက်ကာ ဗဟိုဘဏ်၏ ငွေတိုက်လက်မှတ်များ ဝယ်ယူဖြည့်ဆည်းခြင်းအပိုင်းကို လျှော့ချသွားမှသာ ငွေကြေးမူဝါဒကို ပီပြင်စွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘဏ္ဍာရေးမူဝါဒနှင့် ငွေကြေးမူဝါဒတို့ကို မှန်ကန်စွာ ယှဉ်တွဲအကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အကြံပြုချက်အတိုင်း ဗဟိုဘဏ်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းက တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ဆက်လက်၍ **၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အတည်ပြုပြီးသည့် အမှန်စာရင်း (Actual)များနှင့်စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ (၅/၂၀၁၆)**နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စု လွှတ်တော်နာယက က **ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၅/၂၀၁၆)** ကို အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **ပထမအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ နှင့်စပ်လျဉ်း၍ သုံးသပ်အကြံပြုချက် အစီရင်ခံစာ**ကို ပူးပေါင်းကော်မတီတွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးနှင့် အတွင်းရေးမှူး စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်းက ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် **ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသည့် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ပူးပေါင်းကော်မတီတွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဒေါက်တာမြတ်ဉာဏစိုးက ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော် နာယကက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၀ ရက်မြောက်နေ့ကို ဇန်နဝါရီ ၂၈ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းအတွင်း ဆောင်ရွက်ခဲ့မှု သုံးသပ်အကြံပြုချက်များနှင့် အစီရင်ခံစာများ လွှတ်တော်သို့တင်ပြ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ပြည်သူ့လွှတ်တော်ကော်မတီများနှင့် ကော်မရှင်တို့က ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းအတွင်း ဆောင်ရွက်ခဲ့မှု သုံးသပ်အကြံပြုချက်များနှင့် အစီရင်ခံစာများကို လွှတ်တော်သို့ တင်ပြကြသည်။



**ကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်း**



**ကော်မတီဝင် ဦးတင်မောင်**

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီတို့၏ ပထမအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းကာလအတွင်း ဆောင်ရွက်ခဲ့မှု သုံးသပ်အကြံပြုချက် အစီရင်ခံစာများကို ကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းနှင့် ကော်မတီဝင် ဦးညီညီမြင့်တို့က လွှတ်တော်သို့ ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၊ ပြည်သူ့ လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့၏ ပထမအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းကာလအတွင်း ဆောင်ရွက်ခဲ့မှု သုံးသပ်အကြံပြုချက် အစီရင်ခံစာများကို ကော်မတီဝင်များနှင့် ကော်မရှင် ဒုတိယဥက္ကဋ္ဌတို့က လွှတ်တော်သို့ ဖတ်ကြားတင်ပြကြသည်။

ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ၏ ပထမအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း ဆောင်ရွက်ခဲ့မှုသုံးသပ်အကြံပြုချက် အစီရင်ခံစာကို ကော်မတီဝင် ဦးတင်မောင်က တင်ပြရာတွင် တစ်နှစ်အတွင်း လွှတ်တော် အစည်းအဝေးကျင်းပသည့် ကာလကို အများဆုံး ခြောက်လအထိသာ သတ်မှတ်သင့်ကြောင်း၊ လွှတ်တော် အစည်းအဝေးများ ကျင်းပသည့် လွှတ်တော်ပြက္ခဒိန် (Calendar)ကို တစ်နှစ်အတွက် ကြိုတင်သတ်မှတ်ရေးဆွဲ ထုတ်ပြန်သင့်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အတွင်း လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ပါတီစုံဒီမိုကရေစီကျင့်စဉ်နှင့် လျော်ညီစွာ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ဒေသစွဲများမထားရှိဘဲ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး ရှေးရှုပြီး တပ်မတော်သားကိုယ်စားလှယ်များနှင့်အတူပူးပေါင်း၍ ပွင့်လင်းမြင်သာစွာ ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း ထည့်သွင်းတင်ပြခဲ့သည်။

**(သတင်းစဉ်)**

# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်ပါတီကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့် ပါတီဝင်များ ၉၀၊ ဒုတိယအကြိမ် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်များသို့ တက်ရောက်မည့် လွှတ်တော်ကိုယ်စားလှယ် ၇၄ ဦး၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သို့ တက်ရောက်မည့် လွှတ်တော်ကိုယ်စားလှယ် ၂၈၀ တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတင်ကျင်းပသည့် ၁၆-၁၁-၂၀၁၅ ရက်နေ့မှ ယနေ့ ၃၀ ရက်နေ့မြောက်အထိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ၄၀၀၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၄၄၅ ဦး၊ ကျောင်းသား ကျောင်းသူ ၃၀၇ ဦး၊ အခြားပါတီ/ အဖွဲ့အစည်း၊ ပြည်သူလူထု ၆၁၈ ဦး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှတစ်ဆင့် လာရောက်လေ့လာသူ ၆၃ ဦး စုစုပေါင်း ၁၈၃၃ ဦးတို့သည် အစည်းအဝေးကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံအတွင်း လေ့လာကြည့်ရှုခဲ့ကြကြောင်းနှင့် ယနေ့ထိ လွှတ်တော်သို့လာရောက် လေ့လာသူ စုစုပေါင်းမှာ ၅၂၇၉၃ ဦးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးဆိုင်ရာဆောင်ရွက်ချက်များ

ထင်လင်းအာကာ(နိုင်ငံခြားရေးဝန်ကြီးဌာန)

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDCs) သတ်မှတ်ချက် စတင်ပေါ်ပေါက်လာပုံ**

ဝင်ငွေနိမ့်ကျပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဖွဲ့စည်းပုံဆိုင်ရာ အဟန့်အတားအားနည်းချက်များဖြင့် ကြုံတွေ့နေကြသည့် ကမ္ဘာ့နိုင်ငံများအား အထူးအခွင့်အရေးများပေးအပ်၍ ထောက်ပံ့ကူညီနိုင်ရန် ၁၉၆၄ ခုနှစ်တွင် ဂျီနီဗာမြို့၌ ကျင်းပသော ပထမအကြိမ် ကုလသမဂ္ဂကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ ၁/-တွင် စတင်၍ ဆွေးနွေးခဲ့ကြပါသည်။ အကျိုးဆက်အဖြစ် စီးပွားရေးနှင့် လူမှုရေးကောင်စီ (Economic and Social Council - ECOSOC) ၏ အထောက်အကူပြုအဖွဲ့ဖြစ်သော ဖွံ့ဖြိုးတိုးတက်မှုမူဝါဒကော်မတီ (Committee for Development Policy -CDP) ၂/- က လူတစ်ဦး ပျမ်းမျှထုတ်လုပ်မှုတန်ဖိုး (GDP per capita)၊ GDP တန်ဖိုးတွင် စက်မှုကုန်စည်ထုတ်လုပ်မှုတန်ဖိုးပါဝင်မှုအချိုး(share of manufacturing in GDP)နှင့် သက်ကြီးစာတတ်မြောက်မှုနှုန်း(Adult Literacy) တို့ဖြင့် တိုင်းတာရန် သတ်မှတ်ခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ ၂၅ နိုင်ငံစာရင်းအား တင်ပြခဲ့ပါသည်။ အဆိုပါစာရင်းကို စီးပွားရေးနှင့် လူမှုရေးကောင်စီ (ECOSOC) နှင့် ကုလသမဂ္ဂအထွေထွေညီလာခံတို့က အတည်ပြုပေးခဲ့ရာမှ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်း (Category of the Least Developed Countries-LDCs)ဟူ၍ ပေါ်ပေါက်လာခဲ့ပါသည်။

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (LDCs) စာရင်းမှ လွတ်မြောက်ရေးဆိုင်ရာ သတ်မှတ်စံနှုန်းများ**

ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုဖြစ်စဉ်(Globalization) ကို နောက်ခံပြုလျက် ကမ္ဘာ့စီးပွားရေး (Global Economy)ပြောင်းလဲလာမှုဖြစ်စဉ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်ဆိုင်ကြုံတွေ့ရသည့် စီးပွားရေးဖွဲ့စည်းပုံဆိုင်ရာ အဟန့်အတားအပေါ် သုတေသနပြုလုပ်ထားသည့် အချက်အလက်များကို ထည့်သွင်းစဉ်းစား၍ လက်ရှိအခြေအနေများနှင့် ကိုက်ညီမည့် အောက်ပါစံနှုန်း သတ်မှတ်ချက်(၃)ချက်ဖြင့် လက်ရှိအချိန်တွင် ချိန်ထိုးစိစစ်လျက်ရှိပါသည် -

(က) **တစ်ဦးကျဝင်ငွေဆိုင်ရာစံနှုန်း**
**(Gross National Income - GNI per capita)**
(တစ်ဦးကျဝင်ငွေဆိုင်ရာစံနှုန်းကို တွက်ချက်ရာတွင် နိုင်ငံ၏ စုစုပေါင်း ပြည်တွင်းထုတ်ကုန် (GDP)နှင့် ပြည်ပမှ အသားတင်ဝင်ငွေ (Net Primary Income) ပေါင်းခြင်းအပေါ် အခြေခံ၍ တွက်ချက်ရပါသည်)

(ခ) **လူသားအရင်းအနှီးညွှန်းကိန်းဆိုင်ရာစံနှုန်း**
**(Human Assets Index - HAI)**
(လူသားအရင်းအနှီးညွှန်းကိန်းဆိုင်ရာ စံနှုန်းတွက်ချက်ရာတွင် အာဟာရဓာတ်ချို့တဲ့မှု၊ ကလေးသေဆုံးမှုနှုန်း၊ အလယ်တန်းကျောင်းသား ကျောင်းအပ်နှံနှုန်းနှင့် သက်ကြီးစာတတ်မြောက်မှုနှုန်းတို့အပေါ် မူတည်၍ တွက်ချက်ပါသည်။ CDP ၏ သတ်မှတ်ချက်အရ ၂၀၁၈ ခုနှစ်မှစတင်၍ မိခင်သေဆုံးမှုနှုန်းကိုပါ ထည့်သွင်းတွက်ချက်သွားမည်ဖြစ်ပါသည်။)

(ဂ) **စီးပွားရေးထိခိုက်နစ်နာလွယ်မှုစံနှုန်း**
**(Economic Vulnerability Index – EVI)**
(စီးပွားရေးထိခိုက်နစ်နာလွယ်မှု စံနှုန်းတွက်ချက်ရာတွင် လူဦးရေ၊ အဓိကဈေးကွက်များသို့ ရောက်ရှိရန် ပျမ်းမျှခရီးအကွာအဝေး၊ ပြည်ပပို့ကုန်ပါဝင်မှု အချိုးအစား၊ GDP တန်ဖိုးတွင် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် သားငါးကဏ္ဍ ထုတ်လုပ်မှုတန်ဖိုး ပါဝင်မှုအချိုး၊ ကမ်းရိုးတန်းဒေသမြေနိမ့်ပိုင်းတွင် နေထိုင်သည့် လူဦးရေအချိုး၊ ပြည်ပပို့ကုန်မတည်ငြိမ်မှု၊ သဘာဝဘေးအန္တရာယ်ဒဏ်ခံရသော ဒုက္ခသည်များ၊ လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်မတည်ငြိမ်မှုစသည့် ညွှန်းကိန်းများအပေါ်မူတည်၍ တွက်ချက်ပါသည်။)

ထို့အပြင် လူဦးရေပမာဏများခြင်းသည် ပြည်တွင်းဈေးကွက် ကြီးမားမှုနှင့် လူ့စွမ်းအား အရင်းအနှီးဖြည့်စွမ်းပေးနိုင်မှုတို့အတွက် အကျိုးရှိကြောင်း သုံးသပ်၍ CDP က ၁၉၉၁ ခုနှစ်မှ စတင်၍ လူဦးရေ ၇၅ သန်းထက်ကျော်လွန်သောနိုင်ငံကို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ် မထည့်သွင်းရန် ဆုံးဖြတ်ခဲ့ပါသည်။

**LDCs နိုင်ငံများအားပေးအပ်သည့် နိုင်ငံတကာအထူးသီးသန့်အကူအညီများ (International Support Measures-ISM)**

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအနေဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization-WTO) တို့မှ ပေးအပ်သော **ကုန်သွယ်ရေးဦးစားပေးမှု (Trade Preference)၊ တရားဝင်ဖွံ့ဖြိုးတိုးတက်မှုအကူအညီ (Officials Development Assistance - ODA)၊ အထွေထွေထောက်ပံ့မှုများ (General Supports)** ရရှိခံစားနိုင်ပါသည်။ အထွေထွေထောက်ပံ့မှုများတွင် ကုလသမဂ္ဂ၊ ငြိမ်းချမ်းရေးထိန်းသိမ်းမှုအဖွဲ့များသို့ ထည့်ဝင်ငွေအား ပမာဏတစ်ခုအထိသာ ထည့်ဝင်ခွင့်ပေးခြင်း၊ ခရီးသွားလာစရိတ် ထောက်ပံ့ခြင်း စသည့်အကူအညီများ ပါဝင်ပါသည်။

၁/-(First Session of the United Nations Conference on Trade and Development-UNCTAD)
၂/-၁၉၆၅ ခုနှစ်တွင် Committee for Development Planning အမည်ဖြင့် ဖွဲ့စည်းခဲ့ပြီး ၁၉၉၈ ခုနှစ်မှစတင်၍ Committee for Development Policy ဟု အမည်ပြောင်းလဲခဲ့ပါသည်။



မြန်မာနိုင်ငံဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ၂၀-၁၁-၂၀၁၄ ရက်က ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း မိန့်ခွန်းပြောကြားစဉ်။

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDCs) အဖြစ်မှ လွတ်မြောက်ခဲ့သောနိုင်ငံများနှင့် LDCs နိုင်ငံစာရင်းသို့ နောက်ဆုံးဝင်ရောက်ခဲ့သောနိုင်ငံများ**

၁၉၇၁ ခုနှစ်မှ စတင်၍ LDCs စာရင်းသတ်မှတ်ပြီးနောက်ပိုင်း ထပ်မံဝင်ရောက်လာသည့် နိုင်ငံများရှိသလို လွတ်မြောက်သွားသော နိုင်ငံများလည်းရှိပါသည်။ LDCs စာရင်းမှ ၁၉၉၄ ခုနှစ်တွင် ဘော့ဆွာနား (Botswana) နိုင်ငံ၊ ၂၀၀၇ ခုနှစ်တွင် ကိတ်ဗာဒီ(Cape Verde)နိုင်ငံ၊ ၂၀၁၁ ခုနှစ်တွင် မော်လ်ဒိုက်(Maldives)နိုင်ငံ၊ ၂၀၁၄ ခုနှစ်တွင် ဆာမိုအာ (Samoa)နိုင်ငံတို့ အသီးသီးလွတ်မြောက်ခဲ့ကြပါသည်။ နိုင်ငံ၏ လူမှု-စီးပွားရေးအခြေအနေများကြောင့် အသစ်ဝင်ရောက်ခဲ့သည့် နိုင်ငံများမှာ ၂၀၀၃ ခုနှစ်တွင် တီမောလက်စ်တီ (Timor-Leste) နိုင်ငံနှင့် ၂၀၁၂ ခုနှစ်တွင် တောင်ဆူဒန်(South Sudan) နိုင်ငံတို့ ဖြစ်ကြပါသည်။ လက်ရှိအချိန်တွင် LDCs နိုင်ငံ စုစုပေါင်း ၄၈ နိုင်ငံရှိပြီး အာဆီယံဒေသတွင်းမှ မြန်မာနိုင်ငံနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့ ပါဝင်ပါသည်။

**မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ(LDCs)စာရင်းဝင် ဖြစ်လာပုံ**

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးချိန် ၁၉၄၈ ခုနှစ်မှစ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားကြွေးမြီများရယူခဲ့ရာ ၁၉၈၇ ခုနှစ်တွင် ယင်းကြွေးမြီများကို အတိုးရောအရင်းပါ ပြန်လည်ပေးဆပ်ရမည့်အချိန်သို့ ကျရောက်လာခဲ့ပါသည်။ ယင်းကြွေးမြီများကို ပြန်လည်ပေးဆပ်ရန် နည်းလမ်းရှာဖွေသည့်အခါ အဓိကကြွေးရှင်နိုင်ငံများဖြစ်ကြသည့် ဂျပန်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့က ၎င်းတို့၏ ကြွေးမြီများကို လျှော့ချပေးရန် မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းဝင်နိုင်ငံဖြစ်ရန် လိုအပ်ကြောင်း အကြံပြုဆွေးနွေးခဲ့ပါသည်။ သို့ဖြစ်ရာ ၁၉၈၇ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းသို့ ဝင်ရောက်ခဲ့ပါသည်။

ထို့နောက် မကြာမီကာလအတွင်း ၁၉၈၈ ခုနှစ် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေ ပျက်ပြားယိုယွင်းလာခဲ့သည့် အားလျော်စွာ မြန်မာ့တပ်မတော်မှ နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူခဲ့ရပါသည်။ ထိုကဲ့သို့ တပ်မတော်မှ အာဏာလွှဲပြောင်းရယူခဲ့သည်ကို အကြောင်းပြု၍ အနောက်အုပ်စု စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများက မြန်မာနိုင်ငံအား စီးပွားရေးပိတ်ဆို့အရေးယူမှုများကို စတင်ပြုလုပ်ခဲ့ကြပါသည်။ ယင်းစီးပွားရေးပိတ်ဆို့မှုများကြောင့် ကတိပြုထားသော နိုင်ငံများ၏ ကြွေးမြီလျှော့ချရေးအစီအစဉ်များကို ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့သည့်အပြင် LDCs နိုင်ငံအနေဖြင့် ရရှိခံစားခွင့်ရှိသော အခွင့်အရေးများကိုလည်း အခြားသော LDCs နိုင်ငံများကဲ့သို့ ပြည့်ပြည့်ဝဝ ခံစားခဲ့ရခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်ရန်နည်းလမ်းများ**

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအနေဖြင့် LDCs စာရင်းမှ လွတ်မြောက်ရန် နည်းလမ်းသုံးသွယ်ရှိပါသည်။ ပထမနည်းလမ်းမှာ CDP ၏ သုံးနှစ်တစ်ကြိမ် သုံးသပ်ချက်တွင် သတ်မှတ်ထားသော စံနှုန်းသုံးခုအနက် အနည်းဆုံး နှစ်ခုနှင့် နှစ်ကြိမ်ဆက်တိုက် ကိုက်ညီရန်လိုအပ်မည်ဖြစ်ပါသည်။ ဒုတိယနည်းလမ်းမှာ နိုင်ငံ၏ GNI စံနှုန်းသည် သုံးနှစ်တစ်ကြိမ် သုံးသပ်ချက် နှစ်ရပ်လုံးတွင် လွတ်မြောက်ရေးစံနှုန်း သတ်မှတ်ချက်ထက်နှစ်ဆ (ဥပမာ လွတ်မြောက်ရေး GNI စံနှုန်း US $ ၁၂၀၀၊ နိုင်ငံ၏ GNI စံနှုန်း US$ ၂၄၀၀) ဖြစ်လျှင်လည်း အခြားစံနှုန်းများကို ထည့်သွင်းစဉ်းစားရန်မလိုဘဲ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်နိုင်ပါသည်။ တတိယနည်းလမ်းမှာ နိုင်ငံရေးဆန္ဒသက်သက်ဖြင့် မိမိဘာသာကြေညာ၍ LDCs စာရင်းမှ လွတ်မြောက်ကြောင်း ကြေညာခြင်းဖြစ်ပါသည်။

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်ရေးစံနှုန်းများနှင့် ကိုက်ညီမှုအခြေအနေအပေါ် ၂၀၁၅ ခုနှစ် အစီရင်ခံစာ (2015 Triennial Review)**

၂၀၁၅ ခုနှစ် သုံးနှစ်တစ်ကြိမ် သုံးသပ်ချက်ပါဝင်သော ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုမူဝါဒကော်မတီ (CDP) ၏ အစီရင်ခံစာကို ၂၀၁၅ ခုနှစ်၊ ဇွန်လတွင် စီးပွားရေးနှင့်လူမှုရေးကောင်စီ ပုံမှန်အစည်းအဝေးသို့ တင်ပြအတည်ပြုခဲ့ပါသည်။ အဆိုပါ အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် စံနှုန်းသုံးခုလုံးတွင် သိသာထင်ရှားသော တိုးတက်မှုများရရှိလာကြောင်း၊ ထို့ကြောင့် လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ပါက လာမည့် ၂၀၁၈ ခုနှစ် သုံးနှစ်တစ်ကြိမ် သုံးသပ်ချက်တွင် လွတ်မြောက်ရေးဆိုင်ရာ သတ်မှတ်စံနှုန်းများဖြင့် ပထမအကြိမ် ကိုက်ညီဖွယ်ရှိနိုင်ကြောင်း ထည့်သွင်းဖော်ပြထားပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်မှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ ဖြည်းဖြည်းမှန်မှန် ရရှိလာခဲ့ပါသည်။ အဆိုပါအချက်ကို အောက်ဖော်ပြပါ ၂၀၀၆ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ပြုလုပ်ခဲ့သော CDP ၏ သုံးနှစ်တစ်ကြိမ် သုံးသပ်ချက်ဇယားများအရ LDC မှ လွတ်မြောက်ရေးဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ(Graduation Thresholds) နှင့် မြန်မာနိုင်ငံ၏ ရောက်ရှိနေသော အခြေအနေအကြား ကွာဟချက် ကျဉ်းမြောင်းလာမှုအခြေအနေက သက်သေပြလျက်ရှိပါသည် -

| | 2006 | 2009 | 2012 | 2015 |
|---|---|---|---|---|
| GNI per capita (US $) | | | | |
| Graduation threshold | 900 | 1 086 | 1 190 | 1 242 |
| Myanmar | 167.0 | 306.3 | 704.0 | 1 063.0 |
| Gap (absolute) | -733 | -780 | -486 | -179 |
| Gap (%) | -81% | -72% | -41% | -14% |
| Human Asset Index HAI | | | | |
| Graduation threshold | 64 | 66 | 66 | 66 |
| Myanmar | 68.4 | 66.0 | 68.8 | 72.7 |
| Gap (absolute) | 4.4 | 0.0 | 2.8 | 6.7 |
| Gap (%) | 7% | 0% | 4% | 10% |
| Economic Vulnerability Index EVI | | | | |
| Graduation threshold | 38 | 38 | 32 | 32 |
| Myanmar | 42.2 | 37.4 | 45.0 | 33.7 |
| Gap (absolute) | -4.2 | 0.6 | -13.0 | -1.7 |
| Gap (%) | -11% | 2% | -41% | -5% |

အထက်ဖော်ပြပါဇယားအရ တစ်ဦးကျဝင်ငွေဆိုင်ရာစံနှုန်းသည် ၂၀၀၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၃၃ သာရှိရာမှ ၂၀၁၅ ခုနှစ်တွင် ၁၀၆၃ ဒေါ်လာအထိ မြင့်တက်လာသဖြင့် လွတ်မြောက်ရေးစံနှုန်း ၁၂၄၂ ဒေါ်လာကို ပြည့်မီရန် ပိုမိုနီးကပ်လာခဲ့ပါသည်။ လူသားအရင်းအနှီးညွှန်းကိန်းဆိုင်ရာ စံနှုန်းသည် ၂၀၀၆ ခုနှစ်တွင် ၆၈. ၄ သာ ရှိရာမှ ၂၀၁၅ ခုနှစ်တွင် ၇၂. ၇ အထိ မြင့်တက်လာခဲ့ပြီး လွတ်မြောက်ရေးစံနှုန်း ၆၆ ထက်ကျော်လွန်ပြီးဖြစ်ပါသည်။ စီးပွားရေးထိခိုက်နစ်နာလွယ်မှုဆိုင်ရာ စံနှုန်းသည် ၂၀၀၆ ခုနှစ်တွင် ၄၂. ၂ အထိ မြင့်တက်ခဲ့ရာ မှ၂၀၁၅ ခုနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ ၃၃. ၇ အထိ ကျဆင်းလာခဲ့ပြီး လွတ်မြောက်ရေးစံနှုန်း ၃၂ အောက်သို့ ရောက်ရှိရန် လက်တစ်ကမ်းအလိုသို့ ရောက်ရှိနေကြောင်း တွေ့ရပါသည်။

**အစ္စတန်ဘူလ်လုပ်ငန်းအစီအစဉ်**

၂၀၁၁ ခုနှစ် တူရကီနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ်မြောက် ညီလာခံတွင် အစ္စတန်ဘူလ်လုပ်ငန်းအစီအစဉ် (Istanbul Programme of Actions -IPoA)ကို ချမှတ်ခဲ့ပြီး အဆိုပါအစီအစဉ်မှ **"၂၀၂၀ ခုနှစ် တွင် LDCs နိုင်ငံစာရင်းကို လက်ရှိစာရင်းမှ ထက်ဝက်လျှော့ချရန်"** အတည်ပြုခဲ့ပါသည်။ အဆိုပါ အစ္စတန်ဘူလ် လုပ်ငန်းအစီအစဉ်အား

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

အကောင်အထည်ဖော်မှုဆိုင်ရာ ကာလလယ်သုံးသပ်ချက်အစည်းအဝေးကို ၂၀၁၆ ခုနှစ်တွင် တူရကီနိုင်ငံ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အစည်းအဝေးတွင် နိုင်ငံအလိုက် ဆောင်ရွက်ထားရှိချက်များ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် ကြုံတွေ့ရသည့်အခက်အခဲများကို ဆွေးနွေးသွားကြမည်ဖြစ်ပါသည်။

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် လမ်းစပေါ်ပေါက်ပုံ**

မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်မှ စတင်၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ရေတိုရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မှန်မှန်ရရှိလာခဲ့ရာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရန် အခြေအနေကောင်းများ အစပျိုးရရှိလာပါသည်။ ထို့အပြင် ၂၀၁၁ ခုနှစ် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ကျင်းပပြုလုပ်ခဲ့သော ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများဆိုင်ရာ ညီလာခံတွင် ထုတ်ပြန်ခဲ့သော အစ္စတန်ဘူလ်လုပ်ငန်း အစီအစဉ် (IPoA)အရ ၂၀၂၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတစ်ဝက်ခန့် LDCs မှ လွတ်မြောက်ရေးအတွက် ဆောင်ရွက်ရန် ကုလသမဂ္ဂမှ ပန်းတိုင်ချမှတ်ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ တာဝန်သိအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အလျောက် LDCs မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိလာခဲ့ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ပြည်ထောင်စုအစိုးရအဖွဲ့ တာဝန်ထမ်းဆောင်မှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုလွှတ်တော်၌ ပြောကြားခဲ့သည့်မိန့်ခွန်းတွင်လည်း “ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်နှင့်အညီ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းအား ၂၀၁၅ ခုနှစ်တွင် ၁၆ % အထိ လျှော့ချနိုင်မှု၊ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံဘဝမှ ရုန်းထွက်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေကြောင်း” ထည့်သွင်းလမ်းညွှန်ပြောကြားခဲ့ပါသည်။

ထို့အပြင် နိုင်ငံတော်သမ္မတအနေဖြင့် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်လိုသည့် နိုင်ငံရေးဆန္ဒမြင့်မားစွာရှိကြောင်း ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်းက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းထံသို့ စာရေးသားပေးပို့ခဲ့ရာ မစ္စတာ ဘန်ကီမွန်းထံမှလည်း မြန်မာနိုင်ငံ၏ LDCs စာရင်းမှလွတ်မြောက်လိုသည့် ဆန္ဒသဘောထားကို ကြိုဆိုပါကြောင်းနှင့် လိုအပ်သည့်အကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း အကြောင်းပြန်ကြားခဲ့ပါသည်။ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် မြန်မာနိုင်ငံအနေဖြင့် မှန်ကန်သောပြုပြင်ပြောင်းလဲမှုများကြောင့် ရရှိလာသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ လွတ်မြောက်ရေးအတွက် ခိုင်မာသည့် သန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတကာသို့ အသိပေးပြောကြားခဲ့ပါသည်။

**ပြည်တွင်းဆောင်ရွက်ချက်များ**

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံမှ လွတ်မြောက်ရေးအတွက် သတ်မှတ်ထားသည့် ညွှန်းကိန်းများ တစ်ခုချင်းတိုးတက်ကောင်းမွန်စေရေးတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဦးဆောင်သော မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီနှင့် လုပ်ငန်းအဖွဲ့ဆပ်ကော်မတီ(၄)ခုကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းအဖွဲ့ဆပ်ကော်မတီများမှာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော **တစ်ဦးကျဝင်ငွေဆိုင်ရာ ဆပ်ကော်မတီ** ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော **လူသားအရင်းအနှီးညွှန်းကိန်းဆိုင်ရာ ဆပ်ကော်မတီ**၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော **စီးပွားရေးထိခိုက်နစ်နာလွယ်မှုဆိုင်ရာ ဆပ်ကော်မတီ** နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော **ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ဆက်ဆံရေးဆပ်ကော်မတီ** တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဦးဆောင်၍ ၂၀၁၄ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ကော်မတီ၏ ညှိနှိုင်းအစည်းအဝေး (၇)ကြိမ် ကျင်းပခဲ့ပါသည်။ ထို့အပြင် လုပ်ငန်းများ ထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ရန် ကော်မတီအတွင်းရေးမှူးနှင့် ဆပ်ကော်မတီအတွင်းရေးမှူးများ၏ ညှိနှိုင်းအစည်းအဝေးများကို အခါအားလျော်စွာ ပြုလုပ်လျက်ရှိပါသည်။

**မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးဆိုင်ရာ လမ်းကြောင်း**

၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်စွဲပါ ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် အမှတ်၊ ၅၉/၂၀၉ အရ နိုင်ငံတစ်နိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရန် ယေဘုယျအားဖြင့် လွတ်မြောက်ရန် စတင်ကြိုးပမ်းသည့်အချိန်မှစ၍ အပြီးသတ်လွတ်မြောက်သည့်အချိန်အထိ အကြမ်းဖျင်း အနည်းဆုံး (၆)နှစ်ကြာမြင့်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်မှစ၍ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် CDP ၏ ၂၀၁၈ ခုနှစ် သုံးနှစ်တစ်ကြိမ် သုံးသပ်ချက် (Triennial Review) တွင် စံနှုန်းသုံးခုအနက်မှ နှစ်ခုနှင့် ပထမအကြိမ်ကိုက်ညီပြီး တစ်ဖန် ၂၀၂၁ ခုနှစ် သုံးနှစ်တစ်ကြိမ် သုံးသပ်ချက်တွင် လွတ်မြောက်ရေး စံနှုန်းနှစ်ခုနှင့် ဒုတိယအကြိမ်ဆက်လက်ပြည့်မီပါက ECOSOC မှတစ်ဆင့် ကုလသမဂ္ဂအထွေထွေညီလာခံသို့ ထောက်ခံတင်ပြပြီး ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရန် အရည်အချင်းပြည့်မီ (Eligible)မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ၏ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်မှုများကြောင့် အဆိုပါ အသွင်ကူးပြောင်းရေးကာလ (၃)နှစ်အား ကင်းလွတ်ခွင့်ပြုရန် ကုလသမဂ္ဂနှင့် ညှိနှိုင်းဆောင်ရွက်မည်ဆိုပါက အစောဆုံး ၂၀၂၁ ခုနှစ်တွင် LDCs နိုင်ငံအဖြစ်မှ အပြီးသတ်လွတ်မြောက်နိုင်ဖွယ်ရှိပါသည်။ အကယ်၍ အသွင်ကူးပြောင်းရေးကာလ (၃)နှစ်ကို ထည့်သွင်းစဉ်းစားမည်ဆိုပါက ၂၀၂၄ ခုနှစ်တွင်မှ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ အပြီးသတ်လွတ်မြောက်နိုင်မည်ဖြစ်ပါသည်။

**ကုလသမဂ္ဂမှ နည်းပညာအကူအညီရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ**

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ဆောင်ရွက်ရာတွင် လိုအပ်သောနည်းပညာအကူအညီများရရှိရန် ကုလသမဂ္ဂအပါအဝင် ဖွံ့ဖြိုးမှုဆိုင်ရာမိတ်ဖက်များနှင့်လည်း အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် United Nations Office of the High Representative for the Least Developed Countries, Landlocked Developing Countries and Small Island Developing States **(UNOHRLLS)**၊ United Nations Development Programme **(UNDP)**၊ United Nations Conference on Trade and Development **(UNCTAD)**၊ Department of Economic and Social Affairs (DESA)၊ Committee for Development Policy **(CDP)**၊ United Nations Economic and Social Commission for Asia and the Pacific **(UN ESCAP)** စသည့် ကုလသမဂ္ဂအဖွဲ့အစည်းများအပြင် အခြားသော သက်ဆိုင်သည့် ဖွံ့ဖြိုးမှုမိတ်ဖက်များ (Development Partners) နှင့်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ဖိတ်ကြားချက်အရ UNCTAD မှ LDCs ဘာသာရပ်ကျွမ်းကျင်သူ Mr. Pierre Encontre ၊ UNCTAD ၏ အတွင်းရေးမှူးချုပ် Mr. Mukhisa Kituyi ၊ UNOHRLLS ၏ အကြီးအကဲနှင့် ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ်ဖြစ်သူ Mr. Gyan Chandra Acharya ဦးဆောင်၍ CDP, DESA, UNCTAD, UNDP နှင့် ESCAP တို့မှ ကိုယ်စားလှယ်များပါဝင်သော ကုလသမဂ္ဂပူးပေါင်းအဖွဲ့ (UN Joint Mission)သည် မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ်အတွင်း အသီးသီးလာရောက်ခဲ့ကြပါသည်။

ခရီးစဉ်များအတွင်း ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့များသည် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌဖြစ်သူ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းအပါအဝင် အခြားသက်ဆိုင်ရာဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပါသည်။

**ကုလသမဂ္ဂဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများဆိုင်ရာ အစည်းအဝေးများသို့ ပါဝင်တက်ရောက်ခဲ့ခြင်း**

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း နီပေါနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သော အာရှ-ပစိဖိတ်ဒေသရှိ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့လည်းကောင်း၊ ၂၀၁၅ ခုနှစ် ဇွန်လအတွင်း အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ၂၀၁၅ သုံးနှစ်တစ်ကြိမ် သုံးသပ်ချက် ပါဝင်သော CDP ၏ အစီရင်ခံစာကို တင်သွင်းသည့် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ၏ ပုံမှန်အစည်းအဝေးသို့လည်းကောင်း၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် လာအိုနိုင်ငံ၏ LDCs မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းသည့် အတွေ့အကြုံများကို လေ့လာရန်လည်းကောင်း မြန်မာကိုယ်စားလှယ်အဖွဲ့များ အသီးသီး စေလွှတ်တက်ရောက်ခဲ့ပါသည်။

**ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်(UNDP)နှင့် ပူးပေါင်းဆောင်ရွက်ချက်များ**

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ဆောင်ရွက်ရာတွင် နယူးယောက်မြို့ရှိ UNOHRLLS ရုံးနှင့် အဓိကပူးပေါင်းဆောင်ရွက်ရန် အရေးကြီးသကဲ့သို့ သက်ဆိုင်ရာနိုင်ငံများရှိ UNDP ရုံးနှင့်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါသည်။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ညွှန်းကိန်း(၃)ခုကို တာဝန်ယူဆောင်ရွက်နေသည့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် UNDP ဦးဆောင်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား ညှိနှိုင်းဆက်စပ်ပေးသည့် အစည်းအဝေးများကို လိုအပ်သလို ကျင်းပပြုလုပ်ပေးလျက်ရှိပါသည်။ ဥပမာတစ်ရပ်မှာ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံလက်ရှိ သက်ဆိုင်ရာအခြေအနေ (Current State of Affairs) ကို သိမှသာ မှန်ကန်သည့်မူဝါဒများ ချမှတ်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ညှိနှိုင်းမှုဖြင့် မြန်မာနိုင်ငံ၏ စံနှုန်းအလိုက် ကိန်းဂဏန်းများကောက်ယူရာ၌ နည်းပညာအကူအညီများပေးရန် ကိန်းဂဏန်းဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ ၂၀၁၅ ခုနှစ် မေလမှ ဩဂုတ်လအထိ သုံးလကြာ တွဲဖက်ထားရှိခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ LDCs ဖြစ်စဉ်ကာလအတွင်း ရရှိနိုင်မည့်အခွင့်အရေးများနှင့် LDCs မှ လွတ်မြောက်ပြီးနောက် ကြုံတွေ့ရမည့် အကျိုးသက်ရောက်မှုများနှင့်ပတ်သက်၍ သုံးသပ်ချက် စာတမ်းတစ်စောင်ရေးသားရန် ကာလတိုကျွမ်းကျင်သူနှစ်ဦးကိုလည်း တွဲဖက်ထားရှိခဲ့ပါသည်။ ၎င်းတို့၏ တွေ့ရှိချက်များသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် ဖြည့်စွက်ရေးဆွဲခြင်းဖြင့် LDCs မှ လွတ်မြောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် LDCs မှ လွတ်မြောက်ပြီးနောက်ပိုင်းတွင်လည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများရရှိ၍ ညင်သာသော အသွင်ကူးပြောင်းမှုဖြစ်ပေါ်စေရေးအတွက် အခြေအနေနှင့်လိုက်လျောညီထွေရှိပြီး ထိရောက်မှုရှိစေမည့် မူဝါဒများချမှတ်ရေးဆွဲထားရှိရန်မှာ အလွန်အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါသည်။ ထိုသို့ ချမှတ်ရေးဆွဲရာတွင် လိုအပ်သည့် နည်းပညာအကူအညီနှင့် အကြံဉာဏ်များ ရယူဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂမှ စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုနှင့် သက်ဆိုင်သည့် မူဝါဒပိုင်းဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးအား ကာလရှည်တွဲဖက်လျက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ပင်မစီမံကိန်း**

LDCs အဖြစ်မှ လွတ်မြောက်ရေးနှင့် အသိပညာအခြေခံစီးပွားရေးစနစ် (Knowledge based Economy) ရောက်ရှိစေရေးအတွက် ရည်မှန်းချက်များသည် အမျိုးသားစီမံကိန်းများပေါ်တွင် အခြေတည်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် LDCs မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်များကို နိုင်ငံတော်က ချမှတ်ထားသည့် ဖွံ့ဖြိုးမှုဆိုင်ရာစီမံကိန်းများနှင့် ပေါင်းစပ်အကောင်အထည်ဖော်ခြင်းဖြင့် သတ်မှတ်စံနှုန်းများ ပြည့်မီရေးကို များစွာအကျိုးသက်ရောက်စေမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာမူဘောင်(Framework for Economic and Social Reforms)ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ တစ်ဦးကျဝင်ငွေ (GNI) တိုးတက်စေနိုင်မည် ဖြစ်သကဲ့သို့ အလုံးစုံပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဘောင် (Framework for Inclusive Growth) ကို အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံ၏ လူသားအရင်းအနှီးညွှန်းကိန်း(HAI) တိုးတက်ရေးကို အထောက်အကူပြုစေနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ရေးဆွဲလျက်ရှိသည့် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(National Comprehensive Development Plan)သည် နိုင်ငံ၏စီးပွားထိခိုက်နစ်နာလွယ်မှု ညွှန်းကိန်း (EVI) ကို တည်ငြိမ်ကောင်းမွန်စေနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပင်မစီမံကိန်း (Master Plan) တစ်ရပ်ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ရေးဆွဲခဲ့ပြီးဖြစ်ပါသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*

| Year 0 | Between years 0-3 | Year 3 | | | | Between years 3-6 | Year 6 (or 3 years after General Assembly decision) | Post-graduation | |
|---|---|---|---|---|---|---|---|---|---|
| CDP First Finding (eligibility) -Confirms Eligibility -Notifies Country | UNCTAD Prepares Vulnera-bility Profile DESA Prepares Impact Access-ment | Graduating Country Presents (optional) -Oral Statement to EGM -Written Statement to CDP | CDP Second Finding (Confirmation) -Reviews Vulnerability Profile and impact assessment -Reviews country inputs _Recommends graduation | ECOSOC Takes Action on CDP findings | General Assembly Takes note of CDP recom-mendation | Graduating Country Prepares transition Strategy CDP Monitors Develop-ment progress | Graduating Country Graduation | Graduating Country Implements transition strategy | CDP Monitors Develop-ment during triennial review |

**GRADUATION TIME FRAME**

**Source:** Report of the Committee for Development Policy on the ninth session, op.cit a Pursuant Economic and Social Resolution 2008/12 of 23 july 2008

## အိမ်ဖြူတော်နှင့် သမ္မတအုပ်ချုပ်ရေးစနစ်စာအုပ်ထွက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၇**




ဆရာမျိုးဇော်၏ အိမ်ဖြူတော်နှင့် သမ္မတအုပ်ချုပ်ရေး စနစ် စာအုပ်တွင် သမ္မတအုပ်ချုပ်ရေး လေ့လာချက်၊ သမ္မတစနစ်မှ သမ္မတအုပ်ချုပ်ရေးစနစ် ရုစဗဲ့ ခေတ် တစ်ခေတ်ရုစဗဲ့အမွေအနှစ်၊ အင်စတီကျူးရှင်းဖြစ်လာသည့်အိမ်ဖြူတော် ဝန်ထမ်းများနှင့် ဆုံးဖြတ်ချက်ချမှတ်မှုအပေါ် လွှမ်းမိုးမှုများဟူ၍ အပိုင်းလေးပိုင်းခွဲ၍ ရေးသား ဖော်ပြထားသည်။

ရုစဗဲ့ခေတ်မှစ၍ ဘုရှ်၊ ကလင်တန်တို့ခေတ်အထိ အဆင့်ဆင့်ပြောင်းလဲလာသော အိမ်ဖြူတော် ဗျူရိုကရေစီအကြောင်းကို လေ့လာလိုလျှင် သမ္မတရုံးနှင့်သမ္မတစနစ် စောင့်ကြည့်လေ့လာသူများအနေဖြင့် အိမ်ဖြူတော်၏ လုပ်ငန်းဆောင်ရွက်မှုများကို အချိန်တိုအတွင်း သိရှိသွားစေနိုင်သည်။ သမ္မတအုပ်ချုပ်ရေးလေ့လာသူများ၊ သမ္မတရုံးဝန်ထမ်းများ၊ ဗျူရိုကရေစီအကြောင်း လေ့လာသူများသာမက သမ္မတများကိုယ်တိုင် ဖတ်ရှုလေ့လာသင့်သော စာအုပ်ဖြစ်သည်ဟု နိုင်ငံရေးသိပ္ပံပညာရှင်များက မှတ်ချက်ချခဲ့သည်။

သမ္မတတစ်ဦးချင်းစီ၏ ဆုံးဖြတ်ချက်ချမှတ်ပုံ အမူအကျင့်ပေါ်မူတည်၍ အစိုးရယန္တရားလည်ပတ်နေမည်ဖြစ်ရာ အင်စတီကျူးရှင်းတည်ဆောက်ရေးကို အလေးပေးဆောင်ရွက်နိုင်ကြစေရန် စာရေးသူက ရည်ရွယ်ရေးသားထားခြင်းဖြစ်သည်။

အလားတူ မြန်မာနိုင်ငံတွင် အစဉ်အဆက် တာဝန်ယူကြမည့် နိုင်ငံ့ခေါင်းဆောင်များအနေဖြင့် နိုင်ငံနှင့် ပြည်သူတို့အတွက် အရေးကြီးသည့် အင်စတီကျူးရှင်း တည်ဆောက်ရေးကို အလေးပေးဆောင်ရွက်နိုင်စေရန် ရေးသားတင်ပြထားသည်။

ညီနောင်စာပေက ဖြန့်ချိပြီး ရောင်းဈေး ငွေကျပ် ၂၅၀၀ ဖြင့် ဖုန်း ၀၉-၂၅၀၀၁၄၄၃၆ နှင့် ၀၉-၄၂၅၀၂၆၆၁၉ တို့ထံသို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# သတင်းတိုများ

## ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်) တွေ့ဆုံ

ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)နှင့် ရခိုင်စာပေကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် ရန်ကုန်ရောက်မြို့နယ် (၁၇) မြို့နယ်မှ အသင်းအဖွဲ့ဝင်များ၊ ရခိုင်လူမှုရေး၊ ဘာသာရေးအသင်းများမှ စာပေပညာရှင်များစုစည်း၍ ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)သည် အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်တွင် ရခိုင်ပြည်နယ်ခမ်းမရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရှမ်းပြည်နယ် ယာဉ်ထိန်းတပ်ဖွဲ့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

အမှတ်(၁၈) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူးရုံး(တောင်ကြီး)မှ အရာရှိ၊ အခြားအဆင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၁၁၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(တောင်ကြီး)မှ အရာရှိ၊ အခြားအဆင့် တပ်ဖွဲ့ဝင်များ စုစုပေါင်းတပ်ဖွဲ့ဝင် ၃၄ ဦးတို့သည် ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးမျိုးဇော်အောင်၏ ဦးဆောင်မှုဖြင့် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးဝင်းအတွင်းရှိ ချုံနွယ်များနှင့် အမှိုက်များ စုပေါင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၂၄ ရက်က လုပ်အားပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နိုင်ထွန်း**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၁-၂၀၁၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၀ တွင် ဖော်ပြပါရှိသော "အမျိုးသမီးများဘဝ ကာကွယ်မြှင့်တင်ကြရာဝယ်" တွေ့ဆုံမေးမြန်းသတင်းတွင် ဒေါ်သန္တာဘုန်းဝင်း၏ ဓာတ်ပုံ ပုံစာနေရာတွင် **ဒေါ်သန်းသန်းဝင်း** ဟုလည်းကောင်း၊ ဒေါ်သန်းသန်းဝင်း၏ ဓာတ်ပုံ ပုံစာနေရာတွင် **ဒေါ်သန္တာဘုန်းဝင်း** ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **(စာတည်းအဖွဲ့)**

# ဒေသအလိုက် ကာကွယ်ဆေးတိုက်နေ့များအဖြစ် ရခိုင်ပြည်နယ်၌ သတ်မှတ်ရက်ထက်ပို၍ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**စစ်တွေ ဇန်နဝါရီ ၂၇**

ဒေသအလိုက် ကာကွယ်ဆေးတိုက်နေ့များ ဇန်နဝါရီ ၂၀၁၆ (Sub-national Immunization Days, January 2016)ကို ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိသတ်မှတ်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၆ ခုရှိ မွေးကင်းစမှ အသက် ငါးနှစ်အရွယ် ကလေးငယ်တိုင်းကို ပိုလီယိုကာကွယ်ဆေးများကို တိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

သို့သော် ရခိုင်ပြည်နယ်တွင် ဇန်နဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ သတ်မှတ်ပြီး ပိုလီယိုကာကွယ်ဆေးများကို ယခင်နှစ်ကြိမ်တိုက်ကျွေးပေးခဲ့သော ကောက်သင်းကောက်နည်းဗျူဟာအတိုင်း တိုက်ကျွေးပေးသွားလျက်ရှိကြောင်း ပြည်နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှသိရသည်။

ရခိုင်ပြည်နယ်တွင် ဇန်နဝါရီ ၂၃ ရက်နံနက်ပိုင်းမှစ၍ ဆေးတိုက်အဖွဲ့များက တစ်အိမ်တက်ဆင်း အိမ်တိုင်ရာရောက်ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်နည်းအတိုင်း တိုက်ကျွေးပေးနေသော်လည်း အချို့ဒေသများသည် ဒေသအခြေအနေကြောင့် လုပ်ငန်းလိုအပ်ချက်အရ ဇန်နဝါရီ ၂၇ ရက်အထိ ဆေးတိုက်ကျွေးပေးပြီးမှသာ လွှမ်းခြုံမှုပြည့်မီနိုင်မည်ဖြစ်၍ နှစ်ရက်ပိုပြီးတိုက်ကျွေးပေးနေခြင်းဖြစ်ကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းလှိုင်က ပြောကြားသည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ အိမ်တိုင်ရာရောက်ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရာတွင် ရခိုင်ပြည်နယ် ၁၀ မြို့နယ်နှင့် အိမ်မီးချင်းငါးမြို့နယ်တို့တွင် လည်းကောင်း၊ ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ အိမ်တိုင်ရာရောက်ကောက်သင်းကောက်ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရာတွင် ရခိုင်တစ်ပြည်နယ်လုံး (၁၇ မြို့နယ်) နှင့် အိမ်မီးချင်းငါးမြို့နယ်တို့တွင် မွေးကင်းစမှ အသက်ငါးနှစ်အရွယ်အထိ ကလေးငယ်တိုင်းကိုတိုက်ကျွေးပေးနိုင်ခဲ့သည်။

မောင်တောမြို့နယ်သည် ၂၀၁၅ ခုနှစ်က အသွင်ပြောင်းပိုလီယိုပိုးကို တွေ့ရှိရသောဒေသဖြစ်၍ မောင်တောနှင့် ဘူးသီးတောင်နှစ်မြို့နယ်အားဖြစ်ပွားရာဒေသ(Outbreak Township)ဟု သတ်မှတ်ပြီး ယင်းနှစ်မြို့နယ်အား ဒုတိယအကြိမ်တိုက်ကျွေးမှုမှစ၍ မွေးကင်းစမှသက်ကြီးပိုင်းအထိ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့ပြင် တစ်ဖက်နိုင်ငံ (ဘင်္ဂလားဒေ့ရှ်နိုင်ငံ)မှ ဝင်ရောက်လာသူများကိုလည်း နယ်စပ်ဂိတ်များမှတစ်ဆင့် တိုက်ကျွေးပေးခဲ့သည်။



ဘင်္ဂလားဒေ့ရှ်မှ ဝင်ရောက်လာသူများအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးနေစဉ်။

ယခု ဒေသအလိုက်ကာကွယ်ဆေးတိုက်နေ့များတွင် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များ၌ ဒုတိယအကြိမ်တိုက်နည်းများအတိုင်း တိုက်ကျွေးပေးနိုင်ခဲ့သည်။

ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရာတွင် ရည်မှန်းဦးရေ ၄၈၁၅၉၉ ဦး ရှိပြီး ယနေ့ထိ တိုက်ကျွေးပေးနိုင်မှုမှာ ၃၇၁၉၂၅ ဦးရှိကာလွှမ်းခြုံမှုရာခိုင်နှုန်း ၇၇ ဒသမ ၂၅ အထိ ရှိနေပြီဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၆ ခုရှိ မြို့နယ်ပေါင်း ၃၃၀ တွင် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်ထိအမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဖေဖော်ဝါရီ ၂၀၁၆ (National Immunization Days, February 2016) အဖြစ် သတ်မှတ်ကာ မွေးကင်းစမှ အသက်ငါးနှစ်အရွယ်ထိ ကလေးငယ်တိုင်းကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ကိုကြီးစော**

# အသီးအနှံများကြီးထွားရန်နှင့် ဝင်းဝါရန် ဓာတုဆေးသုံးစွဲမှု ပိုမိုများပြားလာ

ခေတ်မီ ဓာတုဆေးပစ္စည်းများ အလွန်ပေါများလာသည့် ခေတ်တွင် ယနေ့ စားသုံးသူများ ဝယ်ယူနေကြသည့် အသီးအနှံများသည် ဓာတ်မြေဩဇာ ပိုမိုသုံးစွဲမှုနှင့် ဆေးဆိုးမှုများ ပိုမိုများပြားလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ အငြိမ်းစား ပါမောက္ခဆရာဝန်ကြီး ဦးကျော်သာလှအေးက ပြောသည်။

ယနေ့ စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးသီးနှံ ပိုမိုထွက်ရှိရေးနှင့် သီးနှံကြီးထွားရန် ဓာတ်မြေဩဇာများ ပိုမိုသုံးစွဲလာလျက်ရှိသည်။ ထို့အပြင် ဈေးကွက်အတွင်း ရောင်းပန်းလှနိုင်ရန်အတွက် သီးနှံစိမ်းများအား ဓာတုဆေးရည် သုတ်လိမ်းမှုများကိုလည်း ဈေးဝန်းကျင်တွင် နေထိုင်သူများ နေ့စဉ်နှင့်အမျှ မြင်တွေ့နေရသည်။



ရောင်းပန်းလှရန် ဆေးဖြင့်အုပ်ထားသော ငှက်ပျောသီးများကို တွေ့ရစဉ်။

စာရေးသူအိမ်အနီးမှ ငှက်ပျောသီးဒိုင်တွင် ညနေမှရောက်လာသော ငှက်ပျောသီးအဖီးများအား ညရှစ်နာရီခန့်တွင် ဇလုံအတွင်းရေဖြင့် ဖျော်စပ်ထားသော ဓာတုဆေးရည်အား ငှက်ပျောသီးအဖီးများ အပေါ်တွင် သုတ်လိမ်း၍ အဝတ် သို့မဟုတ် အုပ်ဆောင်းတစ်ခုဖြင့် လုံခြုံစွာအုပ်ဆိုင်းထားလိုက်ပါက နံနက်ဈေးအမီ ဝင်းဝါစိုပြည်သော ရောင်းပန်းလှသီးနှံအဖြစ်သို့ ရောက်ရှိသွားသည်ကို တွေ့ရသည်။

ထို့ကြောင့် ယနေ့ကာလတွင် သဘာဝအတိုင်းသီးမှု၊ သဘာဝအတိုင်းမှည့်မှုနှင့် မူလအရသာအတိုင်း စားသုံးရန် အလွန်မှပင်ရှားပါးသွားပြီဖြစ်သည်။ ထို့ကြောင့် သဘာဝအတိုင်း အသီးအနှံများစားသုံးနိုင်ရန်အတွက် မိမိအိမ်ခြံအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးရန် အထူးလိုအပ်လာပြီဖြစ်သည်။

ဓာတုမြေဩဇာများ ပိုမိုထည့်သွင်းစိုက်ပျိုးဖြစ်ထွန်းလာသော သီးနှံများ၊ အရောင်လှရန် ဆေးစိမ်ထားသော သီးနှံများအား စားသုံးလာခြင်းကြောင့် အနိမ့်ဆုံး ဝမ်းပျက်၊ ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါမှ သန္ဓေသား ချို့ယွင်းလာခြင်း၊ အဆုတ်ရောဂါ၊ နှလုံးရောဂါများဖြစ်လာနိုင်ခြင်းအပြင် ဦးနှောက်နှင့် အာရုံကြောများထိခိုက်လာခြင်း၊ နောက်ဆုံးအဆင့် ကင်ဆာဝေဒနာခံစားမှုများ ဝင်လာနိုင်ကြောင်း ဆရာဝန်ကြီးတစ်ဦး၏ အသီးအနှံများနှင့်ဓာတုဆေးများအကြောင်း ဟောပြောပွဲတစ်ခုတွင် နားထောင်ခဲ့ဖူးသည်။

ထို့ကြောင့် ဈေးများအတွင်း ရောင်းချနေသော သီးနှံများဝယ်ယူကြရာတွင် လိုအပ်သည်ထက်ပိုမိုမှည့်ဝင်းနေသော သီးနှံများ၊ သဘာဝထက်ပိုမိုကြီးထွားနေသော သီးနှံများကို ဝယ်ယူစားသုံးခြင်းမှ ရှောင်ကြဉ်သင့်ကြောင်း ဒေသန္တရကျန်းမာရေးဌာနမှ တာဝန်ခံဆရာဝန်တစ်ဦးက မြို့နယ်ကျန်းမာရေး အသိပညာပေးဟောပြောပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ပညာပေးနှိုးဆော်မှုများတွင် ထိုကဲ့သို့သော သီးနှံများဝယ်ယူစားသုံးခြင်းမှ အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြရန်နှင့် စားသုံးရန် ဝယ်ယူမိသည့်အခါတိုင်း ရေဖြင့်စင်ကြယ်စွာ ဆေးကြောခြင်း၊ စနစ်တကျ ချက်ပြုတ်ပြီးမှသာ စားသုံးရန်သင့်ကြောင်း အခါအားလျော်စွာ နှိုးဆော်မှုများပြုလုပ်လျက်ရှိနေသည့်အပြင် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ စည်ပင်တို့ပူးပေါင်း၍ ရက်လွန်အစားအစာများရောင်းချခြင်းနှင့် ဓာတုဆိုးဆေးများသုံးစွဲရောင်းချခြင်းတို့အား ရှောင်တခင်လိုက်လံ စစ်ဆေးမှုများပြုလျက်ရှိကြောင်း သိရသည်။

**သတင်း-အဝယ်တော်ဖိုးထော်**
**ဓာတ်ပုံ-ဘော်ဂါသွေး**

*စာမျက်နှာ ၉ မှ*

**နိဂုံး**

နိုင်ငံတော်အစိုးရ၏ LDCs မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းချက်များ စတင်ကြိုးပမ်းဆောင်ရွက်ချိန်၌ပင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်း (LDCs) အဖြစ် ရရှိနိုင်သောအကျိုးရလဒ်များကို ဆက်လက်ရယူခံစားသင့်ကြောင်း ဝေဖန်အကြံပြုချက်များလည်း ကြားသိရပါသည်။ အထက်တွင် တင်ပြခဲ့သည့်အတိုင်း LDCs မှ လွတ်မြောက်ရန်မှာ တစ်မနက်တည်း၊ တစ်ရက်တည်း နှစ်အနည်းငယ်အတွင်း လွယ်လွယ်ကူကူနှင့် ဆောင်ရွက်၍ ရရှိနိုင်သောအရာမဟုတ်ပါ။ LDCs ဟု စတင်သတ်မှတ်ခဲ့သည့် ၁၉၇၁ ခုနှစ်မှစ၍ နှစ်ပေါင်း ၄၀ ကျော်အတွင်း လွတ်မြောက်ခဲ့သည့်နိုင်ငံ လေးနိုင်ငံသာရှိခဲ့သည့်အချက်ကို ထောက်ရှု၍ LDCs မှ လွတ်မြောက်ရေးသည် မည်မျှခက်ခဲကြောင်း ခန့်မှန်းနိုင်ပေမည်။ LDCs လွတ်မြောက်ပြီးနောက်ပိုင်းတွင်လည်း ဖွံ့ဖြိုးမှုကို ဆက်လက်ထိန်းသိမ်းထားနိုင်စွမ်း ရှိ/မရှိ အခြေအနေနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် အသွင်ကူးပြောင်းမှုမဟာဗျူဟာ (Transition Strategy) အား အကောင်အထည်ဖော်မှုကိုလည်း ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်သည်။

ထို့အပြင် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းနှင့် ၂၀၁၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ရေဘေးအန္တရာယ်များကဲ့သို့ နိုင်ငံတော်၏ အထွေထွေဖွံ့ဖြိုးတိုးတက်မှုများကို ထိခိုက်စေနိုင်သည့် သဘာဝဘေးအန္တရာယ်များကြောင့်လည်း LDCs မှ လွတ်မြောက်ရေးဆိုင်ရာ စံနှုန်းပြည့်မီရေးကို ထိခိုက်မှုများရှိလာနိုင်မည်ဖြစ်ပါသည်။ ပြန်လည်ထူထောင်ရေးကာလတွင် ပြည်သူတို့၏ လူမှုရေးဘဝ ပုံမှန်ပြန်လည်ရောက်ရှိရေးသာမက ယခင်ကထက်ပင် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဦးစားပေးကြိုးပမ်းဆောင်ရွက်ရေးသည် အရေးကြီးပေသည်။

လက်ရှိတွင် နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတိုးတက်မှုများအခြေခံသော LDCs လွတ်မြောက်ရေးဆိုင်ရာ သတ်မှတ်စံနှုန်းများ ပြည့်မီရေးအတွက် ကဏ္ဍအလိုက် ကြိုးပမ်းဖြည့်ဆည်းလျက်ရှိပါသည်။ LDCs မှ လွတ်မြောက်ရေးပင်မစီမံကိန်း (Master Plan) အပါအဝင် အခြားသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကြောင့်လည်း လွတ်မြောက်ရေးလုပ်ငန်းစဉ်များကို စနစ်တကျနှင့် ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သလို ပြည်သူလူထု၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားတိုးတက်ရေးကို အထောက်အကူပြုစေသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း LDCs အဖြစ်မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းခြင်းသည် နိုင်ငံ၏စီးပွားရေးခိုင်မာလာမှုနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာခြင်းကို ဖော်ညွှန်းရာရောက်သဖြင့် ကမ္ဘာ့နိုင်ငံများမှ မြန်မာနိုင်ငံအပေါ် ယုံကြည်ချက်များတိုးမြင့်လာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုလည်း တိုးတက်ရရှိစေလာမည်ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံသားတိုင်းက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ဆောင်ရွက်ခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆီသို့ ပို့ဆောင်ပေးမည့်ယာဉ် (LDCs Graduation is a vehicle for development)အဖြစ်ရှုမြင်၍ တက်တက်ကြွကြွပါဝင်ဆောင်ရွက်သွားသင့်ပါသည်။ LDCs နိုင်ငံအဆင့်မှ လွတ်မြောက်ရေးသည် အစိုးရအဖွဲ့အစည်းတစ်ခုတည်းအနေဖြင့် ဆောင်ရွက်၍ရမည်မဟုတ်ဘဲ နိုင်ငံသူနိုင်ငံသားအားလုံးက ပူးပေါင်းပါဝင်၍ မိမိတို့၏လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်မြန်းရယူသွားရမည့် ရည်မှန်းချက်ပန်းတိုင်တစ်ခုဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။

**ကျမ်းကိုးစာရင်း**


- ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဆိုင်ရာသိမှတ်ဖွယ်ရာများနှင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ် ဝင်ရောက်ခဲ့မှုအခြေအနေလေ့လာတင်ပြချက် (သံအမတ်ကြီး(ငြိမ်း) ဦးလှမောင်)
- CDP, Handbook on the Least Developed Country Category: Inclusion, Graduation and Special Support Measures, UN, November 2008
- CDP, Report on the Seventeenth session, 23-27 March 2015


# သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့် ၄င်း၏ခန့်အပ်လွှာပေး

**နေပြည်တော် ဇန်နဝါရီ ၂၈**

ဖင်လန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်သည် ၄င်း၏ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် ဟယ်လ်စင်ကီမြို့၌ ဖင်လန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆူလီ ဗိုင်နာမို နီနစ်တိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# အချိန်အခါမဟုတ် မိုးရွာမှုကြောင့် ရွှေယင်းမာ၊ ပဲကြီးစိုက်တောင်သူများစိုးရိမ်နေ

**တပ်ကုန်း ဇန်နဝါရီ ၂၇**

နေပြည်တော် တပ်ကုန်းမြို့နယ်၌ ဇန်နဝါရီ ၂၅ ရက် ညက အချိန်အခါမဟုတ်မိုးရွာသွန်းသည့်အတွက် ရွှေယင်းမာခင်းနှင့်ပဲကြီးခင်းများတွင် အပွင့်အသီးများ ဝေဆာနေသောအရွယ်ဖြစ်ခြင်းကြောင့် အချိန်အခါမဟုတ်မိုးရွာသွန်းထိမှန်ပြီး သီးနှံနှန်းနည်း၍ ပဲအထွက်နည်းမည်ကို တောင်သူများ စိုးရိမ်နေကြကြောင်း သိရသည်။

အဆိုပါမိုးရွာသွန်းမှုကြောင့် ပဲခင်းများတွင် ပွင့်ကပ်၊ ပွင့်ခြောက်များမလိုက်ရန် နည်းပညာများလိုအပ်နေကြောင်း ရွှေယင်းမာ၊ ပဲကြီးခင်းစိုက်ပျိုးထားသော တောင်သူတစ်ဦးက ပြောသည်။

**တင်စိုးလွင်**

# ကချင်ပြည်နယ်တွင် ရာသီဥတုအအေးပို၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများရပ်ဆိုင်းထားရ



**ဆော့လော် ဇန်နဝါရီ ၂၇**

ကချင်ပြည်နယ် ဆော့လော်မြို့နယ် မီမော်၊ လန်ဆယ်နှင့် လကင်ဒေသတို့၌ ဇန်နဝါရီလအတွင်း ရာသီဥတုအအေးပို၍ အနုတ် ၅ ဒီဂရီစင်တီဂရိတ်ရှိပြီး ရေခဲများဖုံးလွှမ်းလျက်ရှိသည်။ ဆီးနှင်းများကျရောက်ခြင်း၊ ရေခဲများဖုံးလွှမ်းလျက်ရှိခြင်းတို့ကြောင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှု ရပ်ဆိုင်းထားရသည်။ ဒေသဖွံ့ဖြိုးရေးလုပ်ကိုင်ဆောင်ရွက်နေသူများသည် အသက်အန္တရာယ်ထိခိုက်မှုမရှိစေရေးအတွက် ရေခဲပြင်ကြားမှ ဘေးလွတ်ရာဒေသသို့ ခက်ခက်ခဲခဲပြန်လာခဲ့ရကြောင်း သိရသည်။

**ဆီမီးခုံ -နန်းရီ**



# တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာသွန်းမည့် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂၇**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ ဇန်နဝါရီ ၂၈ ရက်တွင် ကချင်ပြည်နယ်၌ နေရာစိပ်စိပ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**(မြန်မာ့အလင်း)**

# တစ်ချက်တည်းကျင်းဝင်သူအား ဂုဏ်ပြု



ဇန်နဝါရီ ၂၄ရက် မွန်းလွဲပိုင်းက ဥက္ကလာဂေါက်ကွင်း ဥက္ကလာဂေါက်ကလပ်ခန်းမ၌ ကျင်းပသည့် တစ်ချက်တည်းကျင်းဝင်သူအား ဂုဏ်ပြုအခမ်းအနားတွင် ဇန်နဝါရီ ၂၃ရက်က တစ်ချက်တည်းကျင်းဝင်ခဲ့သူ ဦးနေမျိုးထိုက်အား တာဝန်ရှိသူတစ်ဦးက TOYOTA BELTA ကားအသစ်တစ်စီးကို ပေးအပ်ချီးမြှင့်ခဲ့သည်။


**CLAIMS DAY NOTIC**

**M.V GOLDEN FAN VOY:NO(167A)**

Consignees of cargo carried by M.V GOLDEN FAN VOY:NO (167A) are here by notified that the vessel will arrive on about 29-1-2016 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၁၁၈၇)၊ ဧရိယာ၀ဒသမ၁၅၄၈ဧက၊ ဦးရဲဦး အမည်ပေါက် နှစ်(၃၀)အငှားဂရန် မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၇၂/၂၀၁၅ (၁၈-၃-၂၀၁၅)ဖြင့် ဦးရဲဦး၏ အထွေထွေကိုယ်စားလှယ်ရရှိထားသူ ဒေါ်စောမြင့်သိန်း ၃/ဘအန(နိုင်)၀၁၄၈၉၀(ဘ)ဦးကျော်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၇ယ/၂၁၂၅၆ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးသော်ဇင်ဦး ၆/မမန(နိုင်)၂၂၇၁၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

# မုန်တိုင်းဖြစ်စဉ်များနှင့် ရာသီဥတုဆိုးရွားမှုတို့ကို ကြိုတင်တွက်ချက်နိုင်သည့် ရေဒါတပ်ဆင်မည်

**မန္တလေး ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံအထက်ပိုင်းဒေသအားလုံးတွင် ထူးခြားသောမိုးလေဝသအခြေအနေများဖြစ်ပေါ်လာပါက ယင်းအခြေအနေများ၏တည်နေရာရွေ့လျားမှု၊ ပြင်းထန်မှုများကို စောင့်ကြည့်ထောက်လှမ်း၍ ထိရောက်သောကြိုတင်သတိပေးချက်များ အချိန်မီသတင်းထုတ်ပြန်ပေးနိုင်ရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၌ မုန်တိုင်းဖြစ်စဉ်များနှင့် ရာသီဥတုဆိုးရွားမှုတို့ကို တွက်ချက်တိုင်းတာသောရေဒါကိရိယာ တပ်ဆင်နေပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(အထက်မြန်မာပြည်ဌာနခွဲ)မှ သိရသည်။

မြန်မာနိုင်ငံအတွင်းရှိ ကျောက်ဖြူ၊ ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ရေဒါသုံးလုံးတပ်ဆင်ရန် ၂၀၁၄ ခုနှစ်မှစ၍ စီစဉ်ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် ကျောက်ဖြူမြို့၌ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၉ ရက်က တပ်ဆင်ပြီးစီး၍ အသုံးပြုနေပြီဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် လေဆိပ်အနီး၌ ရေဒါတပ်ဆင်ရန်အတွက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလက မြေအောက်ပိုင်ရိုက်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကာ ၂၀၁၇ ခုနှစ် နှစ်လယ်ပိုင်းတွင် အပြီးသတ်ဆောင်ရွက်နိုင်ရန် စီစဉ်ထားကြောင်း အထက်မြန်မာပြည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

"ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနဲ့ ရေဒါကျွမ်းကျင်အကြံပေးပုဂ္ဂိုလ်တွေရဲ့တွက်ချက်မှုအရ မြို့ပြအဆောက်အအုံတွေ လေယာဉ်တွေနဲ့လွတ်ကင်းပြီး လျှပ်စစ်မီးရရှိမှုနဲ့ တယ်လီဖုန်းဆက်သွယ်ရေးလွယ်ကူမှုအခြေအနေပေါ်မူတည်ပြီး ဒီနေရာကို ရွေးချယ်ထားပါတယ်။ ဂျပန်အေဂျင်စီကတစ်ဆင့် ထောက်ပံ့မှုရရှိခဲ့တဲ့ မိုးလေဝသရေဒါသုံးလုံးနဲ့အတူ မြို့ပေါင်း ၃၀ မှာ အလိုအလျောက် မိုးလေဝသစောင့်ကြည့်တဲ့ရေဒါသုံးလုံးကို ၂၀၁၇ ခုနှစ်မှာ စတင်အသုံးပြုနိုင်တော့မှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။


မန္တလေးမြို့၌ တပ်ဆင်နေသည့် ရေဒါကိရိယာအဆောက်အအုံပုံစံကို တွေ့ရစဉ်။

အဆိုပါ ရေဒါသုံးခုကို သတ်မှတ်ထားသည့် မြို့ကြီးသုံးမြို့၌ တပ်ဆင်ပြီးစီးပါက ယင်းကိရိယာများမှ ဖမ်းယူရရှိသောပုံရိပ်များကို နေပြည်တော် မိုးလေဝသဗဟိုခန့်မှန်းရေးစောင့်ကြည့်ဌာနမှ တိုက်ရိုက်ပြိုဟ်တုစနစ်ဖြင့် ကြည့်ရှုနိုင်သည့်အတွက် ဆိုးရွားသောမိုးလေဝသဖြစ်စဉ်များကို ကြိုတင်ထောက်လှမ်းသိရှိကာ အချိန်မီသတင်းထုတ်ပြန်ပေးနိုင်မည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည်။

လက်ရှိအနေဖြင့်လည်း မိုးလေဝသလေ့လာစောင့်ကြည့်မှုများအနေဖြင့် ၂၄ နာရီ နေ့၊ ညမပြတ် စောင့်ကြည့်လျက်ရှိပြီး မြေပြင်တိုင်းထွာချက်များ၊ ပြည်တွင်းပြည်ပတိုင်းထွာချက်များသာမက မိုးလေဝသစခန်းအသီးသီးမှ ပေးပို့သောတိုင်းထွာချက်များကို မိုးလေဝသမြေပုံများနှင့် လေ့လာဆန်းစစ်ခြင်း၊ ဂျပန်မိုးလေဝသဂြိုဟ်တုမှ ဖမ်းယူရရှိသည့်ပုံရိပ်များကို လေ့လာကြည့်ရှုခြင်းဖြင့် တိမ်ထူခြင်း၊ မြူဆိုင်းခြင်းနှင့် မိုးတိမ်တောင်ဖြစ်ပေါ်ခြင်းများကို အသေးစိတ်လေ့လာစောင့်ကြည့်လျက်ရှိသည်။

မြန်မာနိုင်ငံအထက်ပိုင်းဒေသများအနေဖြင့် နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံးတွင် အိန္ဒိယနိုင်ငံ အနောက်မြောက်ဘက်မှ ရွေ့လျားလာသောအထက်လေထု၏လေပွေလှိုင်းများကြောင့် မိုးထစ်ချုန်းရွာခြင်း၊ မိုးသီးကြွေခြင်းနှင့် အအေးပိုခြင်းများဖြစ်ပေါ်လျက်ရှိပြီး ထူးခြားသော မိုးလေဝသအခြေအနေများကို သတင်းမီဒီယာများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

## *ရှေ့ဖုံးမှ

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့မွန်းလွဲပိုင်းထုတ်ပြန်ချက်တွင် လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နောက်နှစ်ရက်အတွင်း အအေးပိုလာနိုင်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုနှစ် နွေရာသီကာလဖြစ်သည့် ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလတို့တွင် တစ်နိုင်ငံလုံး မိုးရွာသွန်းမှုအခြေအနေများမှာ ရွာသွန်းမြဲ မိုးရေချိန်အောက်လျော့နည်းနိုင်ကြောင်း၊ နေ့အပူချိန်များအနေဖြင့် တစ်နိုင်ငံလုံးတွင် ပျမ်းမျှအပူချိန် (ပုံမှန်အပူချိန်) ထက် ပိုနိုင်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် နွေရာသီကာလများတွင် အယ်နီညိုဖြစ်စဉ်၏ အကျိုးသက်ရောက်မှုကြောင့် မိုးရွာသွန်းမှုနည်းခြင်း၊ နွေရာသီတွင် အပူချိန်မြင့်မားခြင်း စသည့် ရာသီဥတုအခြေအနေများဖြစ်ပေါ်နိုင်ပြီး ပူပြင်းခြောက်သွေ့ခြင်း၊ ရေရှားပါးခြင်းနှင့် အပူချိန်ကြောင့် ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးဆိုင်ရာပြဿနာများ ကြုံတွေ့နိုင်ပါသဖြင့် စိုက်ပျိုးရေး၊ အစားအစာဖူလုံရေး၊ စိုက်ပျိုးရေရရှိရေး၊ ရေပေးဝေရေး၊ သောက်သုံးရေဖူလုံရေး၊ လျှပ်စစ်မီးရရှိရေး၊ ငါးလုပ်ငန်း၊ ရေကြောင်းသွားလာရေး၊ ခရီးသွားလုပ်ငန်း စသည့်ကဏ္ဍများတွင် သက်ရောက်မှုများရှိလာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

၂၀၁၆ ခုနှစ်အစတွင် အမေရိကန် အရှေ့ဘက်ကမ်းခြေတစ်လျှောက်၌ မုန်တိုင်းများဖြစ်ပေါ်ခဲ့ပြီး အာရှတစ်ဝန်းတွင် ယခုထိ အပူချိန်ကျပြီး အေးခဲမှုများ ပိုနေကြောင်း၊ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က အပူဆုံးနှစ်တစ်နှစ်အဖြစ် စံချိန်တင်ခဲ့ကြောင်း၊ ကမ္ဘာ့အပူချိန်သည် ၀ ဒသမ ၇၆ ဒီဂရီ ဆဲလ်စီးရပ်အထိ တက်လာခဲ့ကြောင်း ကုလသမဂ္ဂကမ္ဘာ့မိုးလေဝသအဖွဲ့ကြီး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယခုရာစုနှစ်အတွင်း အပူပြင်းဆုံးနှစ်သည် (၁၄) ကြိမ်ခန့် ရှိခဲ့ပြီး အယ်နီညိုကြောင့် ၂၀၁၅ ခုနှစ်တွင် ပိုပူခဲ့ခြင်းဖြစ်ကြောင်း၊ ရုပ်ကြွင်းလောင်စာများကို အကန့်အသတ်ဖြင့် သုံးစွဲသွားကြရန် ပြီးခဲ့သည့်လက ပါရီညီလာခံတွင် နိုင်ငံပေါင်း ၁၉၀ က သဘောတူခဲ့ကြကြောင်း၊ အပူလှိုင်းများ၊ မိုးခေါင်မှုများ၊ မိုးကြီးမှုများနှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်းများသည် ကမ္ဘာကြီးပူနွေးလာမှုနှင့် တိုက်ရိုက်ပတ်သက်နေကြောင်း နိုင်ငံတကာသတင်းများအရ လေ့လာသိရှိရသည်။

■

---

## အချိန်အခါမဟုတ် ရွာသွန်းသည့်မိုး ဖျက်မိုးမဖြစ်ရန် မျှော်လင့်

**ရေတာရှည် ဇန်နဝါရီ ၂၇** ဇန်နဝါရီ ၂၅ ရက်က ပဲခူးတိုင်းဒေသကြီးအနှံ့အပြားတွင် အချိန်အခါမဟုတ်သည့်မိုးများရွာသွန်းခဲ့ပြီး လက်ရှိ ပဲစိုက်ပျိုးထားသောတောင်သူများအနေဖြင့် အကောင်းနှင့်အဆိုး နှစ်မျိုးကြုံတွေ့ရနိုင်ကြောင်း ဒေသခံများထံက သိရသည်။ ရေတာရှည်မြို့နယ်၌ စိုက်ပျိုးထားသည့် ပဲစိုက်ခင်းများမှာ လက်ရှိအနေအထားအရ ရင့်မှည့်ခြင်းမရှိသေးသည့်အတွက် အကျိုးသက်ရောက်မှုနည်းပါးသော်လည်း တောင်ငူမြို့နယ်မှ ပြွန်တန်ဆာအထိ ရန်ကုန်-မန္တလေး ကားလမ်းဘေး ဝဲ/ယာတစ်လျှောက် ပဲစိုက်ခင်းများမှာ ခူးဆွတ်လျက်ရှိသည့်အတွက် အခါလွန်မိုးသည် တောင်သူများအတွက် ဖျက်မိုးဖြစ်နိုင်ကြောင်း ၎င်းက ဆက်လက်၍ပြောသည်။ ထို့အတူ ဆွာချောင်းတစ်လျှောက် ကြက်သွန်နီစိုက်ပျိုးထားသော တောင်သူများကလည်း မိုးဆက်ရွာပါက ဆွာချောင်းရေကြောင့် ကြက်သွန်စိုက်ခင်းများ ပျက်စီးမည်ကို စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**




# ကုန်သေတ္တာတင်ယာဉ် တိုက်မိ၍ ကမ်းနားလမ်းသစ် မြေထိန်းအုတ်နံရံ၊ အကာအရံများပျက်စီး

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်မြို့ရွှေတောင်တန်းလမ်း ကမ်းနားဘက်ခြမ်းထိပ်အနီး ကမ်းနားလမ်းမသစ်ပေါ်တွင် ဇန်နဝါရီ ၂၆ ရက် ညနေ ၅ နာရီခန့်က ကုန်သေတ္တာတင်ယာဉ်ကြီး တစ်စီးတိုက်မှုကြောင့် အကာအရံ သံတန်းများ၊ ဓာတ်မီးတိုင်၊ မြေထိန်းအုတ်နံရံများ ပျက်စီးခဲ့သည်။ **(ယာပုံ)**

ဆူးလေဘက်မှ အလုံ-ကြည့်မြင်တိုင်ဘက်သို့ မောင်းနှင်လာသော ပေ ၄၀ ကုန်သေတ္တာတင်လာသည့် နောက်တွဲယာဉ်ကြီး တစ်စီးသည် ယင်းနေရာအရောက် ခေါင်းတွဲမှာ လမ်းဘေးသို့ ထိုးကျသွားသည်။ လမ်းဘေးတွင် အကာအရံသံတန်း နှစ်တန်းရှိသဖြင့် ကမ်းနားလမ်း ဟောင်းပေါ်တို့ ပြုတ်ကျသွားခြင်း မရှိပေ။ သို့သော်အကာအရံသံတန်း၊ ဓာတ်မီးတိုင်၊ ပေ ၁၀၀ ဝန်းကျင်ရှိ မြေထိန်း အုတ်နံရံများ ပြိုကျပျက်စီးသွားသည်။ လူနှင့်လမ်းဘေးရပ် ယာဉ်ငယ်များ ထိခိုက်ပျက်စီးမှုမရှိဘဲ ည ၆ နာရီဝန်းကျင်တွင် အဆိုပါယာဉ်ကို ကရိန်းကားဖြင့် ဖယ်ရှားဆွဲယူသွားသည်ကို မြင်တွေ့ရသည်။

မြစ်ရေကြီးရေလျှံမှုကြောင့် နှစ်နေရာ၊ ကုန်သေတ္တာတင်ယာဉ်နှင့် ဘီလပ်မြေဖျော်စက်ပါ ယာဉ်ကြီးများ အရှိန်လွန်ကျမှုသုံးကြိမ်ကြောင့် သုံးနေရာ စုစုပေါင်း ငါးနေရာ ကမ်းနားလမ်းမသစ်ကြီး၏ ၁၉ လမ်းထိပ်ကမ်းနားဘက်ခြမ်းနှင့် ၇ လမ်းထိပ် ကမ်းနားဘက်ခြမ်းအကြားတွင် မြေထိန်းအုတ်နံရံ၊ သံအကာအရံတန်းများ ပျက်စီးပြိုကျမှုရှိပြီး ကမ်းနားလမ်းဟောင်းဘေး ရပ်ထားသော ယာဉ်ကြီး ယာဉ်ငယ် ၁၀ စီးဝန်းကျင် ထိခိုက်ပျက်စီးမှုတို့ ငါးလတာကာလအတွင်းကြုံတွေ့ခဲ့ရသည်။

ကမ်းနားလမ်းမသစ်၏ ကမ်းနားဘက်ခြမ်းအုတ်နံရံဘေးအနီးတစ်လျှောက် ယခုနှစ် ဇန်နဝါရီ ၁၀ ရက်မှစ၍ လျှပ်စစ်ရထား စတင်၍ နေ့တိုင်း ပြေးဆွဲနေသည်။ သို့ဖြစ်ရာ ကမ်းနားကွန်ကရစ်လမ်းမသစ်ပေါ် မောင်းနှင်နေသော ကုန်တင်ယာဉ်အကြီးစားများ စည်းကမ်းတကျ ပြေးဆွဲလာရေး ထိန်းသိမ်းဆောင်ရွက်မှု အလေးထားလုပ်ဆောင်မှသာလျှပ်စစ်ရထားပြေးဆွဲရာတွင် လုံခြုံစိတ်ချမှုရှိနိုင်သည်ဟု လမ်းမတော် မြို့နယ်နေသူတစ်ဦးကဆိုသည်။

**ခင်ဆိုင်**



# ယာဉ်မောင်းအရက်မူးလွန်သဖြင့် နန်းထိုက်စံအဝေးပြေးယာဉ်ကို လမ်းဘေး၌ရပ်ထားရ

**ကျောင်းကုန်း ဇန်နဝါရီ ၂၇**

ပုသိမ်မြို့မှ ယနေ့ ညနေ ၄ နာရီခန့်တွင် ထွက်ခွာလာသော ပုသိမ်-ရန်ကုန် အဝေးပြေးယာဉ်လိုင်း "နန်းထိုက်စံ" ယာဉ်အမှတ် 9I/---သည် ယာဉ်မောင်း အရက်မူးလွန်နေသဖြင့် ကျောင်းကုန်းမြို့အနီးအရောက် ယာဉ်မတော်တဆမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ပေါ်ပါခရီးသည်တစ်ဦးက ယာဉ်မောင်းမှာ မော်တော်ယာဉ် စတင်ထွက်ခွာစဉ်ကတည်းက အရက်မူးနေကြောင်း၊ ခရီးစဉ်တစ်လျှောက်တွင်လည်း ဆန့်ကျင်ဘက်ယာဉ်ကြောသို့ မကြာမကြာရောက်ရှိသွားခြင်း၊ ရှေ့မှသွားနေသည့် မော်တော်ယာဉ်များကိုလည်း အန္တရာယ်ဖြစ်နိုင်သည့်အနေအထားဖြင့် ကျော်တက်မောင်းနှင်ခြင်းတို့ကြောင့် ယာဉ်တိမ်းမှောက်မည့်အခြေအနေများ ဖြစ်ပွားခဲ့ကြောင်း ပြောကြားသည်။

အဆိုပါယာဉ်ပေါ်၌ ခရီးသည် ၃၀ နီးပါးခန့် စီးနင်းလိုက်ပါလာကြပြီး ပုသိမ်တက္ကသိုလ်မှ ဆရာမများနှင့် ဝန်ထမ်းအချို့တို့လည်း လိုက်ပါလာခဲ့ကြောင်း သိရသည်။

"ဆိုင်ကယ်မောင်းလာတဲ့စုံတွဲကို ကားက တိုက်မိမလိုဖြစ်ပါတယ်။ ကံကောင်းတာက ဆိုင်ကယ်ကို မောင်းနှင်တဲ့သူက လယ်ကွင်းဘေးဆင်းချသွားလို့တော်သေးတယ်။ နောက်တစ်ကြိမ်ကတော့ ကုန်တင်ကားနဲ့ချိတ်မိတာပါ။ မမှောက်တာကံကောင်းတယ်။ တစ်လျှောက်လုံး ရင်တမမနဲ့စီးလာခဲ့ရတယ်" ဟု ယာဉ်ပေါ်စီးနင်းလိုက်ပါသူတစ်ဦးက ပြောသည်။

ကုန်တင်ယာဉ်နှင့် ချိတ်မိသဖြင့် ကျောင်းကုန်းမြို့အနီး ရန်ကုန်မြို့နှင့် မိုင် ၈၀ ခန့်ဝေးသည့် ကားလမ်းဘေး၌ ယာဉ်ကိုရပ်နားထားရကြောင်း၊ မော်တော်ယာဉ်အကူက ခရီးသည်များကို လိုက်လံတောင်းပန်ထားပြီး၊ အနီးရှိစားသောက်ဆိုင်တွင် စားသောက်နားနေရန်အတွက် စီစဉ်ပေးထားကြောင်း၊ ယာဉ်လိုင်းဂိတ်ကလည်း ရန်ကုန်မှ အခြားမော်တော်ယာဉ်တစ်စီးကို စေလွှတ်ထားကြောင်း သိရသည်။

"ယာဉ်လိုင်းကလည်း လှမ်းပြီးတောင်းပန်တာကြားရတယ်။ အမြန်ဆုံးစေလွှတ်ပေးမယ်လို့လည်းပြောပါတယ်။ ယာဉ်မောင်းကတော့ အခုထိ မူးနေသေးတယ်။ သူက ကားကိုဆက်မောင်းမယ်လို့ ပြောပါသေးတယ်။ အားလုံးက လက်မခံကြဘူး" ဟု ခရီးသည်တစ်ဦးကပြောသည်။

အဆိုပါယာဉ်လိုင်းရှိ ကားလက်မှတ်များတွင် ခရီးသည်များ လိုက်နာရန်အတွက် ယာဉ်ပေါ်တွင်မူးယစ်သောက်စားခြင်း၊ ဆူညံခြင်းမပြုလုပ်ရဟု ရေးသားထားသည်ကို တွေ့ရပြီး ဖြစ်စဉ်ကို ဒဂုံ-ဧရာ မထသ (အဝေးပြေး) သို့ အသိပေးအကြောင်းကြားမည်ဟုလည်း ခရီးသည်တစ်ဦးကပြောသည်။

**ခင်ရတနာ**

# ဟသ်ာတမြို့၌ ဓားထိုးမှုဖြစ်ပွား၊ ပြစ်မှုကျူးလွန်သူက လာရောက်အဖမ်းခံ

**ပုသိမ် ဇန်နဝါရီ ၂၇**

ဟသ်ာတမြို့ မြို့လယ်ဥယျာဉ်တောင် (၃) ရပ်ကွက် ဘုရားကြီးလမ်း၌ရှိသော CRAZY (1) လက်ဖက်ရည်ဆိုင်တွင် ဓားဖြင့်ထိုးသည့်လူသတ်မှုဖြစ်ပွားခဲ့ပြီး ပြစ်မှုကျူးလွန်သူကိုယ်တိုင် သက်သေခံဓားနှင့်အတူ ရဲစခန်းသို့ ကိုယ်တိုင်လာရောက်၍ အဖမ်းခံဖြောင့်ချက်ပေးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၄ ရက် ညနေ ၃ နာရီခွဲက ဟသ်ာတမြို့ ကနောင်စုရပ်ကွက် ပြည်တော်သာလမ်းနေ သိန်းလှိုင်ဦး(ခ) ကျော်သူရ (၃၅ နှစ်)သည် ဇန်နဝါရီ ၂၄ ရက် ညနေ ၃ နာရီခွဲက ဟသ်ာတမြို့မရဲစခန်းသို့ လူသတ်မှုကျူးလွန်ခဲ့သည့် ဓားတစ်ချောင်းကို စခန်းမှူး ဒုရဲမှူး မောင်မောင်အေးထံ အပ်နှံပြီး ကိုယ် တိုင်ဖြောင့်ချက်ပေး ထွက်ဆိုသည်မှာ ၎င်းသည် ဇန်နဝါရီ ၂၄ ရက် ညနေ ၃ နာရီခွဲခန့်က ဥယျာဉ်တောင်ရပ်ကွက် မြို့သူကြီးဘုရားလမ်း၌ရှိသော CRAZY (1) လက်ဖက်ရည်ဆိုင်၌ ယခင်က ရန်ငြိုးရှိထားသော မယားညီအစ်ကိုတော်စပ်သူ လှမျိုးမောင် (၄၄ နှစ်) ဟသ်ာတမြို့သူကြီးဘုရားလမ်း ဥယျာဉ်တောင်ရပ်ကွက်နေသူအား တွေ့ရှိရသဖြင့် ယခုလာရောက်အပ်နှံသော သက်သေခံဓားဖြင့် ထိုးသတ်ခဲ့ပါကြောင်း ဖြောင့်ချက်ပေး ထွက်ဆိုသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့မရဲစခန်းမှူး ဒုရဲမှူးမောင်မောင်အေးနှင့် တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာသို့ အသိသက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ လှမျိုးမောင်မှာ ဒဏ်ရာများရရှိပြီး သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ရဲဆေးစာနှင့် ဟသ်ာတခရိုင် ပြည်သူ့ဆေးရုံကြီးသို့ သေဆုံးသူအားပို့အပ်ပြီး အမှုစစ်အရာရှိ ဒုရဲမှူးမောင်မောင်အေး၏ တိုင်တန်းချက်အရ ဟသ်ာတမြို့မရဲစခန်းက အမှုဖွင့်၍ ပြစ်မှုကျူးလွန်သူ သိန်းလှိုင်ဦး(ခ) ကျော်သူရအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

စာသမားတို့ရဲ့ ဘာမှန်း ရသစုံစာစဉ်
ဆိုင်ပေါ်ရောက်ပါပြီ
ဖုန်း - ၀၉-၅၀၂၅၄၇၁၉၅

## ဖခင်အမည်မှန်

ပခုက္ကူမြို့၊ အထက(၂) အဋ္ဌမတန်း(H)မှ မခင်မီမီကျော်၏ ဖခင်အမည်မှန်မှာ ဦးစံလွင်ဖြစ်ပါသည်။

**ဦးစံလွင် ၈/ပခက(နိုင်)၁၉၅၂၄၉**

ကားမျိုးစုံ ငှားနိုင်ပါသည်။
ခရီးစဉ်မျိုးစုံအတွက် ကားမျိုးစုံနှင့် လချုပ်များလည်း ငှားနိုင်ပါသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
MT&K Tours Ph:01-656573
09-31065335, 09-975599880

## မွေးသက္ကရာဇ်အမှန်

သံဖြူဇရပ်မြို့နယ်၊ နှစ်ကိုင်းကျေးရွာနေ ဦးအောင်ရင်၏သမီး မသင်းသင်းနု ၁၀/သဖရ(နိုင်)၁၂၃၄၁၆၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၁၂-၁၉၈၈ဖြစ်ပါကြောင်း။

**မသင်းသင်းနု ၁၀/သဖရ(နိုင်)၁၂၃၄၁၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မကွေးခရိုင်တရားမရုံးတော်၌**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၈**

ဦးဆုလှိုင် **နှင့်** ၁။ ဦးသိန်းလှ
၂။ ဒုဗိုလ်မှူးကြီးကျော်ထူးလွင်(ငြိမ်း)
၃။ ဒုဗိုလ်မှူးကြီး သန်းမြင့်(ငြိမ်း)

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကာကွယ်ရေးလေ့ကျင့်ရေးဦးစီးဌာန၊ (ယခုနေရပ်လိပ်စာမသိသူ)၊ (၂-တရားပြိုင်)ဒုဗိုလ်မှူးကြီးကျော်ထူးလွင်(ငြိမ်း) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သိန်းဇော်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မကွေးခရိုင်တရားရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန၊ စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ် တွင်းကြီး(ပရိမ္မ) မြစ်ရေတင်လုပ်ငန်းမှ ၂၀၁၅-၁၆ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

| **စဉ်** | **လုပ်ငန်းအမည်** | **အရေအတွက်** |
|---|---|---|
| (က) | ကွန်ကရစ်ကားလမ်းကူးတံတားပြုပြင်ခြင်း | ၁-ခု |
| (ခ) | သစ်သားတံတားအားကွန်ကရစ် ကားကူးတံတားတိုးချဲ့ပြုပြင်ခြင်း | ၁-ခု |

၂။ **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၂၀-၁-၂၀၁၆ရက်
၃။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၉-၁-၂၀၁၆ရက်
၄။ **တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၂-၂-၂၀၁၆ရက် နံနက် ၁၀း၀၀နာရီ
၅။ တင်ဒါလျှောက်လွှာပုံစံများကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ စစ်ကိုင်းခရိုင်ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၂-၂၁၆၇၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း**

## ထုချေစေရန်အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**မကွေးခရိုင်တရားရုံးတော်၌**

**၂၀၁၅ခုနှစ် တရားကြီးမှုအမှတ်-၂၇ နှင့်ဆက်သွယ်သည်**

**၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၃**

ဒေါ်မြင့်မြင့်အေး **နှင့်** ၁။ ဗိုလ်ကြီးထွန်းရီ(ငြိမ်း)
၂။ ဦးမြတ်သူ

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ဗိုလ်ကြီးထွန်းရီ (ငြိမ်း)၊ အမှတ် ၁၀၁၊ တပ်ရင်း၊ ပခုက္ကူမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၇တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်မြင့်မြင့်အေးမှ လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်စုံတစ်ခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက် (၁၃၇၇ ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သိန်းဇော်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မကွေးခရိုင်တရားရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေး(၃)၊ တံတားအထူးအဖွဲ့(၁၁)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့် သာကေတတံတားသစ် လျှပ်စစ်လုပ်ငန်းသုံး အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါဝယ်ယူလိုပါသည်။

-လျှပ်စစ်မီးတိုင်နှင့်ကေဘယ်ဝိုင်ယာကြိုးများ

အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များကို ၂၈-၁-၂၀၁၆ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၄-၂-၂၀၁၆ရက် မွန်းတည့် ၁၂နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်သည်။

အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၁၁)၊ သာကေတဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၅၅၅၇၇၃သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၁၁)ရန်ကုန်**

## အမည်ပြောင်း

ဦးအောင်ထွန်းဝင်း-ဒေါ်ချိုနီတို့၏ တစ်ဦးတည်းသောသား အမက(၈)၊ သဃ်န်းကျွန်း၊ စတုတ္ထတန်း(င)မှ မောင်အောင်သူခန့်အား ယနေ့မှစ၍ မောင်အောင်ဆက်ပိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်ဆက်ပိုင်**

## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၃၈၁၇၃၊ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသိန်း၁၄/ပသန(နိုင်)၀၁၃၆၀၅က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်AA/4358 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်5I/8846 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

# ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေပြဋ္ဌာန်း

**၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇ ။)**
**၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်**
**(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အခကြေးငွေ** ဆိုသည်မှာ အလုပ်ရှင်၏ နာရီပိုင်းအလုပ်၊ နေ့စဉ်အလုပ်၊ အပတ်စဉ်အလုပ်၊ လစဉ်အလုပ် သို့မဟုတ် အခြားအချိန်ပိုင်းအလုပ်တစ်ခုခုကို အလုပ်သမားက လုပ်ကိုင်ဆောင်ရွက်ပေးရသဖြင့် ရသင့်သော အခကြေးငွေနှင့် လုပ်ခလစာတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် အချိန်ပိုလုပ်ခသည်လည်းကောင်း၊ အလုပ်သမား၏ စွမ်းဆောင်ရည်ကောင်းမွန်သဖြင့် သို့မဟုတ် အကျင့်စာရိတ္တကောင်းမွန်သဖြင့် အလုပ်ရှင်ကအပိုပေးသည့် ဆုကြေးငွေများသည်လည်းကောင်း၊ ဝင်ငွေအဖြစ် သတ်မှတ်နိုင်သော အခြားငွေနှင့် အကျိုးခံစားခွင့်များသည်လည်းကောင်း ပါဝင်သည်။ သို့ရာတွင် အောက်ပါတို့ မပါဝင် -

(၁) ခရီးစရိတ် သို့မဟုတ် ခရီးသွားလာမှုအတွက် အထူးထောက်ပံ့စရိတ်များ၊
(၂) လုပ်ငန်းသဘာဝအရ နှစ်ဖက်ကြိုတင်ညှိနှိုင်းထား၍ ခေတ္တစိုက်ထုတ် ကျခံသုံးစွဲငွေများ၊
(၃) လူမှုဖူလုံရေးအကျိုးခံစားခွင့် ငွေကြေးများ၊
(၄) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အလုပ်သမားအတွက် ပေးသွင်းသည့် ထည့်ဝင်ကြေးများ၊
(၅) နေထိုင်ခနှင့် စားသောက်စရိတ်များ၊ လျှပ်စစ်ဓာတ်အားခ၊ ရေဖိုးနှင့် အခွန်အခများ၊
(၆) ဆေးကုသစရိတ်နှင့် အပန်းဖြေခများ၊
(၇) အလုပ်ထုတ်နစ်နာကြေးနှင့် ကရုဏာကြေးများ၊
(၈) ပင်စင်လစာနှင့် အငြိမ်းစားလုပ်သက်ဆုငွေ၊
(၉) ဝန်ကြီးဌာနက ဤဥပဒေပါအခကြေးငွေနှင့် မသက်ဆိုင်ဟု ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော အခြားငွေကြေးများ။

(ခ) **အလုပ်ရှင်** ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတစ်ခုခုတွင် အနည်းဆုံး တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အလုပ်သမားများအား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ဖြင့်ဖြစ်စေ၊ နှုတ်ကတိဖြင့်ဖြစ်စေ အလုပ်လုပ်ခိုင်းပြီး ထိုအလုပ်သမားအား အခကြေးငွေပေးရန် တာဝန်ရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် ကန်ထရိုက်တာသည် လည်းကောင်း၊ အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စား အလုပ်သမားအား စီမံအုပ်ချုပ်ရန် တာဝန်ရှိသူ၊ အလုပ်ရှင်သေဆုံးပါက ယင်း၏အမွေဆက်ခံသူနှင့် တရားဝင်ကိုယ်စားလှယ်တို့သည်လည်းကောင်း ပါဝင်သည်။ သို့ရာတွင် ယင်းစကားရပ်၌ အလုပ်သမားခေါင်း မပါဝင်။

(ဂ) **အလုပ်သမား** ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတစ်ခုခုတွင် အနည်းဆုံးတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အလုပ်သမားများအား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ဖြင့်ဖြစ်စေ၊ နှုတ်ကတိဖြင့်ဖြစ်စေ ကာယဉာဏအားကို အသုံးပြုပြီး အမြဲတမ်းအလုပ်၊ ယာယီအလုပ် သို့မဟုတ် ပုတ်ပြတ်အလုပ်ကို လုပ်ကိုင်၍ရရှိသော အခကြေးငွေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူကို ဆိုသည်။ ယင်းစကားရပ်တွင် အခကြေးငွေရရှိသော အလုပ်သင်များနှင့် ပညာသင်များ၊ စာရေးနှင့် ရုံးဝန်ထမ်းများ၊ လုပ်ငန်းခွင်ပြင်ပအလုပ်သမားများ၊ အိမ်အကူနှင့် အိမ်ယာဉ်မောင်းများ၊ လုံခြုံရေးဝန်ထမ်းများ၊ သန့်ရှင်းရေး၊ မွမ်းမံပြင်ဆင်ရေး အလုပ်သမား၊ ထမင်းချက်၊ စာပို့သူ၊ ဥယျာဉ်လုပ်သားနှင့် အထွေထွေလုပ်သားတို့ ပါဝင်သည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနကို ဆိုသည်။

(စ) **စစ်ဆေးရေးအရာရှိချုပ်** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဆ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ စစ်ဆေးရေးအရာရှိ တစ်ဦးဦးကို ဆိုသည်။

**အခန်း(၂)**
**အခကြေးငွေပေးရမည့် နည်းလမ်းများနှင့် အချိန်ကာလ**

၃။ အလုပ်ရှင်သည်-

(က) မိမိ၏လုပ်ငန်းတွင် လုပ်ကိုင်နေသော အလုပ်သမားများ၏ အခကြေးငွေကို ပြည်တွင်းသုံးငွေဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အသိအမှတ်ပြုသည့် နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ ပေးချေရမည်။ ထိုသို့ပေးချေရာတွင် အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်သဘောတူညီမှုဖြင့် ငွေသားဖြင့်ဖြစ်စေ၊ ချက်လက်မှတ်ဖြင့်ဖြစ်စေ၊ အလုပ်သမား၏ ဘဏ်စာရင်းသို့ဖြစ်စေ ပေးချေနိုင်သည်။

(ခ) အခကြေးငွေပေးချေရာတွင် -

(၁) ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်နေသော အလုပ်သမားများအား သီးခြားအကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ အခွင့်အလမ်းများကို ပေးချေရန်ရှိပါက သတ်မှတ်ချက်များနှင့်အညီ ငွေသားဖြင့်ဖြစ်စေ၊ အလုပ်သမား၏ ဆန္ဒအရ ငွေသားတချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သော ပစ္စည်းတချို့တစ်ဝက် တွဲဖက်၍ဖြစ်စေ ပေးချေနိုင်သည်။

(၂) စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွင် လုပ်ကိုင်သော အလုပ်သမားများအား ဒေသဓလေ့ထုံးတမ်းအရဖြစ်စေ၊ အလုပ်သမားအများစု၏ ဆန္ဒအရဖြစ်စေ၊ စုပေါင်းသဘောတူညီချက်အရဖြစ်စေ ငွေသားတချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သော ပစ္စည်းတချို့တစ်ဝက် တွဲဖက်၍ ပေးချေနိုင်သည်။ ထိုသို့ပေးချေခြင်းသည် အလုပ်သမားနှင့် ယင်းမိသားစု ကိုယ်ရေးကိုယ်တာအသုံးပြုမှုနှင့် အကျိုးအမြတ်တစ်စုံတစ်ရာအတွက် ဖြစ်ရမည့်အပြင် ပေးချေသည့်တန်ဖိုးမှာလည်း ကျိုးကြောင်းဆီလျော်ပြီး မျှတရမည်။

(ဂ) အလုပ်သမားတစ်ဦးဦးက ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရသည့်အခါ ထိုအလုပ်သမားအား အထူးခွင့်အဖြစ် သတ်မှတ်ပြီး ရက်ပေါင်း (၆၀)အတွက် အခကြေးငွေ ထုတ်ပေးရမည်။

၄။ အလုပ်ရှင်သည် -

(က) နာရီပိုင်းအလုပ်၊ နေ့စဉ်အလုပ်၊ အပတ်စဉ်အလုပ် သို့မဟုတ် အခြားအချိန်ပိုင်းအလုပ်တစ်ခုခုအတွက်သော်လည်းကောင်း၊ ယာယီအလုပ် သို့မဟုတ် ပုတ်ပြတ်အလုပ်တစ်ခုအတွက်သော် လည်းကောင်း အလုပ်ပြီးဆုံးသည့်အခါဖြစ်စေ၊ အလုပ်သမားနှင့် သဘောတူညီသည့် အချိန်ကာလတွင်ဖြစ်စေ အခကြေးငွေပေးချေရမည်။

(ခ) ပုဒ်မခွဲ(က)အရ အခကြေးငွေပေးချေရန် အလုပ်သမားနှင့် သဘောတူညီသည့် အချိန်ကာလအပိုင်းအခြားသည် တစ်လထက် မကျော်စေရ။

(ဂ) အမြဲတမ်းအလုပ်အတွက် အခကြေးငွေကို လစဉ်ပေးချေရမည်။ ထိုသို့ ပေးချေရာတွင်-

(၁) အလုပ်သမားဦးရေ ၁၀၀ ထက်မပိုပါက အခကြေးငွေပေးရန် ကာလအပိုင်းအခြား ကုန်ဆုံးသည့်နေ့တွင် ပေးချေရမည်။
(၂) အလုပ်သမားဦးရေ ၁၀၀ ထက်ပိုပါက အခကြေးငွေပေးချေရန် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် နောက်အကျဆုံး ငါးရက်အတွင်း ပေးချေရမည်။

(ဃ) အလုပ်သမားအား အလုပ်ရပ်စဲသည့်အခါ ပေးထိုက်သည့် အခကြေးငွေကို အလုပ်မှရပ်စဲခြင်းခံရသည့်နေ့မှ အလုပ်ဖွင့်ရက် နှစ်ရက်အတွင်း ပေးချေရမည်။

(င) အလုပ်သမားက အလုပ်ရှင်ထံ ကြိုတင်အကြောင်းကြားစာပေးပို့၍ မိမိဆန္ဒအရ အလုပ်မှနုတ်ထွက်ပါက အခကြေးငွေပေးချေရန် ကာလအပိုင်းအခြားကုန်ဆုံးသည့်နေ့တွင် ပေးချေရမည်။

(စ) အလုပ်သမားသေဆုံးသည့်အခါ ထိုအလုပ်သမားအား ပေးထိုက်သည့် အခကြေးငွေကို သေဆုံးပြီးနောက် အလုပ်ဖွင့်ရက် နှစ်ရက်အတွင်း သေဆုံးသူ၏ တရားဝင်အမွေဆက်ခံသူထံသို့ ပေးချေရမည်။

(ဆ) အခကြေးငွေအားလုံးကို အလုပ်ဖွင့်သည့်နေ့ရက်တွင် ပေးချေရမည်။

၅။ အလုပ်ရှင်သည် သဘာဝဘေးအန္တရာယ်အပါအဝင် မမျှော်လင့်သော ထူးခြားသည့်အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်သဖြင့် ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပေးချေရန် အခက်အခဲရှိပါက အလုပ်သမားများ၏ သဘောတူညီချက်ဖြင့် အခကြေးငွေများကို မည်သည့်နေ့ရက်သို့ ပြောင်းလဲပေးချေမည်ဖြစ်ကြောင်း ကျိုးကြောင်းခိုင်လုံစွာဖြင့် ဦးစီးဌာနသို့ တင်ပြရမည်။

၆။ ဦးစီးဌာနသည် ပုဒ်မ ၅ အရ တင်ပြချက်ကို စိစစ်ပြီးခွင့်ပြုသင့်ပါက ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စည်းကမ်းချက်များ သတ်မှတ်ပြီး သင့်လျော်သော အချိန်ကာလအတွင်း ရွှေ့ဆိုင်းပေးချေရန် အလုပ်ရှင်အား ခွင့်ပြုနိုင်သည်။

**အခန်း (၃)**
**အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်း**

၇။ အလုပ်ရှင်သည်-

(က) သက်ဆိုင်ရာဥပဒေအရ အခကြေးငွေ ခံစားခွင့်ရှိသည့် ခွင့်ရက်များနှင့် အများပြည်သူအလုပ်ပိတ်ရက်များမှအပ အလုပ်မဆင်းသည့်ကာလအတွက် အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည်။

(ခ) အခကြေးငွေတွင် ပါဝင်ခြင်းမရှိသည့် အလုပ်ရှင်မှ စီစဉ်ပေးသည့် နေထိုင်ခနှင့်ပို့ ကြိုယာဉ်စရိတ်၊ စားသောက်စရိတ်များ၊ လျှပ်စစ်ဓာတ်အားခ၊ ရေဖိုးနှင့် အလုပ်သမားက ပေးဆောင်ရမည့် ဝင်ငွေခွန်၊ မှားယွင်း၍ ပိုပေးမိသော အခကြေးငွေများကို နုတ်ယူဖြတ်တောက်နိုင်သည်။

(ဂ) အလုပ်သမား၏ တောင်းဆိုချက်အရ ကြိုတင်ထုတ်ပေးငွေ၊ စိုက်ထုတ်ပေးငွေ၊ အလုပ်သမားအတွက် စုငွေ သို့မဟုတ် ဥပဒေအရ ထည့်ဝင်ကြေးငွေတစ်ရပ်ရပ်ကို အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည်။

(ဃ) တရားရုံး သို့မဟုတ် ခုံသမာဓိကောင်စီ သို့မဟုတ် ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အရ အလုပ်သမား၏ အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည်။

၈။ အလုပ်ရှင်သည် ပုဒ်မ ၇ နှင့် ပုဒ်မ ၁၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းမှအပ မည်သည့်ကိစ္စအတွက်မျှ နုတ်ယူဖြတ်တောက်ခြင်း မပြုရ။

၉။ အလုပ်ရှင်သည် ပုဒ်မ ၇ အရ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ရာတွင် အလုပ်သမားက တာဝန်ထမ်းဆောင်ရန် ပျက်ကွက်မှုအတွက် နုတ်ယူဖြတ်တောက်ငွေများမှအပ အခြားနုတ်ယူဖြတ်တောက်ငွေ စုစုပေါင်းသည် အလုပ်သမားရရှိသည့် အခကြေးငွေ၏ ၅၀ ရာခိုင်နှုန်းထက် မပိုစေရ။

၁၀။ အလုပ်ရှင်သည် -

(က) ပုဒ်မ ၁၁ အရ ပေးလျော်ရန် ဒဏ်ငွေအဖြစ် သတ်မှတ်ပြီး အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းမပြုမီ မည်သည့်ကိစ္စအတွက် မည်သို့မည်မျှ ဖြတ်တောက်မည်ကို ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

(ခ) ပုဒ်မခွဲ (က) ပါခွင့်ပြုချက်ကို သက်ဆိုင်ရာအလုပ်ရုံ၊ လုပ်ငန်းဌာန၌ အများမြင်သာသော နေရာများတွင် ကပ်ထားရမည်။

(ဂ) နုတ်ယူဖြတ်တောက်သည့် ပေးလျော်ရန် ဒဏ်ငွေမှာ အလုပ်သမား၏ လုပ်ဆောင်မှု သို့မဟုတ် လုပ်ဆောင်ရန် ပျက်ကွက်မှုကြောင့် ပျက်စီးမှု သို့မဟုတ် ဆုံးရှုံးမှုတန်ဖိုးထက် မပိုစေရ။

(ဃ) ပုဒ်မ ၁၁ အရ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ရာတွင်-

(၁) အလုပ်သမားအား ထုချေဖြေရှင်းခွင့် တစ်စုံတစ်ရာမပေးဘဲ ထိုအခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်း မပြုရ။
(၂) အလုပ်သမား၏ လစဉ်အခကြေးငွေမှ တစ်လလျှင် ၅ ရာခိုင်နှုန်းထက်ပို၍ နုတ်ယူဖြတ်တောက်ခြင်း မပြုရ။

(င) အသက် ၁၆ နှစ်အောက် အလုပ်သမားထံမှ ဒဏ်ငွေအဖြစ် လုံးဝနုတ်ယူ ဖြတ်တောက်ခြင်းမပြုရ။

(စ) ချမှတ်ထားသော ဒဏ်ငွေအား ပေးချေရမည့် ကာလသတ်မှတ်ချက်ကို အလုပ်ရှင်နှင့် အလုပ်သမား သဘောတူညီချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

(ဆ) ပစ္စည်းဆုံးရှုံးမှုအတွက် ဖြတ်တောက်ငွေကို ဥပဒေအရ ဖွဲ့စည်းထားသည့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဖြင့် ညှိနှိုင်းသဘောတူညီချက်အရ သတ်မှတ်အချိန်ကာလအတွင်း နုတ်ယူဖြတ်တောက်ရမည်။

(ဇ) အခကြေးငွေမှ နုတ်ယူဖြတ်တောက်သည့်ငွေများကို မှတ်တမ်းတွင် ရေးသွင်း၍ စနစ်တကျ ထိန်းသိမ်းထားရမည်။

(ဈ) အခကြေးငွေမှ နုတ်ယူဖြတ်တောက်သည့်ငွေနှင့်စပ်လျဉ်း၍ လစဉ်အစီရင်ခံစာကို ဦးစီးဌာနသို့ တင်ပြရမည်။

(ည) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) အရ နုတ်ယူဖြတ်တောက်သည့် ဒဏ်ငွေများကို စက်ရုံရှိ တရားဝင်မှတ်ပုံတင်ထားသော အလုပ်သမားအဖွဲ့အစည်းနှင့် ညှိနှိုင်း၍ အလုပ်သမားများ အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များ၌ အသုံးပြုရမည်။

၁၁။ အလုပ်ရှင်သည် အလုပ်သမား၏ အောက်ဖော်ပြပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုအတွက် ပေးလျော်ရန် ဒဏ်ငွေအဖြစ် သတ်မှတ်ပြီး အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည်-

(က) အလုပ်သမား၏ တမင်လျစ်လျူရှုမှု၊ ပေါ့ဆမှုကြောင့်ဖြစ်စေ၊ မရိုးဖြောင့်သောသဘောဖြင့် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ အလုပ်ရှင်က အလုပ်သမားအား ထိန်းသိမ်းစောင့်ရှောက်ရန် အတိအလင်းအပ်နှံထားသည့် တာဝန်ရှိသောပစ္စည်းနှင့် ငွေကြေး တစ်စုံတစ်ရာ ပျက်စီးဆုံးရှုံးမှုသည် ထိုအလုပ်သမား၏ ပေါ့ဆမှုနှင့် မှားယွင်းမှုကြောင့် တိုက်ရိုက်ပေါ်ပေါက်လာသည့် ပျက်စီးဆုံးရှုံးမှု၊

(ခ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ ဒဏ်ငွေ သတ်မှတ်ထားသည့် အလုပ်ခွင်စည်းကမ်းချက် တစ်ရပ်ရပ်ကို အလုပ်သမားက ဖောက်ဖျက်မှု။

၁၂။ အလုပ်သမားသည်-

(က) အောက်ပါအခြေအနေများ ပေါ်ပေါက်လျှင် ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်မှတ်ပုံတင်ထားသော အလုပ်သမားအဖွဲ့အစည်းကဖြစ်စေ၊ စက်ရုံတွင်း လုပ်ငန်းညှိနှိုင်းရေးကော်မတီကဖြစ်စေ ဖြေရှင်းပေးရန် အလုပ်ရှင်သို့တောင်းဆိုနိုင်သည်-

(၁) ရရန်ရှိသည့် အခကြေးငွေထဲမှ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဖြတ်တောက်ခံရခြင်း၊
(၂) အခကြေးငွေများကို ပေးချေရမည့်ကာလထက် ကျော်လွန်၍ ပေးချေရန် ပျက်ကွက်နေခြင်း။

(ခ) ပုဒ်မခွဲ (က)အရ တောင်းဆိုသော်လည်း အလုပ်ရှင်က ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိပါက နုတ်ယူဖြတ်တောက်သည့်နေ့ သို့မဟုတ် ပေးချေရန်ပျက်ကွက်သည့်နေ့မှ ခြောက်လအတွင်း စစ်ဆေးရေးအရာရှိထံသို့ ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြနိုင်သည်။

၁၃။ (က) စစ်ဆေးရေးအရာရှိသည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ)အရ တင်ပြချက်ကို စိစစ်၍ လိုအပ်ပါက သက်ဆိုင်ရာပုဂ္ဂိုလ်များအား စစ်ဆေးပြီး သင့်လျော်သည့်အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

(ခ) အလုပ်ရှင် သို့မဟုတ် အလုပ်သမားသည် ပုဒ်မခွဲ (က)အရ ချမှတ်သည့်အမိန့်ကို ကျေနပ်မှုမရှိပါက စစ်ဆေးရေးအရာရှိချုပ်ထံ ရက်ပေါင်း ၃၀ အတွင်း အယူခံနိုင်သည်။

(ဂ) စစ်ဆေးရေးအရာရှိချုပ်သည် ပုဒ်မခွဲ (ခ)အရ အယူခံမှုကို စိစစ်၍ အလုပ်ရှင်နှင့် အလုပ်သမားတို့ကို ကြားနာပြီး သင့်လျော်သော အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

(ဃ) စစ်ဆေးရေးအရာရှိချုပ်က ချမှတ်သည့်အမိန့်သည် အပြီးအပြတ်ဖြစ်သည်။

**အခန်း (၄)**
**အချိန်ပို အခကြေးငွေ**

၁၄။ အလုပ်သမားသည် အချိန်ပို လုပ်ကိုင်ရပါက အချိန်ပိုအခကြေးငွေနှုန်းထားကို ဥပဒေအရသတ်မှတ်သည့် နှုန်းထားအတိုင်း ခံစားခွင့်ရှိသည်။

စာမျက်နှာ ၁၆ သို့

# ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေပြဋ္ဌာန်း

**၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈ ။)**

**၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်**

**(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဆိုင်** ဆိုသည်မှာ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုပစ္စည်းကို လက်ငင်းသော်လည်းကောင်း၊ အကြွေးသော်လည်းကောင်း၊ အရစ်ကျစနစ်ဖြင့်သော်လည်းကောင်း၊ လက်ကား သို့မဟုတ် လက်လီရောင်းချရန်အလို့ငှာ လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ အသုံးပြုသည့် နေရာတစ်ခုခုကိုဆိုသည်။ယင်းစကားရပ်တွင် ဆံသလုပ်ငန်း၊ အလှပြုပြင်ခြင်းလုပ်ငန်း၊ ကိုယ်ခန္ဓာကျန်းမာရေးနှင့် အလှပြုပြင်ခြင်းလုပ်ငန်း၊ ပန်းတိမ်လုပ်ငန်း၊ ရေဒီယို၊ တီဗွီ၊ တယ်လီဖုန်းပြင်လုပ်ငန်း၊ စာအုပ်ချုပ်လုပ်ငန်း၊ မိတ္တူကူးလုပ်ငန်း၊ ဓာတ်ပုံဆိုင်၊ အပေါင်ဆိုင်၊ ထုပ်ပိုးခွဲချုပ်ဆိုင်၊ ပင်မင်းဆိုင်၊ ဖိနပ်ချုပ်ဆိုင်၊ အပ်ချုပ်ဆိုင်၊ စီးပွားရေးအလို့ငှာ လုပ်ကိုင်သည့် ကွန်ပျူတာနှင့် အီလက်ထရွန်နစ်စနစ်သုံးပစ္စည်းကိရိယာများ ပြုပြင်တပ်ဆင်ခြင်းလုပ်ငန်းသည်လည်းကောင်း၊ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤဥပဒေနှင့်အကျုံးဝင်သည့် နေရာတစ်ခုခုသည်လည်းကောင်း ပါဝင်သည်။ သို့ရာတွင် ယင်းစကားရပ်၌ ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေးအလုပ်ဌာန၊ အလုပ်ရုံ သို့မဟုတ် စက်မှုလက်မှုအလုပ်ဌာနတို့မပါဝင်။

(ခ) **ကုန်သွယ်အလုပ်ဌာန** ဆိုသည်မှာ ကြော်ငြာလုပ်ငန်း၊ ကော်မရှင်လုပ်ငန်း၊ ကုန်စည်ပေးပို့ရေး ကိုယ်စားလှယ်လုပ်ငန်း၊ ကုန်သွယ်ရေးကိုယ်စားလှယ်လုပ်ငန်းများ ဆောင်ရွက်သည့် အလုပ်ဌာနတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် စက်မှုလက်မှု အလုပ်ဌာန သို့မဟုတ် ကုန်သွယ်လုပ်ငန်း၏ ရုံးလုပ်ငန်းဌာန၊ အာမခံကုမ္ပဏီ၊ ကုမ္ပဏီ၊ ပုဂ္ဂလိကဘဏ်၊ အကျိုးဆောင်လုပ်ငန်း၊ ကြော်ငြာလုပ်ငန်း၊ ပုဂ္ဂလိက အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်း၊ ပုဂ္ဂလိကကျောင်း၊ ပုဂ္ဂလိကဆေးရုံ၊ ပုဂ္ဂလိကဆေးခန်း၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း၊ ကျန်းမာရေးလေ့ကျင့်မှုအားကစားရုံ၊ မြို့ဝင်ကြေး၊ လမ်းအသုံးပြုခ၊ တံတားဖြတ်သန်းခကောက်ခံသည့် ဂိတ်များသည်လည်းကောင်း၊ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤဥပဒေနှင့်အကျုံးဝင်သည့် ကုန်သွယ်အလုပ်ဌာနဟု သတ်မှတ်သည့်နေရာသည်လည်းကောင်း ပါဝင်သည်။ သို့ရာတွင် ယင်းစကားရပ်၌ ဆိုင် သို့မဟုတ် အများပျော်ရွှင်ရေးအလုပ်ဌာန မပါဝင်။

(ဂ) **အများပျော်ရွှင်ရေးအလုပ်ဌာန** ဆိုသည်မှာ ရုပ်ရှင်ရုံ၊ ဇာတ်ရုံ၊ ကလပ်၊ ဧည့်ခံဖျော်ဖြေပွဲများ ကျင်းပသည့်ခန်းမ၊ ဗီဒီယိုရုံ၊ ကာရာအိုကေရုံ၊ ကွန်ပျူတာနှင့် အီလက်ထရွန်နစ်စနစ် အသုံးပြုသည့် ကစားရုံများ၊ အပန်းဖြေကစားကွင်း၊ ပန်းခြံ၊ ဥယျာဉ်၊ ကလေးကစားကွင်းတို့ကို ဆိုသည်။

(ဃ) **စက်မှုလက်မှုအလုပ်ဌာန** ဆိုသည်မှာ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေနှင့် အကျုံးမဝင်သော စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းတစ်မျိုးမျိုးကိုဆိုသည်။

(င) **အလုပ်ဌာန** ဆိုသည်မှာ ကုန်သွယ်အလုပ်ဌာနနှင့် အများပျော်ရွှင်ရေးအလုပ်ဌာန၊ စက်မှုလက်မှုအလုပ်ဌာနအပြင် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤဥပဒေနှင့် အကျုံးဝင်သည့်အလုပ်ဌာနအဖြစ် ကြေညာထားသည့် အခြားအလုပ်ဌာနများကို ဆိုသည်။

(စ) **အလုပ်ရှင်** ဆိုသည်မှာ ဆိုင် သို့မဟုတ် အလုပ်ဌာနကို ပိုင်ဆိုင်သူ သို့မဟုတ် အုပ်ချုပ်သူ သို့မဟုတ် အဆိုပါဆိုင် သို့မဟုတ် အလုပ်ဌာနကို အရပ်ရပ်စီမံကြီးကြပ်ရာ၌ အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ် သို့မဟုတ် အလုပ်ရှင်ကွယ်လွန်ပါက ယင်း၏ အမွေဆက်ခံသူနှင့် အစုရှယ်ယာ တရားဝင်လွှဲပြောင်းရရှိသူကို ဆိုသည်။

(ဆ) **မန်နေဂျာ** ဆိုသည်မှာ ဆိုင် သို့မဟုတ် အလုပ်ဌာနတွင် အလုပ်ရှင်ကိုယ်စား ဤဥပဒေပါကိစ္စအလို့ငှာ ဆုံးဖြတ်ဆောင်ရွက်ရန် အလုပ်ရှင်က တရားဝင်ခန့်ထား၍ စစ်ဆေးရေးအရာရှိထံသို့ နို့တစ်စာပေးပို့ထားသူကိုဆိုသည်။

(ဇ) **အလုပ်သမား** ဆိုသည်မှာ ဆိုင် သို့မဟုတ် အလုပ်ဌာနဖြစ်လျှင် ထိုလုပ်ငန်းနှင့်စပ်လျဉ်း၍ လုံးဝဖြစ်စေ၊ မူရင်းအားဖြင့်ဖြစ်စေ အလုပ်လုပ်သူကို ဆိုသည်။ ထို့အပြင် ထိုအလုပ်ဌာနတွင် စာရေး၊ စာပို့သူ၊ ငွေထိန်း၊ အစောင့်၊ လုံခြုံရေး၊ သန့်ရှင်းရေး၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ထမင်းချက်အဖြစ် အလုပ်လုပ်သူတို့လည်းပါဝင်သည်။ သို့ရာတွင် ယင်းစကားရပ်၌ အလုပ်ရှင်သော်လည်းကောင်း အလုပ်ရှင်နှင့်အတူနေထိုင်၍ အလုပ်ရှင်အပေါ်မှီခိုနေသည့် အလုပ်ရှင်၏ ခင်ပွန်း၊ ဇနီး၊ သား၊ သမီး၊ မိဘ၊ ညီအစ်ကို(အရင်း) သို့မဟုတ် မောင်နှမ(အရင်း)တို့ မပါဝင်ချေ။

(ဈ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဦးစီးဌာန** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနကို ဆိုသည်။

(ဋ) **စစ်ဆေးရေးအရာရှိချုပ်** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဌ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ပေးအပ်ထားသော စစ်ဆေးရေးအရာရှိတစ်ဦးဦးကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဆိုင်များနှင့် အလုပ်ဌာနများရှိ အလုပ်သမားများ၏ အလုပ်လုပ်ချိန် သတ်မှတ်ရန်၊

(ခ) လုပ်ခမှန်ကန်စွာရရှိရန်၊

(ဂ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရန်၊

(ဃ) ကျန်းမာရေးအတွက် ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ပေးရန်။

## အခန်း (၃)
## စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် စစ်ဆေးရေးအရာရှိများကို ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ ခန့်အပ်နိုင်သည်။

၅။ စစ်ဆေးရေးအရာရှိချုပ်သည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသော အောက်ပါလုပ်ပိုင်ခွင့်များအပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စစ်ဆေးရေးအရာရှိ၏ လုပ်ပိုင်ခွင့်များကို သုံးစွဲဆောင်ရွက်နိုင်သည်-

(က) စစ်ဆေးရေးအရာရှိများအား နယ်မြေသတ်မှတ်တာဝန်ပေးနိုင်ခြင်း၊

(ခ) တစ်ရက်လျှင် ၂၄ နာရီ ဖွင့်လှစ်လုပ်ကိုင်ရန် လိုအပ်သည့်ဆိုင်၊ အလုပ်ဌာနနှင့် အများပျော်ရွှင်ရေးအလုပ်ဌာနများအား ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

(ဂ) ဤဥပဒေပါပြဋ္ဌာန်းချက်များကို ချိုးဖောက်သူ မည်သူကိုမဆိုတရားစွဲဆိုရန် စစ်ဆေးရေးအရာရှိတစ်ဦးဦးအား တရားစွဲဆိုခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် တာဝန်ပေးအပ်ခြင်း။

၆။ စစ်ဆေးရေးအရာရှိ တစ်ဦးဦးသည်-

(က) မိမိအားခန့်ထားသည့် နယ်နိမိတ်အတွင်းရှိ ဆိုင်နှင့်အလုပ်ဌာနဖြစ်သည်ဟု ယုံကြည်ရန်အကြောင်းရှိသည့်နေရာသို့ ဤဥပဒေပါ ကိစ္စများအလို့ငှာ စစ်ဆေးရေးအရာရှိ သက်သေခံကတ်ပြားကိုပြသပြီး ဝင်ရောက်နိုင်သည်။ ညဥ့်အချိန် ထိုသို့ဝင်ရောက်ပါက သက်သေနှစ်ဦးနှင့်အတူ ဝင်ရောက်ရမည်။ ထိုနေရာရှိ မှတ်တမ်းများနှင့် စာရွက်စာတမ်း အထောက်အထားများ၊ အီလက်ထရွန်နစ်စနစ်သုံးမှတ်တမ်း၊ အကြောင်းကြားစာများကို ကြည့်ရှုစစ်ဆေးရမည့်အပြင် လုပ်ငန်းစဉ်များ၏ မှတ်တမ်းနှင့်စပ်လျဉ်း၍ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းများရယူခြင်း၊ ကူးယူခြင်းနှင့် အခြားလိုအပ်သော စစ်ဆေးမေးမြန်းခြင်းများကို ဆောင်ရွက်နိုင်သည်။

(ခ) ဤဥပဒေအရ အကျုံးဝင်သက်ဆိုင်သော ဆိုင်နှင့်အလုပ်ဌာန၏မှတ်တမ်းများ၊ စာရွက်စာတမ်းအထောက်အထားများ သို့မဟုတ် ခေတ်မီနည်းပညာသုံး အခြားအထောက်အထားများကိုလိုအပ်ပါက သက်သေနှစ်ဦးနှင့်အတူ ရှာဖွေပုံစံဖြင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းနိုင်သည်။

(ဂ) သို့ရာတွင် မည်သူ့ကိုမျှ ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်စေနိုင်သည့် အဖြေကိုပေးရမည်ဟူ၍လည်းကောင်း၊ ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်စေနိုင်သည့် သက်သေခံချက်ကို ထွက်ဆိုရမည်ဟူ၍လည်းကောင်း ဤပုဒ်မအရ တောင်းဆိုပိုင်ခွင့် မရှိစေရ။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၅ မှ*

## အခန်း (၅)
## စစ်ဆေးရေးအရာရှိချုပ်နှင့်စစ်ဆေးရေးအရာရှိ၏ တာဝန်များ

၁၅။ ဝန်ကြီးဌာနသည် ဤဥပဒေပါအခကြေးငွေပေးခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သောစစ်ဆေးမှုများနှင့်ကြီးကြပ်မှုများ ပြုလုပ်နိုင်ရန်အလို့ငှာ စစ်ဆေးရေးအရာရှိများကို လိုအပ်သလို ခန့်အပ်တာဝန်ပေးနိုင်သည်။

၁၆။ စစ်ဆေးရေးအရာရှိချုပ်သည်-

(က) စစ်ဆေးရေးအရာရှိများအား နယ်မြေခွဲခြားသတ်မှတ်၍ လွှဲအပ်တာဝန်ပေးနိုင်သည်။

(ခ) ဤဥပဒေပါ ပြစ်မှုကျူးလွန်သော အလုပ်ရှင်အား သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုစေရန် စစ်ဆေးရေးအရာရှိတစ်ဦးဦးကို လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၇။ စစ်ဆေးရေးအရာရှိသည်-

(က) စစ်ဆေးရေးအရာရှိချုပ်က စစ်ဆေးရန် လွှဲအပ်တာဝန်ပေးသည့်အတိုင်း လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်ရမည်။

(ခ) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးရေးအရာရှိချုပ်ထံ တင်ပြရမည်။

၁၈။ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိသည် အောက်ပါတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသည် -

(က) ဤဥပဒေပါကိစ္စရပ်များကို ဆောင်ရွက်ရန်အကျုံးဝင်သည့် မည်သည့်လုပ်ငန်းခွင်ကိုမဆို စစ်ဆေးရေးအရာရှိ သက်သေခံကတ်ပြားကို ပြသပြီး သင့်လျော်သည်ဟု ယူဆသောအချိန်တွင် ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်သည်။ ညဥ့်အချိန် ထိုသို့ဝင်ရောက်ပါက သက်သေနှစ်ဦးနှင့်အတူ ဝင်ရောက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာတွင် အခကြေးငွေပေးချေမှု၊ အခကြေးငွေမှ နုတ်ယူဖြတ်တောက်မှုနှင့်စပ်လျဉ်းသည့် မှတ်ပုံတင်စာအုပ်၊ မှတ်တမ်းစာအုပ်၊ စာရင်းဇယား၊ စာရွက်စာတမ်းအထောက်အထားများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် လိုအပ်သည့် ပုဂ္ဂိုလ်များကို စစ်ဆေးမေးမြန်းခြင်း ပြုနိုင်သည်။

(ဂ) အခကြေးငွေပေးချေမှုနှင့်စပ်လျဉ်း၍ လိုအပ်သည့်စာရင်းဇယားများ၊ စာရွက်စာတမ်း အထောက်အထားများကို မိတ္တူရယူခြင်းနှင့် လိုအပ်ပါက မူရင်းများကို သက်သေနှစ်ဦးနှင့်အတူ ရှာဖွေပုံစံဖြင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း ပြုနိုင်သည်။

## အခန်း (၆)
## တရားစွဲဆိုခြင်း

၁၉။ (က) စစ်ဆေးရေးအရာရှိသည် ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်သူအား စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုမိန့်ဖြင့် သက်ဆိုင်ရာတရားရုံးတွင် ဤဥပဒေအရ တရားစွဲဆိုရမည်။

(ခ) ပုဒ်မခွဲ (က) အရ တရားစွဲဆိုခြင်းကြောင့် အလုပ်သမားက ရရန်ရှိသော အခကြေးငွေများ ရရှိရေးအတွက် တရားမကြောင်းအရ တရားစွဲဆိုတောင်းခံပိုင်ခွင့်ကို မထိခိုက်စေရ။

(ဂ) အလုပ်သမားသည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ) အရ စစ်ဆေးရေးအရာရှိထံသို့ ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြခြင်းမပြုဘဲ နုတ်ယူဖြတ်တောက်ငွေနှင့်နစ်နာကြေးငွေများကို ပေးချေရန် သက်ဆိုင်ရာ တရားရုံးသို့ တရားမကြောင်းအရ တရားစွဲဆိုနိုင်သည်။

၂၀။ တရားရုံးသည် အခကြေးငွေပေးချေရန် ပျက်ကွက်မှု သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုမှာ အောက်ဖော်ပြပါ အကြောင်းရင်းများကြောင့်ဖြစ်သည်ဟု ဆုံးဖြတ်လျှင် အခကြေးငွေပေးချေခြင်းကို ဆိုင်းငံ့ခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) သဘာဝဘေးအန္တရာယ်အပါအဝင် မမျှော်လင့်သော အရေးပေါ်အခြေအနေပေါ်ပေါက်လာသဖြင့် အခကြေးငွေကို ပေးချေနိုင်မှုမရှိခြင်း၊

(ခ) အလုပ်ရှင်သည် ကြွေးမြီမပေးဆပ်နိုင်သည့် လူမွဲအဖြစ် ကြေညာခံထားရသူဖြစ်ခြင်း၊

(ဂ) သက်ဆိုင်ရာအလုပ်သမားက ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ လာရောက်ထုတ်ယူရန် ပျက်ကွက်ခြင်း သို့မဟုတ် ပေးချေသည့်အခကြေးငွေကို လက်ခံရယူရန် ပျက်ကွက်ခြင်း။

၂၁။ ပြန်လည်တောင်းခံသော အခကြေးငွေ သို့မဟုတ် ဖြတ်တောက်ထားသည့်အခကြေးငွေများနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စတစ်ရပ်ရပ်တွင် တရားစွဲဆိုခြင်းမပြုရ-

(က) စစ်ဆေးရေးအရာရှိထံသို့ လျှောက်ထားသည့်ကိစ္စ မပြီးပြတ်သေးခြင်း၊

(ခ) တောင်းခံလျှောက်ထားသူအား ပြန်လည်ထုတ်ပေးရန် ညွှန်ကြားပြီးသည့် ငွေဖြစ်နေခြင်း၊

(ဂ) တောင်းခံလျှောက်ထားသူအား ပေးရန်မလိုသောငွေဟု အတည်ပြုပြီးသော ငွေဖြစ်နေခြင်း။

## အခန်း(၇)
## တားမြစ်ချက်များ

၂၂။ မည်သည့်အလုပ်ရှင်မျှ ပုဒ်မ ၄၊ ၅၊ ၈၊ ၉ နှင့် ၁၁ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၂၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့်အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

## အခန်း(၈)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၄။ မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၂၂ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်သိန်း ၂၀ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အလုပ်သမားရရန်ရှိသည့် အခကြေးငွေကို အလုပ်သမားအား ပေးချေရန် အမိန့်ချမှတ်ရမည်။

၂၅။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၂၄ အရ ပြစ်မှုစီရင်ခြင်းခံရပြီး ထိုပြစ်မှုကိုပင် ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ခြောက်လထိဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်သိန်း ၅၀ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည့်အပြင် အလုပ်သမားရရန်ရှိသည့် အခကြေးငွေကို အလုပ်သမားအားပေးချေရန် အမိန့်ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၃ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၂၇။ မည်သူမဆို အခကြေးငွေပေးချေခြင်း သို့မဟုတ် အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းနှင့် စပ်လျဉ်း၍ အလုပ်ရှင် သို့မဟုတ် အလုပ်သမားအား ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် စွပ်စွဲတိုင်ကြားကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၉)
## အထွေထွေ

၂၈။ ဤဥပဒေပြဋ္ဌာန်းချက်ပါ အခွင့်အရေးတစ်ရပ်ရပ်အောက် လျော့နည်း၍ ချုပ်ဆိုသည့် မည်သည့်သဘောတူညီချက် သို့မဟုတ် မည်သည့်သဘောတူစာချုပ်မဆို ပျက်ပြယ်စေရမည်။

၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများနှင့်စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့်ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၀။ The Payment of Wages Act ,၁၉၃၆ ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

*စာမျက်နှာ ၁၆ မှ*

## အခန်း (၄)
## အလုပ်ချိန်ဆိုင်ရာ ပြဋ္ဌာန်းချက်များ

၇။ အလုပ်ရှင်သည်-
(က) ဆိုင်နှင့် ကုန်သွယ်အလုပ်ဌာနများကို သာမန်အားဖြင့် ည ၁၁ နာရီနှင့် နံနက်ငါးနာရီကြား ပိတ်ထားရမည်။ သို့ရာတွင် ည ၁၁ နာရီ အချိန်တွင် ဆိုင်၌ဝယ်ယူရန် စောင့်ဆိုင်းနေသူအား သို့မဟုတ် ဝန်ဆောင်မှုရယူနေသူအား အဆိုပါ အချိန်ကုန်လွန်ပြီးနောက် တစ်ဆက်တည်းဖြစ်သော မိနစ် ၃၀ ကာလအပိုင်းအခြားအတွင်းတွင် ရောင်းချဝန်ဆောင်မှုပေးနိုင်သည်။
(ခ) ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်းမပြုရ။

၈။ အလုပ်ရှင်သည်-
(က) အများပျော်ရွှင်ရေးအလုပ်ဌာနပါ ဇာတ်ရုံ၊ ဖျော်ဖြေပွဲများနှင့် ဝင်ကြေးအခမဲ့ဗလာပွဲများ ကျင်းပသည့်နေရာများမှလွဲ၍ ကျန်အများပျော်ရွှင်ရေးအလုပ်ဌာနများကို နံနက် တစ်နာရီမှ နံနက် ငါးနာရီကြား ပိတ်ထားရမည်။
(ခ)ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်းမပြုရ။

၉။ အလုပ်ရှင်သည်-
(က) ပုဒ်မ ၁၁ ပါပြဋ္ဌာန်းချက်များမှအပ လုပ်ငန်းသဘာဝအရ တစ်ရက်လျှင် ၂၄ နာရီ ဖွင့်လှစ်ရန်လိုအပ်သည့် ဆိုင်၊ အလုပ်ဌာနနှင့် အများ ပျော်ရွှင်ရေးအလုပ်ဌာနများအတွက် ဦးစီးဌာနသို့ ကြိုတင်၍ ခွင့်ပြုချက်တောင်းခံရမည်။
(ခ) ပုဒ်မခွဲ(က)အရ ခွင့်ပြုချက်မရရှိဘဲ ၂၄ နာရီ ဖွင့်လှစ်ခြင်းမပြုရ။

၁၀။ အလုပ်ရှင်သည် အောက်ဖော်ပြပါ ဆိုင်၊ ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေးအလုပ်ဌာနများကို လုပ်ငန်းသဘာဝအရ တစ်ရက်လျှင် ၂၄ နာရီ ဖွင့်လှစ်လိုပါက ဦးစီးဌာနသို့ ကြိုတင်အသိပေးအကြောင်းကြား၍ လုပ်ကိုင်နိုင်သည်-
(က) လေဆိပ်၊ သင်္ဘောဆိပ်၊ အဝေးပြေးကားဂိတ်နှင့် ဘူတာရုံများရှိ ဆိုင်၊ လမ်းတံတားအသုံးပြုခကောက်ခံရေးစခန်း၊ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုခန်းနှင့် ကလပ်များ၊
(ခ) ဆေးရုံ၊ ဆေးခန်း၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ရောင်းချသည့်ဆိုင်များ၊
(ဂ) ပြည်သူတို့အား လျှပ်စစ်ဓာတ်အား သို့မဟုတ် ဓာတ်ငွေ့ရည် သို့မဟုတ် ရေပေးဝေသောလုပ်ငန်း သို့မဟုတ် ဆက်သွယ်ရေးလုပ်ငန်းများနှင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ကင်းလွတ်ခွင့်ပြုသည့် အများပြည်သူအတွက် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုလုပ်ငန်း၊ ဆိုင်နှင့် အလုပ်ဌာန။

၁၁။ (က) **ဆိုင်** သို့မဟုတ် အလုပ်ဌာန၌ အလုပ်လုပ်သော အလုပ်သမားတစ်ဦးကို တစ်ရက်လျှင် ရှစ်နာရီထက်ပို၍လည်းကောင်း၊ ရက်သတ္တပတ်လျှင် ၄၈ နာရီထက်ပို၍လည်းကောင်း အလုပ်မလုပ်စေရ။ သို့ရာတွင် တစ်ရက်လျှင် ရှစ်နာရီထက်ပို၍လည်းကောင်း၊ ရက်သတ္တပတ်လျှင် ၄၈ နာရီထက်ပို၍လည်းကောင်း အလုပ်သမား၏ သဘောဆန္ဒရယူ၍ ဥပဒေနှင့်အညီ အချိန်ပိုလုပ်ကိုင်နိုင်သည်။
(ခ) အချိန်ပိုလုပ်သော နာရီစုစုပေါင်းသည် မည်သည့်ရက်သတ္တပတ်၌မဆို ၁၂ နာရီ ထက်မပိုစေရ။ သို့ရာတွင် အထူးကိစ္စရပ်အနေဖြင့် လိုအပ်ချက်ရှိပါက ရက်သတ္တပတ်၌ ၁၆ နာရီထက် မပိုစေရ။ ထို့ပြင် ညဥ့်သန်းခေါင် ၁၂ နာရီထက် ကျော်လွန်လုပ်ကိုင်ခြင်း မပြုရ။

၁၂။ (က) ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခုတွင် လုပ်ကိုင်သော အလုပ်သမားတစ်ဦးဦးကို မည်သည့်နေ့ရက်၌မဆို အနည်းဆုံး မိနစ် ၃၀ အနားမပေးဘဲ တစ်ဆက်တည်း လေးနာရီထက်ပို၍ အလုပ်မလုပ်စေရ သို့မဟုတ် လုပ်ခွင့်မပြုရ။ ထို့အပြင် နားချိန်နှင့် အလုပ်လုပ်ချိန် စုစုပေါင်းသည် ဆိုင်နှင့်ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေးအလုပ်ဌာနအတွက်ဖြစ်ပါက အချိန်ပိုနှင့် နားချိန်တစ်နာရီအပါအဝင် တစ်ရက်လျှင် ၁၁ နာရီထက် မပိုစေရ။
(ခ) အစောင့်၊ လုံခြုံရေးအဖြစ်ဖြင့် အလုပ်လုပ်သူတို့အတွက် ပုဒ်မခွဲ (က)ပါ အနားယူရန် အားလပ်ချိန်မပေးဘဲ နေနိုင်သည်။

၁၃။ (က) အသက် ၁၄ နှစ်မပြည့်သေးသော မည်သူ့ကိုမဆို ဆိုင်တစ်ခုခု၌ဖြစ်စေ၊ အလုပ်ဌာနတစ်ခုခု၌ဖြစ်စေ အလုပ်မလုပ်စေရ သို့မဟုတ် လုပ်ခွင့်မပြုရ။
(ခ) ဆိုင်တစ်ခုခု၌ဖြစ်စေ၊ အလုပ်ဌာနတစ်ခုခု၌ဖြစ်စေ အသက် ၁၆ နှစ် မပြည့်သေးသူအား သတ်မှတ်အလုပ်ချိန်ထက်ကျော်လွန်၍ အချိန်ပိုလုပ်ခွင့်မပြုရ။

၁၄။ (က) အသက် ၁၄ နှစ် ပြည့်ပြီး အသက် ၁၆ နှစ် မပြည့်သေးသူများကို အလုပ်လုပ်ရန်သင့်တော်ကြောင်း လက်မှတ်ထုတ်ပေးခွင့်ရှိသည့် တာဝန်ခံဆရာဝန်၏ ခွင့်ပြုချက်ရယူ လုပ်ကိုင်စေနိုင်သည်။ သို့ရာတွင် တစ်ရက်လျှင် လေးနာရီထက်ပို၍ လုပ်ကိုင်ခွင့်မပြုရ။
(ခ) အသက် ၁၄ နှစ်ပြည့်ပြီး အသက် ၁၆ နှစ် မပြည့်သေးသည့် မည်သူ့ကိုမျှ ညဥ့်ခြောက်နာရီမှ နံနက်ခြောက်နာရီအချိန်အတွင်း မခိုင်းစေရ သို့မဟုတ် အလုပ်လုပ်ခွင့် မပြုရ။
(ဂ) အသက် ၁၄ နှစ် ပြည့်ပြီး အသက် ၁၆ နှစ် မပြည့်သေးသည့် မည်သူ့ကိုမျှ ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခုတွင် အလုပ်လုပ်ပြီးသောရက်၌ အခြားဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခု၌ ခိုင်းစေခြင်းမပြုရ သို့မဟုတ် အလုပ်လုပ်ခွင့် မပြုရ။
(ဃ) အသက် ၁၈ နှစ်မပြည့်သေးသော မည်သည့်အလုပ်သမားကိုမျှ အန္တရာယ်ရှိသည်ဟု သတ်မှတ်ထားသောလုပ်ငန်း သို့မဟုတ် လုပ်ငန်းခွင်တွင် အလုပ်မလုပ်စေရ သို့မဟုတ် လုပ်ခွင့်မပြုရ။
(င) အသက် ၁၈ နှစ် မပြည့်သေးသော်လည်း အသက် ၁၆ နှစ်ပြည့်ပြီးသူများအနက်မှ သက်ဆိုင်ရာလုပ်ငန်းအလိုက် အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်အောင်မြင်ပြီးသူဖြစ်ခြင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို နားလည်သိရှိလိုက်နာနိုင်သူဖြစ်ခြင်း၊ ကျန်းမာကြံ့ခိုင်သူဖြစ်ခြင်းတို့နှင့် ပြည့်စုံသူများအား ဘေးအန္တရာယ်ကင်းရှင်းပြီး ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စိတ်ဓာတ်ကိုမထိခိုက်စေနိုင်သည့် လုပ်ငန်းများတွင် အလုပ်လုပ်ရန် သင့်တော်ကြောင်း တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်၏ ထောက်ခံချက်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်သည်။

၁၅။ အလုပ်ရှင်သည် -
(က) ဆိုင်နှင့်အလုပ်ဌာနအသီးသီး၌ ရက်သတ္တပတ်လျှင် အနည်းဆုံး တစ်ရက်ကို အလုပ်သမားနားရက်အဖြစ် သတ်မှတ်ပေးရမည်။
(ခ) ပုဒ်မခွဲ (က)ပါ နားရက်တစ်ရက်အတွက် ထိုအလုပ်သမား၏ ရသင့်သော အခကြေးငွေကို ဖြတ်တောက်ခြင်းမပြုရ။

၁၆။ အလုပ်ရှင်သည် ဆိုင်နှင့် အလုပ်ဌာနအသီးသီး၌ အလုပ်သမား၏ အခကြေးငွေပေးရန် ကာလအပိုင်းအခြားကုန်ဆုံးပြီးနောက် တစ်ဆက်တည်းဖြစ်သော ခုနစ်ရက်ထက်နောက်ကျ၍ ထုတ်ပေးခြင်းမပြုရ။

၁၇။ အလုပ်ရှင်သည်-
(က) ဆိုင် နှင့် အလုပ်ဌာန အသီးသီး၌ အလုပ်သမား၏ သဘောတူညီချက်အရ အချိန်ပိုလုပ်ရလျှင် အချိန်ပိုနာရီအလိုက် သတ်မှတ်ချက်နှင့်အညီ အချိန်ပိုအခကြေးငွေကို တွက်ချက်ပေးချေရမည်။
(ခ) ပုဒ်မခွဲ (က)အရ အချိန်ပိုအခကြေးငွေကို တွက်ချက်ပေးချေခြင်းမပြုဘဲ အချိန်ပိုခိုင်းစေခြင်းမပြုရ။

## အခန်း (၅)
## အလုပ်သမားများ၏ တာဝန်များ

၁၈။ အလုပ်သမားသည် -
(က) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ချုပ်ဆိုသော အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်။
(ခ) ကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများကို မပျက်စီး၊ မပျောက်ပျက်၊ မလေလွင့်အောင် ထိန်းသိမ်းရမည်။

၁၉။ အလုပ်သမားသည်-
(က) မိမိလုပ်ကိုင်ရန် သတ်မှတ်ထားသည့် လုပ်ငန်းပမာဏကို ပြည့်မီစေရန်နှင့် တိုးတက်စေရန် ကာယ၊ ဉာဏစွမ်းအားရှိသမျှ စိုက်ထုတ် လုပ်ကိုင်ဆောင်ရွက်ရမည်။
(ခ) ရပိုင်ခွင့်များ၊ ခံစားပိုင်ခွင့်များနှင့်ပတ်သက်၍ သက်ဆိုင်ရာအလုပ်ရှင်ထံ ဥပဒေနှင့်အညီ စနစ်တကျတင်ပြတောင်းဆိုရမည်။

## အခန်း (၆)
## အလုပ်ရှင်၏ တာဝန်များ

၂၀။ အလုပ်ရှင်သည် ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခုကို စတင်ဖွင့်လှစ်ခြင်း၊ နေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်း၊ လုပ်ငန်းပြောင်းလဲလုပ်ကိုင်ခြင်း၊ လုပ်ငန်းတိုးချဲ့လုပ်ကိုင်ခြင်း၊ လုပ်ငန်းပိုင်ရှင်ပြောင်းလဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ ဝန်ထမ်းခန့်အပ်ခြင်းနှင့် အပြောင်းအလဲပြုလုပ်ခြင်းတို့ကို ပြုလုပ်သည့်နေ့ရက်မှစ၍ ၁၀ ရက်အတွင်း သတ်မှတ်ထားသောပုံစံဖြင့် စစ်ဆေးရေးအရာရှိထံ သက်ဆိုင်ရာ ဌာန၊ ကော်မတီအသီးသီးမှ ခွင့်ပြုထုတ်ပေးထားသော လိုင်စင်မိတ္တူနှင့်အတူ အကြောင်းကြားစာပေးပို့ရမည်။

၂၁။ အလုပ်ရှင်သည် ဤဥပဒေပါကိစ္စရပ်များအလို့ငှာ -
(က) ထားရှိရမည့် စာရွက်စာတမ်း၊ စာရင်းဇယား၊ စာချုပ်၊ သက်သေခံအထောက်အထားများ၊ ပုံစံများ၊ နမူနာပစ္စည်းများကို စစ်ဆေးရေးအရာရှိက ကြည့်ရှုစစ်ဆေးနိုင်ရန် စီစဉ်ထားရှိရမည်။
(ခ) ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခု၌ ဤဥပဒေနှင့် ဤဥပဒေအရ ပြုသည့် နည်းဥပဒေများနှင့်အညီ မိမိထားရှိသည့် မှတ်ပုံတင်စာအုပ်၊ အလုပ်ရှင်ဖြစ်ကြောင်း အထောက်အထား သို့မဟုတ် လုပ်ငန်းနှင့်သက်ဆိုင်သော စာချုပ်စာတမ်းများကို စစ်ဆေးရေးအရာရှိက တောင်းဆိုသည့်အခါ တင်ပြရမည်။

၂၂။ အလုပ်ရှင်သည် လုပ်ငန်းခွင်တွင် မြင်သာသောနေရာ၌ အလုပ်လုပ်ရန် ကာလအပိုင်းအခြား နို့တစ်စာကို ချိတ်ဆွဲထားရမည်။

၂၃။ အလုပ်ရှင်သည် အလုပ်သမားများ၏ ရပိုင်ခွင့်များ၊ ခံစားပိုင်ခွင့်များနှင့်စပ်လျဉ်း၍ အလုပ်သမားများကို အသိပေးထားရမည်။

## အခန်း(၇)
## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး

၂၄။ အလုပ်ရှင်သည် ဆိုင် သို့မဟုတ် အလုပ်ဌာနတိုင်းတွင် အောက်ပါတို့ကို လိုက်နာရမည်-
(က) သန့်ရှင်းရေး၊ အနံ့အသက်ကင်းရှင်းစေရေး၊ ကျန်းမာရေးနှင့် ညီညွတ်ရေးတို့အတွက် ကောင်းမွန်စွာ စီမံထားရမည်။
(ခ) လေဝင်လေထွက် ကောင်းမွန်စေရန်နှင့် လုံလောက်သောအလင်းရောင်ရရှိစေရန် စီမံထားရမည်။
(ဂ) သတ်မှတ်ထားသည့် ဆူညံသံထက်မပိုစေရန် စီမံထားရမည်။
(ဃ) အပူချိန်လွန်ကဲမှုမရှိစေရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးကို စီမံဆောင်ရွက်ထားရမည်။
(င) အလုပ်သမားများအတွက် ရှေးဦးသူနာပြုဆေးသေတ္တာနှင့် ဆေးဝါးများကို သတ်မှတ်ချက်များနှင့်အညီ လုံလောက်စွာ စီမံထားရမည်။

## အခန်း(၈)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၅။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၇ နှင့် ၈ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၂၆။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၉၊ ၁၀ နှင့် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ် သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၁၃ နှင့် ၁၄ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၈။ မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၁၅၊ ၁၆ နှင့် ၁၇ တို့ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ် ၇၅ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၉။ မည်သည့်အလုပ်သမားမဆို ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ)ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၀။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၂၁၊ ၂၂ နှင့် ၂၃ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၁။ မည်သည့်အလုပ်ရှင်နှင့် အလုပ်သမားမဆို ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ထပ်မံ၍ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထပ်မံ၍ ကျူးလွန်သည့်ပြစ်မှုအတွက် သတ်မှတ်ထားသည့် အများဆုံးပြစ်ဒဏ်၏ နှစ်ဆအထိ ချမှတ်ရမည်။

## အခန်း (၉)
## အထွေထွေ

၃၂။ (က) အလုပ်သမားသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အလုပ်ရှင်က ဖောက်ဖျက်ကျူးလွန်သည့်နေ့ရက်မှ သုံးလအတွင်း စစ်ဆေးရေးအရာရှိထံ အကြောင်းကြားစာပေးပို့၍ တိုင်ကြားနိုင်သည်။
(ခ) စစ်ဆေးရေးအရာရှိသည် ပုဒ်မခွဲ (က)အရ အကြောင်းကြားစာကို လက်ခံရရှိပါက လိုအပ်သလိုစစ်ဆေး၍ မှန်ကန်မှုရှိလျှင် စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုချက်ဖြင့် အလုပ်ရှင်အား တရားစွဲဆိုရမည်။
(ဂ) ဤဥပဒေအရ ပြစ်ဒဏ်ထိုက်သောပြစ်မှုကို စစ်ဆေးရေးအရာရှိက တိုင်တန်းသည့် အခါမှတစ်ပါး မည်သည့်တရားရုံးကမျှ အရေးယူပိုင်ခွင့်မရှိစေရ။

၃၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ဤဥပဒေအရပြုလုပ်သည့် နည်းဥပဒေနှင့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကိုလည်းကောင်း လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ခြင်း ဖောက်ဖျက်ကျူးလွန်ခြင်းတို့ကို စစ်ဆေးတွေ့ရှိရပါက အလုပ်ရှင် သို့မဟုတ် မန်နေဂျာအား စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုချက်ဖြင့် စစ်ဆေးရေးအရာရှိက တရားစွဲဆိုနိုင်သည်။

၃၄။ ဤဥပဒေသည် အောက်ပါတို့နှင့် မသက်ဆိုင်စေရ -
(က) လမ်းဘေးပျံ့ကျဆိုင်၊
(ခ) အခါအားလျော်စွာ ပြုလုပ်သော အများပြည်သူဆိုင်ရာ ပြပွဲများ၌ ရောင်းချသောဆိုင်၊
(ဂ) ယာယီမျှသာ ကျင်းပသော ပွဲများတွင် တည်ခင်းသည့် အများပျော်ရွှင်ရေးအလုပ်ဌာန၊ ဆိုင်။

၃၅။ (က) ဖက်စပ်လုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကပိုင် ဆိုင် သို့မဟုတ် အလုပ်ဌာနများတွင် ဖက်စပ်ပါဝင်သူများ သို့မဟုတ် တရားဝင်မှတ်ပုံတင်ထားသည့် အစုရှယ်ယာရှင်မည်သူ့ကိုမဆို အလုပ်ရှင်ဟု သတ်မှတ်၍ ဤဥပဒေအရ တရားစွဲဆိုနိုင်သည်။ သို့ရာတွင် ဖက်စပ်လုပ်ငန်း သို့မဟုတ် အဖွဲ့တွင်ပါဝင်သူတို့အနက် တစ်ဦးဦးကို ဤဥပဒေပါကိစ္စများအလို့ငှာ အလုပ်ရှင်အဖြစ် အမည်တင်သွင်းပြီးဖြစ်ကြောင်း၊ ထိုဖက်စပ်လုပ်ငန်း သို့မဟုတ် အဖွဲ့က စစ်ဆေးရေးအရာရှိထံသို့ အကြောင်းကြားစာ ပေးပို့ထားပြီးဖြစ်သည့်အပြင် ထိုပုဂ္ဂိုလ်သည် စစ်ဆေးရေးအရာရှိက ၎င်း၏အမည်တင်သွင်းထားခြင်းကို ပယ်ဖျက်သည့် အကြောင်းကြားစာကို လက်ခံရရှိသည့်အချိန်ထိ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအလို့ငှာ အလုပ်ရှင်ဖြစ်သည်ဟု မှတ်ယူရမည်။
(ခ) ဆိုင် သို့မဟုတ် အလုပ်ဌာနသည် အများပိုင်ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ အများပိုင်မဟုတ်သော ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ အစုစပ်ပါဝင်သူ တစ်ဦးဦးကိုဖြစ်စေ အလုပ်ရှင်အဖြစ် သတ်မှတ်၍ ဤဥပဒေအရ တရားစွဲဆိုနိုင်သည်။ ထို့ပြင် ထိုဒါရိုက်တာ အဖွဲ့ဝင်တစ်ဦးဦးသည် မိမိအား အမည်တင်သွင်းခြင်းကို ပယ်ဖျက်သည့်အကြောင်းကြားစာကို စစ်ဆေးရေးအရာရှိက မရမီသော်လည်းကောင်း၊ အစုစပ်ပါဝင်သူအဖြစ်မှ ရပ်စဲခြင်းမပြုမီသော်လည်းကောင်း ဥပဒေပါကိစ္စများအလို့ငှာ အလုပ်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

၃၆။ ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခု၌ ဤဥပဒေအာဏာတည်သည့်နေ့ရက်တွင် တည်ဆဲဖြစ်သော အခြားဥပဒေအရသော်လည်းကောင်း၊ ပဋိညာဉ်အရသော်လည်းကောင်း၊ ဓလေ့ထုံးစံအရသော်လည်းကောင်း အလုပ်သမားများခံစားခွင့်ရှိသည့် အခွင့်အရေးသည် ဤဥပဒေဖြင့် ထိုသူအားပေးအပ်ထားသော အခွင့်အရေးထက် သာလွန်ကောင်းမွန်ပါက ခံစားခွင့်ရရှိနေသော မူလအခွင့်အရေးကို ရရှိခံစားစေရမည်။

၃၇။ ၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများ အက်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-
(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၉။ ၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ခေါင်းလောင်းသံချို ကြိုဆိုနေမည်

**မောင်မုဒိတာ**

***ယမန်နေ့မှအဆက်***

ယင်းလုပ်ငန်းများဆောင်ရွက်ပြီးသည်နှင့် လဝကဝန်ထမ်းအင်အားပေါ်မူတည်ကာ ရုံးထိုင်အဖွဲ့နှင့် ကွင်းဆင်းအဖွဲ့ငယ်များစုဖွဲ့၍ သတ်မှတ်ရက်အတိုင်း ကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်ပေးသည်။ လုပ်ငန်းများကို မမှားယွင်းနိုင်သော တိုင်းရင်းသားကျောင်းသား ကျောင်းသူများအား ကျောင်း၌ဆောင်ရွက်ပေးသော်လည်း သွေးနှောနိုင်ငံသားကျောင်းသား ကျောင်းသူများအား ထပ်မံလိုအပ်သော အထောက်အထားများ ဖြည့်စွက်ဆောင်ရွက်ပေး၍ မိဘ၊ အုပ်ထိန်းသူကိုယ်တိုင် မြို့နယ်ရုံးသို့ လာရောက်လျှောက်ထားစေရန် အသိပေးအကြောင်းကြားခဲ့ပါသည်။

ကွင်းဆင်းအဖွဲ့ဝင်များသည် ရှေ့ပြေးလျှောက်လွှာနှင့် အထောက်အထားများကို ပြည့်စုံမှန်ကန်မှု ရှိ/မရှိ စစ်ဆေးပြီးနောက် ကျောင်းရှိ ဆရာ ဆရာမများနှင့် အတန်းကြီးကျောင်းသား၏အကူအညီဖြင့် လဝက၏ သတ်မှတ်ပုံစံများ၌ အချက်အလက်များ စနစ်တကျဖြည့်သွင်း၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည်။ စာသင်ကျောင်းများ၌ ကွင်းဆင်းဆောင်ရွက်မှုသည် အခြားကွင်းဆင်းဆောင်ရွက်မှုများထက် မြန်ဆန်ထိရောက်သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးရမည့် ကျောင်းသား ကျောင်းသူများ တစုတစည်းတည်းရှိသကဲ့သို့ ကြိုတင်အကြောင်းကြားထားသဖြင့် အထောက်အထားများလည်း ပြည့်စုံမှုရှိသည်။ ဆရာ ဆရာမများ၏ ပံ့ပိုးကူညီမှုကလည်း တစ်တပ်တစ်အား ဖြစ်စေသည်။ စီမံချက်အရ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ သတ်မှတ်ရက်အတိုင်း ကွင်းဆင်းဆောင်ရွက်နိုင်သည်။ အောင်မြင်ထိရောက်လှသည့် လုပ်ငန်းတစ်ရပ်အဖြစ် အသိအမှတ်ပြု မုဒိတာပွားမိပါသည်။

"အခုလိုကျောင်းတွေမှာ မှတ်ပုံတင်လာလုပ်ပေးတာ အလွန်ဝမ်းသာပါတယ်။ ကျောင်းတွေမှာ လုပ်ပေးမယ်ဆိုတာကို မြို့နယ်ပညာရေးမှူးရုံး လစဉ်အစည်းအဝေးမှာ ပြောလို့သိရတာ။ ကျွန်တော်တို့ ကျောင်းအကျိုးတော်ဆောင်အစည်းအဝေးမှာ ပြန်ပြောပြတော့ အားလုံးက ဝမ်းသာနေကြတာ။ အခု(၁၀)နှစ် ပြည့်ကျောင်းသားတွေ မှတ်ပုံတင်လုပ်ထားတော့ တက္ကသိုလ်ဝင်တန်းရောက်ရင် အဆင်ပြေသွားပြီ" ဟု ကျောင်းအုပ်ဆရာကြီးက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ကျောင်းသားမိဘတစ်ဦးက "ဟုတ်တယ် ဆရာရေ၊ ကျွန်တော်တို့လည်း ဒီသတင်းကြားတော့ ဝမ်းသာနေတာ။ ကျွန်တော့်သားက အဋ္ဌမတန်းကျောင်းသား၊ နောက်နှစ်ဆို မြို့က အထက်တန်းကျောင်းတက်ရမှာလေ၊ ခုကတည်းက မှတ်ပုံတင်ရထားတော့ အစစအရာရာအဆင်ပြေတာပေါ့။ မြို့ပေါ်ရုံးမှာ သွားလုပ်ရရင် စရိတ်စကနဲ့ ငွေကုန်ကြေးကျများမှာ၊ ရွာက ကျောင်းမှာဆိုတော့ ဘာမှမကုန်တော့ဘူး။ လာလုပ်ပေးတဲ့ ဝန်ထမ်းတွေကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

အစည်းအဝေးခန်းမအတွင်း၌ လဝကဝန်ထမ်းများ၊ ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသားတချို့ ပုံစံများဖြည့်သွင်းနေကြသည်မှာ မအားရနိုင်။ သူတို့၏ မျက်နှာများတွင်လည်း ပင်ပန်းနွမ်းလျပုံမပေါ်၊ မေးလိုက်၊ ရေးလိုက်နှင့် ပျော်နေကြသည်ဟုထင်သည်။ ခုံတန်းတစ်ခုတွင် ထိုင်နေကြသော ကျောင်းသားများတွင် ကျွန်တော့်တူမကိုလည်း တွေ့လိုက်ရသည်။ လက်ထဲမှာလည်း သူ့ဖခင်ပေးထားသော စာရွက်အထောက်အထားများကိုလည်း ကိုင်ထားသည်။ ကျွန်တော် သူ့ခေါင်းကို အသာပုတ်ရင်း နှုတ်ဆက်ပြုံးပြလိုက်သည်။ မှတ်ပုံတင်ရတော့မည်မို့ ဘာရယ် မဟုတ် သူတို့သည်လည်းပျော်နေကြသည်။ စာသင်ကျောင်းများ၌ (၁၀)နှစ် ပြည့်မှတ်ပုံတင်ပြုလုပ်ပေးခြင်းကြောင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုချိန်တွင် မှတ်ပုံတင်အတွက် ပူစရာမလို။ နိုင်ငံတော်အတွက်လည်း (၁၀)နှစ်ပြည့် ကလေးငယ်များ၊ ကျောင်းသား ကျောင်းသူများကိုလည်း မှတ်ပုံတင်ပြီးသားဖြစ်သွားသည်။ လဝကအနေဖြင့်လည်း မှတ်ပုံတင်ထုတ်ပေးရန် ကျန်ရှိနေသူများအား စုစည်းဆောင်ရွက်ပေးလိုက်ရသည့်အတွက် ဝန်ပေါ့သွားမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရသစ် စတင်တာဝန်ယူပြီးနောက်ပိုင်း အရင်ဦးဆုံးဆောင်ရွက်ခဲ့သည့် မိုးပွင့်စီမံချက်သည် ငါးနှစ်တာကာလအတွင်း ရည်မှန်းထားသည့်အတိုင်း အတော်ခရီးပေါက်သည်ဟု ထင်ပါသည်။ ထို့ပြင် ယခုစာသင်ကျောင်းများသို့ စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းသည်လည်း ထိရောက်ကောင်းမွန်သည့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် မြင်မိပါသည်။ လဝကမြို့နယ်မှူး ဦးအောင်နိုင်ဦး၏ ရှင်းပြမှုများသည် ကျွန်တော့်အတွက် မှတ်သားစရာများဖြစ်ခဲ့သည်။

ကျောင်းအုပ်ဆရာကြီးနှင့် မြို့နယ်မှူးကိုနှုတ်ဆက်ရင်း ကျွန်တော့်ဆိုင်ကယ်အနီး၌ ရပ်နေသော်လည်း ကျွန်တော့်အတွေးများက ရပ်တန့်မသွား။ နိုင်ငံတော်အစိုးရသစ်သည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အဆင့်လိုက်ဆောင်ရွက်လျက်ရှိပြီး တတိယအဆင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် (Third Wave Reform)ဖြစ်သည့် ဒီမိုကရေစီနိုင်ငံတော်အတွက် အခြေခံအုတ်မြစ်ခိုင်မာရေးနှင့် ပြည်သူများ၏ လက်ငင်းဦးစားပေး လိုအပ်ချက်များဖြည့်ဆည်းပေးရေးဆိုသည့် ရည်မှန်းချက်ကိုချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သွက်လက်မြန်ဆန်သည့် အစိုးရယန္တရားများဖြစ်စေရန် ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)များကို မြို့တိုင်းလိုလိုဖွင့်၍ ပြည်သူတို့၏ လိုအပ်ချက်၊ သိလိုသည့်ကိစ္စအဝဝကို တစ်နေရာတည်း၌ သိရှိနားလည်အဆင်ပြေစေရေး ဆောင်ရွက်လျက်ရှိသည်။ မြို့နယ်အဆင့် ဌာန ၁၅ ခုမှ ဝန်ထမ်းများက တာဝန်ယူဖြေရှင်းပေးသည်။ လိုအပ်ချက်နှင့် ဆောင်ရွက်ရန်တို့ကို နည်းပေးလမ်းညွှန်ပြုကြသည်။ နိုင်ငံတော်အစိုးရ၏ ထိရောက်ကောင်းမွန်သည့် အစီအမံတစ်ခုအဖြစ် မုဒိတာပွားမိပါသည်။

ယခုလည်း လဝကက ပြည်သူတို့၏ လက်ငင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းပင်။ ခေတ်စနစ်အရ ဘယ်နေရာသွားသွား၊ ဘာပဲလုပ်လုပ် မှတ်ပုံတင်ကတ်ပြားလိုအပ်သည်။ နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားအခွင့်အရေးအပြည့်အဝ ရရှိစေနိုင်သည့် အထောက်အထားတစ်ခုဖြစ်သည်။ နိုင်ငံခြားသွားမည် ဆိုပါကလည်း မှတ်ပုံတင်ရှိမှ နိုင်ငံကူးလက်မှတ်ပြုလုပ်၍ရသည်။ ခရီးသွားလျှင်လည်း မှတ်ပုံတင်၊ အလုပ်လုပ်လျှင်လည်း မှတ်ပုံတင်၊ မဲဆန္ဒပေးလျှင်လည်းမှတ်ပုံတင်၊ လူတစ်ဦးအတွက် ဘာပဲလုပ်လုပ် လိုအပ်သည့် မှတ်ပုံတင်(ခေါ်) နိုင်ငံသားစိစစ်ရေးကတ်ပြားကို လဝကဝန်ထမ်းများက ရပ်ကွက်/ ကျေးရွာအရောက်တင်မက စာသင်ကျောင်းများသို့ပါ ကွင်းဆင်းဆောင်ရွက် ထုတ်ပေးခြင်းသည် မွန်မြတ်လှသည်။ သူ့တာဝန်သူထမ်းသည်ဆိုသော်လည်း ရုံးတွင်မဟုတ်ဘဲ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကြောင့် ဝန်ထမ်းများပင်ပန်းကြသည်။ သို့သော် ပြည်သူများအတွက်က အကျိုးထူးလှသည်။ စရိတ်စကများစွာသက်သာပြီး လိုအပ်ချက်ကို လွယ်ကူ လျင်မြန်အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် ဝန်ထမ်းများပင်ပန်းသော်လည်း ပျော်နေကြမည်ထင်ပါသည်။ မြို့နယ်မှူးရှင်းပြသည့် စာရင်းအရဆိုလျှင် မိုးပွင့်စီမံချက်အစ ၂၀၁၁ ခုနှစ် ဇူလိုင်လဆန်းမှ မိုးပွင့်(အထူး) အပိုင်း(၂)အဆုံး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလကုန်အထိ တစ်နိုင်ငံလုံး၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၇၃ သိန်းခန့်ကို ဆောင်ရွက်ထုတ်ပေးနိုင်ခဲ့ပြီး စာသင်ကျောင်းများ စီမံချက် တစ်လခွဲကာလအတွင်း ကျောင်းသား ကျောင်းသူ ၂၅၀၀၀၀ ကျော်အား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ မကြာခင် စာမေးပွဲများ ကျင်းပတော့မည်မို့ ဇန်နဝါရီ လကုန်တွင် ကျောင်းစီမံချက်ကွင်းဆင်းခြင်းလုပ်ငန်းရပ်နားမည်။ သို့သော် မြို့နယ်ရုံးများတွင်တော့ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးမည်ဟုသိရသည်။ ကျွန်တော်ပြောရဲသည်။ မကြာမတင်ကာလ စီမံချက်ပြီးဆုံးသွားပါက အသက်(၁၀)နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်းရင်းသား အားလုံးနီးပါးတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား လက်ဝယ်ပိုင်ပိုင် ကိုင်ဆောင်နိုင်ကြမည်ဟုယုံကြည်သည်။ ရရှိပြီးသား နိုင်ငံသားစိစစ်ရေးကတ်ပြားကိုလည်း မပျောက်မပျက်အောင် စနစ်တကျ ထိန်းသိမ်းကိုင်တွယ်ရန်လည်း အရေးကြီးသည်။

အချိန်ကာလသည် ရပ်တန့်နေသည်မရှိသလို လူ့အသက်တို့သည်လည်း ရှင်သန်နေသည့်ကာလ တစ်ရက်ပြီးတစ်ရက် တိုးလျက်ရှိနေသည်။ ထို့ကြောင့် သတ်မှတ်သည့် အသက်ပြည့်မီသူများလည်း တစ်ယောက်ပြီး တစ်ယောက် ဖြစ်တည်နေပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးသည့် လုပ်ငန်းသည်လည်း ရပ်နားပြီးဆုံးသည့် လုပ်ငန်းတစ်ခုမဟုတ်ဘဲ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးရမည့် လုပ်ငန်းတစ်ခုအဖြစ် ရှိနေမည်။ ထို့ကြောင့် မိုးပွင့်စီမံချက်များအပါအဝင် စာသင်ကျောင်းစီမံချက်များကဲ့သို့ ပြည်သူ့အတွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပါစေကြောင်း ဆန္ဒပြုရင်း ကျောင်းများအတွက် စီမံချက်အပေါ် မုဒိတာပွားရေးသား တင်ပြလိုက်ရပါသည်။

ချိုလွင်သောခေါင်းလောင်းသံဖြင့် ကြိုဆိုနေကြပါသည်။

**၂၀၁၅ ခုနှစ် ဒီဇင်ဘာလကုန်အထိ တစ်နိုင်ငံလုံး၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၇၃ သိန်းခန့်ကို ဆောင်ရွက်ထုတ်ပေးနိုင်ခဲ့ပြီး စာသင်ကျောင်းများ စီမံချက် တစ်လခွဲကာလအတွင်း ကျောင်းသား ကျောင်းသူ ၂၅၀၀၀၀ ကျော်အား နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ခဲ့**

## မြစ်ကြီးနားလေဆိပ် ခရီးသည်နားနေဆောင် အဆောက်အအုံသစ်တည်ဆောက်မှုပြီးစီး

**မြစ်ကြီးနား ဇန်နဝါရီ ၂၇**

မြစ်ကြီးနားလေဆိပ်တွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ စတင်တည်ဆောက်ခဲ့သော ခရီးသည်နားနေဆောင် အဆောက်အအုံသစ်တည်ဆောက်မှုများ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆောက်အအုံ သစ်သည် အလျားပေ ၂၀၀၊ အနံပေ ၈၀ ရှိ အာစီနှစ်ထပ် အဆောက်အအုံ အမျိုးအစားဖြစ်ကြောင်း သိရသည်။ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန မြစ်ကြီးနားလေဆိပ် မန်နေဂျာ ဦးစောနွဲ့ဖဟိန်းစေက လေဆိပ် အဆောက်အအုံသစ်ကို ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်းပေါင်း ၆၀၀ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်းပေါင်း ၆၀၀ စုစုပေါင်း ငွေကျပ်သန်း ၁၂၀၀ အကုန်အကျခံ၍ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ပြောကြားသည်။



အဆိုပါ အဆောက်အအုံသစ်တွင် အထွက်ခရီးသည် ဦးရေ ၈၀၀ ဆံ့ နားနေဆောင်တစ်ခန်း၊ အဝင်ခရီးသည် ၂၀၀ ဆံ့ နားနေဆောင် တစ်ခန်း၊ ရုံးခန်းနှစ်ခန်းနှင့် အပေါ်ထပ်တွင် စားသောက်ဆိုင်ခန်းနှစ်ခန်းပါဝင်ကြောင်း သိရသည်။ အဆောက်အအုံအပြင် ဆက်စပ်လုပ်ငန်းများဖြစ်သည့် အဝင်အထွက် ကတ္တရာလမ်းနှင့် ရေကန်များကိုလည်း ဆက်လက်တည်ဆောက်လျက်ရှိရာ အဆောက်အအုံသစ်အပါအဝင် လုပ်ငန်းအားလုံးကို မတ်လကုန်တွင် ပြီးစီးအောင် ဆောင်ရွက်ရန်လျာထားကြောင်း ဦးစောနွဲ့ဖဟိန်းစေက ဆက်လက်ပြောကြားသည်။

ယခင်က မြစ်ကြီးနားလေဆိပ်သို့ ဆင်းသက်သော လေကြောင်းလိုင်းနှစ်လိုင်းသာရှိရာမှ ယခုအခါ လေကြောင်းလိုင်း ရှစ်လိုင်းအထိ ဆိုက်ရောက်ပြေးဆွဲလာသဖြင့် ခရီးသည်များ ပိုမိုများပြားလာသောကြောင့် ယခင်အဆောက်အအုံဟောင်းတွင် ခရီးသည်များနားနေရန် မလုံလောက်တော့သည့်အတွက် အဆောက်အအုံသစ်ကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းမင်း(မြစ်ကြီးနား)**

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**သံဖြူဇရပ် ဇန်နဝါရီ ၂၇**

သံဖြူဇရပ်မြို့နယ် ကျောင်းရွာကျေးရွာတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ဖွင့်ပွဲကို ဇန်နဝါရီ ၂၃ ရက်က ကျင်းပရာ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးကြည်က အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းတွင်အကျီတံဆိပ်ရိုက်ခြင်း၊ သံချည်သံကွေး၊ သံဂဟေဆက်ခြင်း၊ ဆပ်ပြာ၊ အဝတ်လျှော်ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်ချက်လုပ်ခြင်းလုပ်ငန်း၊ မွေးမြူရေးဆိုင်ရာ အသိပညာပေးခြင်း၊ ငွေနှင်းမှိုစိုက်ပျိုးခြင်း လုပ်ငန်းများသင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ဦးရေ ၇၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်**

## (၁၃၄) ကြိမ်မြောက် သွေးလှူ

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအကြံပေး၊ မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးစန်းမောင်မြင့် (နန်းဦးလွင် M.A Japan) (လူမှုထူးချွန်-ပထမဆင့်) **(ယာပုံ)**သည် ဇန်နဝါရီ ၂၂ ရက်က အမျိုးသားသွေးလှူဘဏ်၌ စေတနာအလျောက် (၁၃၄) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



# အသင်းကြီးတွေရဲ့အားထုတ်မှုကို စောင့်ကြည့်ရမယ့် အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်တွေလာပြီ

*အက်ဖ်အေဖလားစတုတ္ထအဆင့်ပွဲစဉ်တွေကို ဇန်နဝါရီ ၃၀ရက်မှာ ဆက်လက်ကစားမှာဖြစ်ပြီး အသင်းကြီးတွေရဲ့စွမ်းဆောင်မှုတွေကို အကဲဖြတ်ခွင့်ရဦးမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ အက်ဖ်အေဖလားကို မျှော်မှန်းနေကြတဲ့ အာဆင်နယ်၊ မန်ယူ၊ မန်စီးတီးတို့ ဘယ်လိုရလဒ်နဲ့ပွဲသိမ်းမယ်ဆိုတာ စောင့်ကြည့်အားပေးသွားရမှာပဲဖြစ်ပါတယ်။ နောက်တစ်ဆင့်တက်ရေးအတွက် အရေးကြီးတဲ့ ပွဲစဉ်ဖြစ်တာမို့ အသင်းတိုင်းခြေကုန်ဖွင့်ကြရဦးမှာ သေချာနေပါတယ်။*

မိုးမြင့်လင်းလက်



**အာဆင်နယ်နှင့်ဘန်လေ**

နောက်ဆုံးတွေ့ဆုံတဲ့ပွဲမှာ တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ပွဲရထားတဲ့ အာဆင်နယ်အတွက် အခုပွဲအိမ်ကွင်းမှာ ယှဉ်ပြိုင်ရမှာမို့ ဂိုးပြတ်သွင်းနိုင်ရေးကြိုးစားပါလိမ့်မယ်။ ဘန်လေဟာ ချန်ပီယံရှစ်ပွဲမှာ စတုတ္ထနေရာမှာရပ်တည်နေတဲ့အသင်းဖြစ်ပြီး ခြေစွမ်းလည်းကောင်းမွန်နေတာမို့ အာဆင်နယ်တို့အလွယ်တကူဖြတ်ကျော်လို့တော့ မရနိုင်ပါဘူး။ ဒါပေမယ့် အက်ဖ်အေဖလားကို မျှော်လင့်နေတဲ့ အာဆင်နယ်ဟာ ဒီပွဲကို ဖိဖိစီးစီးကစားပြီး ရသမျှဂိုးသွင်းကာ အောင်ပွဲခံပါလိမ့်မယ်။

**ဒါဘီနှင့်မန်ယူ**

ဒီနှစ်သင်းနောက်ဆုံးတွေ့ခဲ့တဲ့ ပွဲစဉ်မှာ မန်ယူက လေးဂိုး-တစ်ဂိုးနဲ့နိုင်ပွဲရထားပါတယ်။ ချန်ပီယံရှစ်မှာ တတိယနေရာမှာ ရှိနေတဲ့ဒါဘီတို့က အိမ်ကွင်းမှာ သရေပွဲများတတ်တာမို့ ဒီပွဲမှာ မျှော်လင့်ချက်မြင့်မြင့်ထားလို့မရနိုင်ပါဘူး။ ဒါဘီရဲ့အားသာချက်က အသင်းလိုက်ကစားအားကောင်းတာဖြစ်ပေမယ့် နိုင်ပွဲလိုအပ်နေတဲ့ မန်ယူအတွက်ကတော့ ဒီပွဲကိုမဖြစ်မနေအနိုင်ရအောင် ကြိုးစားပါလိမ့်မယ်။ ဒါဘီဟာ အခုတလောမှာတော့ ပွဲရလာဒ်တွေမကောင်းတာမို့ မန်ယူတို့အဝေးကွင်းဆိုပေမယ့် အနိုင်ရလာဒ်နဲ့ထိုက်တန်ကြောင်း ပြသပါလိမ့်မယ်။

**ဗီလာနှင့်မန်စီးတီး**

နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ ဂိုးမရှိသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲမှာတော့ အဝေးကွင်းလည်းဖြစ်နေတာကြောင့် မန်စီးတီးတို့ပေါ့ဆလို့မရပါဘူး။ ဗီလာဟာ ပွဲတိုင်းရလာဒ်တွေဆိုးရွားနေပြီး တန်းဆင်းဇုန်ထဲကျရောက်နေတာကြောင့် စိတ်ဓာတ်ပိုင်းလည်းကျဆင်းနေပါတယ်။ မန်စီးတီးတို့ရဲ့ အက်ဖ်အေဖလားပွဲစဉ်တွေက နိုင်ပွဲတွေ၊ သရေပွဲတွေများနေတာကြောင့် ဗီလာအတွက်တော့ အိမ်ကွင်းဆိုပေမယ့် အခက်ကြုံစရာပွဲဖြစ်နေပါတယ်။ ဒီပွဲမှာ မန်စီးတီးတို့ခြေစွမ်းပြပြီး နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးကောင်းပိုင်ဆိုင်မယ့်ပွဲပါပဲ။

**လီဗာပူးနှင့်ဝက်စ်ဟမ်း**

လီဗာပူးရဲ့ခြေစွမ်းကလည်း အတက်အကျတွေနဲ့ခန့်မှန်းရခက်ခဲနေပါတယ်။ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ဝက်စ်ဟမ်းကွင်းမှာ နှစ်ဂိုးပြတ်ရှုံးထားတဲ့ လီဗာပူးအတွက် နောက်တစ်ဆင့်တက်ဖို့ အခုပွဲကို ဂိုးပြတ်သွင်းပါလိမ့်မယ်။ ဒါပေမယ့် ဝက်စ်ဟမ်းတိုက်စစ်မှူးတွေဟာ ဂိုးသွင်းစွမ်းရည်မြင့်မားသူတွေဖြစ်ပြီး အခက်အခဲကြားက ဂိုးရအောင်သွင်းနိုင်သူတွေဖြစ်ပါတယ်။ လီဗာပူးတို့ကတော့ အခုပွဲဟာ အိမ်ကွင်းဖြစ်တာမို့ ဖိအားပေးကစားပြီး နိုင်ပွဲနဲ့အတူ ပရိသတ်တွေကို မျှော်လင့်ချက်ရှင်သန်စေမယ့်ပွဲပါပဲ။

**ကိုချက်စ်တာနှင့်စပါး**

လိဂ်-၁ အသင်းဖြစ်တဲ့ ကိုချက်စ်တာရဲ့ခြေစွမ်းက အားရစရာမရှိပါဘူး။ ခံစစ်ပိုင်းချို့ယွင်းမှုရှိနေတဲ့ ကိုချက်စ်တာတို့က ပွဲတိုင်းပေးဂိုးများနေပြီး တိုက်စစ်ပိုင်းကတော့ ပြိုင်ဘက်တွေကို ယှဉ်နိုင်တဲ့အနေအထားရှိပါတယ်။ စပါးတို့က တိုက်စစ်ရော၊ ခံစစ်ပါကောင်းမွန်နေပြီး ခြေစွမ်းလည်း ပုံမှန်ပြန်ရနေပါတယ်။ စပါးဟာ အနိုင်ရလိုစိတ်ပြင်းထန်တဲ့ လူငယ်ကစားသမားတွေရှိနေတာမို့ နောက်တစ်ဆင့်တက်ရေး သေချာအောင်ဂိုးပြတ်သွင်းပြီး အောင်မြင်မှုကို ရယူပါလိမ့်မယ်။

**ခရစ္စတယ်ပဲလေ့စ်နှင့်စတုတ်**

ဒီပွဲက အကြိတ်အနယ်ရှိပြီး ပွဲကောင်းတစ်ပွဲအဖြစ် မြင်တွေ့ရဖို့များနေပါတယ်။ ပဲလေ့စ်တို့ဟာ တိုက်စစ်ပိုင်းအားရစရာတော့မရှိပေမယ့် ခံစစ်မှူးတွေက အမှားအယွင်းနည်းပါတယ်။ စတုတ်တို့ကတော့ ခြေစွမ်းမာကျောနေပြီး ပဲလေ့စ်ခံစစ်ကြောင်းကို အကြိမ်ကြိမ်ထိုးဖောက်နိုင်တဲ့ တိုက်စစ်မှူးတွေရှိနေပါတယ်။ ဒီနှစ်သင်းရဲ့ခြေစွမ်းပိုင်းက ကွာဟမှုမရှိတာမို့ သရေပွဲလည်းဖြစ်သွားနိုင်သလို အနိုင်ဆိုရင် ပဲလေ့စ်ကိုသတ်မှတ်ချင်ပါတယ်။

**ဝက်စ်ဘရွန်းနှင့်ပီတာဘရော့**

ပရီမီယာလိဂ်မှာတော့ ဝက်စ်ဘရွန်းတို့ ရုန်းကန်နေရပြီး ရလာဒ်တွေမဆိုးရွားအောင် ကြိုးစားနေရပါတယ်။ လိဂ်-၁ အသင်းဖြစ်တဲ့ ပီတာဘရော့ဟာ ခြေစွမ်းကောင်းမွန်နေပြီး ဝက်စ်ဘရွန်းကိုခြေရည်တူကစားပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့တွေ့ဆုံမှုမှတ်တမ်းကိုကြည့်ရင် ဝက်စ်ဘရွန်းတို့က အသာစီးရတာမို့ အခုပွဲမှာလည်း အဲဒီအစဉ်အလာကို ဆက်ထိန်းပြီး နောက်တစ်ဆင့်တက်ရေး ကြိုးစားပါလိမ့်မယ်။ ။

## ဆွမ်ဆီးတိုက်စစ်မှူးကို အလိုရှိနေတဲ့ ဆန်းဒါးလန်း

ဆန်းဒါးလန်းအသင်းက ဆွမ်ဆီးတိုက်စစ်မှူး အန်ဒရီအာယောကိုရဖို့ ဘိုရီနီကို ပေါင် ၁၀ သန်း အလိုက်ပေးလဲဖို့ ကမ်းလှမ်းလိုက်ပါတယ်။ ဂါနာအသင်းခေါင်းဆောင် အန်ဒရီအာယောဟာ ဆွမ်ဆီးက အဲဗာတန်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာ အနိုင်ဂိုးကိုသွင်းယူခဲ့တာပါ။

သို့ပေမယ့် ဆွမ်ဆီးနည်းပြကတော့ အန်ဒရီအာယောကို ရောင်းဖို့ တွန့်ဆုတ်နေတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် နေရာသစ်မှာ အလွှတ်ပြောင်းရွှေ့မှုနဲ့ရောက်ရှိလာနိုင်ပါတယ်။ ဂါနာတိုက်စစ်မှူး အန်ဒရီအာယောဟာ လက်ရှိပရီမီယာလိဂ်ရာသီမှာ ဆွမ်ဆီးအသင်းအတွက် အဓိကအားထားရတဲ့ ကစားသမားတစ်ဦးဖြစ်လာပါတယ်။ ဆွမ်ဆီးအသင်းမှာ အဓိကအဆုံးအဖြတ်ဂိုးတွေကို သွင်းပေးလေ့ရှိသူပါ။ ဒါကြောင့်လည်း ဆန်းဒါးလန်းက ဘိုရီနီနဲ့ အလိုက်ပေးပြီး ကမ်းလှမ်းထားခဲ့တာပါ။ ဆွမ်ဆီးအသင်းအနေနဲ့ ပေါင် ၁၀ သန်းအပြင် ကစားသမားကောင်းတစ်ဦးပါရမယ့်အခွင့်အရေးကောင်းဖြစ်ပါတယ်။ အိုရီနီဟာလည်း ဆန်းဒါးလန်းမှာခြေစွမ်းပြနေတဲ့ ကစားသမားကောင်းတစ်ဦးဖြစ်ပါတယ်။





## မန်ယူနည်းပြဖြစ်လာဖွယ်ရှိနေတဲ့ ဂွာဒီယိုလာ

မန်ယူနည်းပြ ဗန်ဟားလ်အနေနဲ့ အိမ်ကွင်းမှာ ဆောက်သမ်တန်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ပြီးတဲ့နောက် ဟော်လန်သို့ပြန်ဖို့ ဖိအားပေးမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ပရီမီယာလိဂ်ထိပ်သီးအသင်းတစ်သင်းဖြစ်တဲ့ မန်ယူအနေနဲ့ ဗန်ဟားလ်နေရာမှာ အစားထိုးဖို့ ဘိုင်ယန်မြူးနစ်နည်းပြ ဂွာဒီယိုလာကို ခေါ်ယူသွားရန် ကြိုးစားနေပါတယ်။ မန်ယူအနေနဲ့ မန်စီးတီးနဲ့အပြိုင် ဂွာဒီယိုလာကိုခေါ်ယူဖို့ မျှော်လင့်နေတာပါ။ ဒီအတောအတွင်းမှာ ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုကလည်း မန်ယူနည်းပြရာထူးအတွက် စိတ်ဝင်စားတယ်လို့ဆိုပါတယ်။ လက်ထောက်နည်းပြ ရှိုင်ယံဂစ်ကလည်း ဗန်ဟားလ်နေရာကိုရဖို့ စောင့်မျှော်နေတယ်လို့ဆိုပါတယ်။ သို့ပေမယ့် ရာသီအကုန်မှာ ဂွာဒီယိုလာကို ခေါ်ယူဖို့အလိုရှိဆုံးအသင်းကတော့ မန်စီးတီးပါပဲ။ မန်စီးတီးကတော့ ဖြစ်လာဖို့ သေချာသလောက်ရှိပါနေတာပါ။

## ကက်ပီတယ်ဝမ်းဖိုင်နယ်တက်ဖို့ မျှော်လင့်ထားတဲ့ ဂျာဂျင်ကလော့

ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲအကြို ဗိုလ်လုပွဲမှာ စတုတ်ကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရပြီးတဲ့နောက် ဖိုင်နယ်တက်ဖို့ မျှော်လင့်ထားတယ်လို့ဆိုပါတယ်။ လီဗာပူးအသင်းအနေနဲ့ ၂၇ နှစ်တာကာလအတွင်း ဗိုလ်လုပွဲတက်ဖို့ မျှော်လင့်ထားတာပါလို့ဆိုပါတယ်။ လီဗာပူးအသင်းဟာ ကက်ပီတယ်ဝမ်းဆီမီးဖိုင်နယ် ပထမအကျော့မှာ စတုတ်ကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရထားပါတယ်။ အဲဗာတန်ကလည်း မန်စီးတီးကို နှစ်ဂိုး-တစ်ဂိုးနဲ့အနိုင်ရထားပါတယ်။ လီဗာပူးအသင်းအနေဖြင့် ဗိုလ်လုပွဲမှာ အဲဗာတန်အသင်းနဲ့တွေ့ဖို့မျှော်လင့်ထားတယ်လို့ဆိုပါတယ်။ လီဗာပူးအသင်းအနေဖြင့် ၁၉၈၉ ခုနှစ်နောက်ပိုင်း ပထမဆုံးသော ကက်ပီတယ်ဝမ်းဖလားဆွတ်ခူးဖို့မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် နည်းပြဂျာဂျင်ကလော့အနေဖြင့် အောက်တိုဘာလ လီဗာပူးနည်းပြဖြစ်လာပြီးကတည်းက အဲဗာတန်အသင်းနဲ့တွေ့ဆုံခဲ့ခြင်း မရှိသေးပါဘူး။ ဝင်ဘာလေကွင်းကြီးမှာကျင်းပမယ့် ဗိုလ်လုပွဲမှာ အဲဗာတန်နဲ့လီဗာပူးတို့ ဆုံတွေ့ဖို့ ရေပန်းစားနေတယ်လို့ဆိုပါတယ်။



ကောင်းမြတ်သူ ➤ စုစည်းသည်

# အင်းတော်မြို့နယ်မှ လူသိနည်းပါးသေးသော ဒန့်ဒင်ရေတံခွန်ကြီး



စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း အင်းတော်မြို့နှင့် ခြောက်မိုင်ခန့်အကွာတွင် ရွာဟောင်းကျေးရွာတည်ရှိသည်။ ရွာဟောင်းရွာသည် အိမ်ခြေအားဖြင့် ၄၅ အိမ်ရှိကာ နေထိုင်ကြသည့် လူမျိုးများမှာ ရှမ်းတိုင်းရင်းသား လူမျိုးများဖြစ်ကြပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြသည်။ ရွာဟောင်းရွာအနီး လေးမိုင်ခန့်အကွာတွင် သာယာလှပသော ဒန့်ဒင်ရေတံခွန်ကြီးရှိသည်။

ဒန့်ဒင်ရေတံခွန်ကြီးသည် ကသာမြို့နယ်၊ ထီးချိုင့်မြို့နယ်နှင့် အင်းတော်မြို့နယ် သုံးခုဆုံသည့် တောတောင်များထူထပ်သည့်နေရာတွင် တည်ရှိကာ အပိုင်နယ်မြေမှာ အင်းတော်မြို့နယ်အတွင်း ဖြစ်သည်။ သဘာဝအတိုင်းဖြစ်ပေါ်နေသော ဒန့်ဒင်ရေတံခွန်ကြီးသည် အပန်းဖြေစခန်းတစ်ခုကဲ့သို့ သာယာလှပသော ရှုခင်းများ၊ ပတ်ဝန်းကျင်များ ရှိနေသော်လည်း လူသိနည်းကာ လူသူအရောက်အပေါက် နည်းနေသေးသည့် နေရာတစ်ခုဖြစ်သည်။

ယခင်ကာလများက လမ်းပန်းဆက်သွယ်သွားလာရေး ခက်ခဲမှုကြောင့် ရွာဟောင်းကျေးရွာသို့ပင် လူသူအရောက်အပေါက်နည်းပါးခဲ့ကာ ဒန့်ဒင်ရေတံခွန်ကြီးသို့ ပို၍ လူသူရောက်ရှိမှု နည်းခဲ့သည်။ ယခုနောက်ပိုင်းတွင် သစ်ထုတ်ရေးကားလမ်းကြီး ဖောက်လုပ်ထားသောလမ်းမှတစ်ဆင့် ဆိုင်ကယ်များဖြင့် ဒန့်ဒင်ရေတံခွန်ကြီးသို့ သွားလာ၍ရပြီဖြစ်ကြောင်း သိရသည်။

**ဆောင်းပါး – သန်းမောင်လေး(ကချင်မြေ)**

သဘာဝအတိုင်း တည်ရှိနေသော ဒန့်ဒင်ရေတံခွန်ကြီးတွင် အဆင့်သုံးဆင့်ရှိပြီး ပထမနှင့် ဒုတိယအဆင့်များမှာ တစ်ခုနှင့်တစ်ခု များစွာ မကွာဝေးဘဲရှိသည်။ တတိယအဆင့်မှာ ၉၀ ဒီဂရီမတ်စောက်ပြီး ပေ ၆၀ ဝန်းကျင်ခန့် မြင့်မားသောကြောင့် ရေတံခွန်များ၏ သဘာဝအလှအပများကို အပြည့်အဝ မြင်တွေ့ခံစားနိုင်မည်ဖြစ်သည်။ ဒန့်ဒင်ရေတံခွန်ကြီးအောက်ရှိ ရေအိုင်သည် ပေ ၁၀၀ ပတ်လည်ခန့် ကျယ်ဝန်းပြီး ရေအိုင်အတွင်း မည်သည့်အချိန်အခါမဆို အမှိုက်များ တစ်ခုတလေမှ မရှိဘဲ ရေများမှာ အမြဲတမ်း ကြည်လင်နေသည်။

ရေအိုင်အတွင်း၌ ဒေသအခေါ် ငါးဒေါက်ဆိုသည့် ထူးဆန်းသော ငါးကြီးများရှိသည်။ ဒန့်ဒင်ရေတံခွန်ကြီးတွင် ထူးခြားမှုများအဖြစ် အဆိုပါငါးကြီးများသည် လူတိုင်းကိုမပြဘဲ တောစောင့်နတ်အရှင်ကြီးများကို ခွင့်တိုင်တည်ပြီး အစာကြွေးမှသာ ငါးကြီးများကို မြင်တွေ့ရခြင်း၊ ရေအိုင်အတွင်း ငါးရှာဖမ်းခြင်း၊ ငါးများကို ဆေးခတ်ခြင်းများ ပြုလုပ်လျှင် လေပြင်းများ တိုက်ခတ်တတ်ခြင်း စသည့် ထူးခြားမှုများရှိကြောင်း ဒေသခံများက ယုံကြည်ကြသည်။

ထူးခြားသော သဘာဝအလှအပများ အပြည့်အဝ ရှိနေသည့် ဒန့်ဒင်ရေတံခွန်ကြီးသို့ ယခုအခါတွင် သွားလာရေး လွယ်ကူလာပြီဖြစ်ရာ အင်းတော်မြို့နယ်မှ ပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ ပြည်သူများ လာရောက်လည်ပတ်နိုင်ကြပြီဖြစ်သည်။ ရေတံခွန်ကြီးသို့ သဘာဝ အလှအပများကို ပြည်တွင်းမှသာမက နိုင်ငံခြားသားများပါ လာရောက်လည်ပတ်မှုများလာခြင်းဖြင့် ဒေသတွင်း စီးပွားရေးအခွင့်အလမ်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်လာရန်လည်း အင်းတော်မြို့မှ ပြည်သူအချို့က မျှော်လင့်နေကြသည်။

**တတိယအဆင့်မှာ ၉၀ ဒီဂရီမတ်စောက်ပြီး ပေ ၆၀ ဝန်းကျင်ခန့် မြင့်မားသောကြောင့် ရေတံခွန်များ၏ သဘာဝ အလှအပများကို အပြည့်အဝ မြင်တွေ့ခံစားနိုင်မည်ဖြစ်သည်။ ဒန့်ဒင်ရေတံခွန်ကြီးအောက်ရှိ ရေအိုင်သည် ပေ ၁၀၀ ပတ်လည်ခန့် ကျယ်ဝန်းပြီး ရေအိုင်အတွင်း မည်သည့်အချိန်အခါမဆို အမှိုက်များ တစ်ခုတလေမှ မရှိဘဲ ရေများမှာ အမြဲတမ်း ကြည်လင်နေ . . .**

# ရေဘေးပြန်လည်ထူထောင်ရေး စီမံချက်အရ ထောက်ပံ့ငွေများ ပေးအပ်

**ကျောင်းကုန်း ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်းရှိ သဲကုန်ကျေးရွာအုပ်စုနှင့် ရေတာကြီးကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းများကို ၂၀၁၅ခုနှစ် ရေဘေးပြန်လည်ထူထောင်ရေး စီမံချက်အရ မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဗဟို)မှ ဇန်နဝါရီ ၂၆ ရက်က လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



လှူဒါန်းပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဗဟို)မှ ညွှန်ကြားရေးမှူး ဦးမောင်မောင်ခင်က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး တာဝန်ခံ ဒေါ်အေးအေးသန့်က သဲကုန်ကျေးရွာအုပ်စုမှ အိမ်ထောင်စု ၁၀၀ အား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်သုံးသိန်းနှင့် ဆေးစိမ်ခြင်ထောင်တစ်လုံးစီကိုလည်းကောင်း၊ သဲကုန်ကျေးရွာ (ရွာခွဲသုံးရွာ)သို့ အမေရိကန်နိုင်ငံလုပ် ရေသန့်စက်သုံးလုံးကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။ ထို့အပြင် သဲကုန်ကျေးရွာ အမကကျောင်းအတွက် စာသင်ကျောင်းဆောင်ကိုလည်း ဆက်လက်ဆောက်လုပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ရေတာကြီးကျေးရွာအုပ်စုမှ အိမ်ထောင်စု ၃၀၀ သို့လည်း အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်သုံးသိန်းနှင့် ဆေးစိမ်ခြင်ထောင်တစ်လုံးစီနှင့် ရေတာကြီးကျေးရွာ(ရွာခွဲခုနစ်ရွာ)သို့ ရေသန့်စက် ခုနစ်လုံးတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။ ရေတာကြီးကျေးရွာတွင်လည်း ရေဘေးပြန်လည်ထူထောင်ရေး စီမံချက်အရ ကျေးလက်ကျန်းမာရေး ဌာနခွဲ အဆောက်အအုံ၊ ရေတုံကင်များနှင့် ယင်လုံအိမ်သာများကို ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာအေးနိုင်က ပြောကြားသည်။

ထောက်ပံ့ငွေနှင့် ပစ္စည်းများ လာရောက်လှူဒါန်းသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်း(ဗဟို)အဖွဲ့နှင့်အတူ UNOCHA မှ လေ့လာရေးအဖွဲ့ဝင်နှစ်ဦးလည်း လိုက်ပါ၍ ပြန်လည်ထူထောင်ရေး အစီအစဉ်များ ဆောင်ရွက်ထားမှုကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# မူလတန်းအဆင့် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပ

**ဘားအံ ဇန်နဝါရီ ၂၇**

ကရင်ပြည်နယ် ဘားအံမြို့၌ အားကစားနှင့် ပညာရေးပေါင်းစပ်အစီအစဉ်အဖြစ် ပြည်နယ်လူမှုရေးဝန်ကြီးဖလား မူလတန်းအဆင့် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဘောလုံးအားကစားကွင်း၌ ဇန်နဝါရီ ၂၅ ရက်က ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်က အမှာစကားပြောကြားပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာနတို့မှ ထောက်ပံ့သော အသင်းတစ်သင်းလျှင် ငွေကျပ်တစ်သိန်းစီကို ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမန်းလှမြိုင်နှင့် တာဝန်ရှိသူများက အသင်းတာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

ပြိုင်ပွဲကို လူငယ်များ အားကစားလှုပ်ရှားမှုတိုးတက်ရေး၊ အားကစားစိတ်ဓာတ်ဖြင့် ပူးပေါင်းလိုစိတ်ရှိလာစေရေး ရည်ရွယ်ချက်များဖြင့် ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ဘောလုံးပြိုင်ပွဲတွင် ဘားအံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံမှ အသင်း ၁၂ သင်း ပါဝင် ယှဉ်ပြိုင်ကြပြီး အဖွင့်ပွဲတွင် အထကခွဲ(၁) ဘောလုံးအသင်းနှင့် မြို့မ(၂) စုပေါင်းဘောလုံးအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။ **နေမျိုးလွင်(ပြန်/ဆက်)**



# ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

**စစ်တွေ ဇန်နဝါရီ ၂၇**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးများ ဒသမအကြိမ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်က မှာကြားခဲ့သော လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို ရခိုင်ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၅ ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် ရခိုင်ပြည်နယ် တရားသူကြီးချုပ် ဦးကျော်က စစ်တွေခရိုင်၊ မောင်တောခရိုင်နှင့် မြောက်ဦးခရိုင်အတွင်းရှိ တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများနှင့် တရားရေးအရာရှိများအား ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားမှုများကို ထပ်ဆင့်ဆွေးနွေးသည်။ ထို့နောက် ပြည်နယ်တရားသူကြီးချုပ်က အမှုများကို စစ်ဆေးစီရင်ရာတွင် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပါ အခြေခံမူများ၊ တည်ဆဲဥပဒေများ၊ ပြည်ထောင်စုလွှတ်တော်မှ ပြင်ဆင်သည့်ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားစီရင်ကြရန်၊ ပြစ်မှုနှင့်ပြစ်ဒဏ် မျှတမှုရှိစေရန်နှင့် တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများအနေဖြင့် အရည်အချင်းတိုးတက်မှုရှိအောင် အစဉ်ကြိုးစားနေရန်၊ တရားစီရင်ရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ရန်တို့ကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်တရားရေးဦးစီးမှူးက မြို့နယ်တရားသူကြီးများနှင့် တရားရေးအရာရှိများအား စီမံခန့်ခွဲရေးနှင့် ထောက်ပံ့ရေးဆိုင်ရာ ကိစ္စရပ်များတွင် လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရေးကို ထပ်ဆင့်ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**




# ရေစကြိုမြို့ မဈေး မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ရေစကြို ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

မြို့နယ်မီးသတ်တပ်ဖွဲ့ ခေတ္တဦးစီးမှူး ဦးထန်ဒိုလင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဟန်နှင့် ကော်မတီဝင်များ၊ ဈေးကော်မတီဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ မီးသတ်ယာဉ်သုံးစီးဖြင့် မီးငြိမ်းသတ်မှုများကို လက်တွေ့ သရုပ်ပြလေ့ကျင့်ခဲ့ကြခြင်းဖြစ်သည်။

လေ့ကျင့်မှုများကို ရေစကြိုမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရန်နောင်ကျော်စွာ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးဌေးလွင်နှင့် အဖွဲ့များက လာရောက်ကြည့်ရှုအားပေးကာ ဈေးအတွင်း လျှပ်စစ်သွယ်တန်းထားမှု၊ အရေးပေါ် မီးသတ်ရေငုတ်များနှင့် ရေလှောင်ကန်များကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# အချိန်အခါမဟုတ်မိုးကြောင့် စပါးအချို့ ပျက်စီး

**ကျောက်တံခါး ဇန်နဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ဇန်နဝါရီ ၂၅ ရက် ညပိုင်းက အချိန်ခါမဟုတ် မိုးရွာသွန်းမှုကြောင့် ဒေသခံတောင်သူများ၊ ဆန်စပါးကြိတ်ခွဲရောင်းချသူများနှင့် အုတ်ဖုတ်လုပ်ငန်းရှင်အချို့၏ လုပ်ငန်းများတွင် ပျက်စီးဆုံးရှုံးမှုများကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ယခုအချိန်သည် ကျေးရွာများမှ တောင်သူများ ဝမ်းစာစပါး ကြိတ်ခွဲရန်အတွက် ကျောက်တံခါးမြို့ပေါ်ရှိ ဆန်စက်များသို့ ရောက်ရှိကာ စပါးကြိတ်ခွဲရန် အလှည့်ကျစောင့်ဆိုင်းနေချိန်ဖြစ်ရာ စပါးကြိတ်ရန်စောင့်နေသော တောင်သူများ၏ စပါးအိတ်များနှင့် ဆန်စပါးကြိတ်ခွဲရောင်းချသူ ကုန်သည်များ၏ ဆန်နှင့်စပါးများ မိုးရွာသွန်းမှုကြောင့် ပျက်စီးခဲ့ရကြောင်း၊ ဆန်အိတ်၊ စပါးအိတ်တစ်ရာလျှင် ၁၀ အိတ်ခန့် မိုးမိ၍ ပျက်စီးခဲ့ကြောင်း ဆန်စပါးကြိတ်ခွဲရောင်းချသူ ဦးမိုနားက ပြောသည်။

ထို့အတူ ကျောက်တံခါးမြို့နယ်အတွင်းမှ အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်နေသူများမှာလည်း ရုတ်တရက်ရွာသွန်းသည့်မိုးကြောင့် နေလှန်းထားသောအုတ်များ မိုးမိ၍ ပျက်စီးခဲ့ရကြောင်း ခင်ကြီးကျေးရွာမှ အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်သူ ဦးသောင်းကြည်က ပြောသည်။ ယခုအချိန်ထိလည်း မိုးမှာ ဆက်လက်အုံ့ဆိုင်းကာ ရွာသွန်းနိုင်ဖွယ်ရှိနေသဖြင့် မိုးထပ်မိမည်ကို စိုးရိမ်ရသောကြောင့် နေလှန်းအုတ်များအား မိုးကာများဖြင့် အုပ်ဆိုင်း၍ လုပ်ကိုင်နေရကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ဘိုကလေးမြို့၌ မေတ္တာဝါဒီစာကြည့်တိုက် ဖွင့်လှစ်

**ဘိုကလေး ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ မြို့မ(၂)ရပ်ကွက်ရှိ ကျော်ဇံထေရဝါဒ ပရိယတ္တိစာသင်တိုက်(ဓမ္မရိပ်သာ)ကျောင်း၌ မေတ္တာဝါဒီစာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ကျော်ဇံထေရဝါဒ ပရိယတ္တိစာသင်တိုက် ဆရာတော် အရှင်သူရိယ (မေတ္တာဝါဒီ)က ပြည်သူများအသိပညာ တိုးပွားလာရေးနှင့် ဗုဒ္ဓဘာသာ၊ သာသနာတော်အကြောင်း လူငယ်များ ပိုမိုသိရှိလာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း မိန့်ကြားပြီး ဇေယျာဘုံမြင့်ကျောင်းတိုက် ဆရာတော်က စာပေဖတ်ရှုခြင်းဖြင့် အသိပညာတိုးပွား၍ ဘဝတိုးတက်အောင်မြင်မှုများ ရရှိနိုင်ပုံများကို မိန့်ကြားကာ စာကြည့်တိုက်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

မေတ္တာဝါဒီစာကြည့်တိုက်တွင် အဘိဓာန်များ၊ ဆရာတော်ကြီးများ ရေးသားသည့် ကျမ်းစာများ၊ ဗုဒ္ဓတရားတော်များနှင့် သုတ၊ ရသ စာအုပ်ပေါင်း ၂၀၀၀ ခန့်ရှိပြီး မည်သူမဆို (အခမဲ့) အသင်းဝင်၍ ငှားရမ်းဖတ်ရှုနိုင်ကြောင်းနှင့် စာအုပ်စာတမ်းများ လှူဒါန်းလိုပါကလည်း ဖုန်း-၀၉-၈၅၉၅၆၈၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

**အောင်မင်း(ဘိုကလေး)**

# စားသုံးသူအန္တရာယ်ကင်းရှင်းရေး ကျေးရွာအုပ်စု ခုနစ်စု၌ ပညာပေးဟောပြော

**ကသာ ဇန်နဝါရီ ၂၇**

ကသာမြို့နယ် ရွှေလီမြစ်ကမ်းတစ်လျှောက်မှ ကျေးရွာအုပ်စု ခုနစ်စုတွင် စားသုံးသူအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲများကို ကသာခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ ပြုလုပ်ခဲ့သည်။

ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးသန်းထွန်း၊ မြို့နယ်တာဝန်ခံ ဦးကျော်စိန်ဌေးနှင့် အဖွဲ့က အဆိုပါကျေးရွာအုပ်စု ခုနစ်စုမှ အထက်တန်းကျောင်း လေးကျောင်းနှင့် အလယ်တန်းကျောင်း သုံးကျောင်းတို့တွင် ဟောပြောခဲ့ကြခြင်းဖြစ်သည်။ ဟောပြောပွဲများတွင် စားသုံးသူများအား ထိခိုက်နစ်နာစေနိုင်သော အန္တရာယ်ရှိ အစားအသောက်များနှင့် ကုန်ပစ္စည်းအမျိုးမျိုးအကြောင်း၊ အန္တရာယ်ရှိသော ဝန်ဆောင်မှုကိစ္စများနှင့် ယင်းလုပ်ငန်းများနှင့် ဆက်စပ်သည့်ပစ္စည်းများ အကြောင်းတို့ကို ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများအား ဟောပြောခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဟောပြောပွဲများ လိုက်လံပြုလုပ်ရာတွင် တက်ရောက်လေ့လာသူ ပြည်သူများအနက် ကျားသေရွာ၊ ဘွက်ကျေးရွာ၊ ဝက်တူးရွာ၊ ငါးတဲရွာနှင့် ဒိုးပင်ရွာများမှ ပြည်သူများက မိမိတို့ကျေးရွာများသို့လည်း လာရောက်၍ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် တောင်းဆိုတင်ပြခဲ့ကြကြောင်း၊ ဤကဲ့သို့ ပြည်သူများ အသိပညာဉာဏ် ပွင့်လာသည်ကို ဝမ်းမြောက်ကြိုဆိုကြောင်းနှင့် အဆိုပါ ကျေးရွာများသို့ ရက်ချိန်းများယူ၍ သွားရောက်ဟောပြောမည်ဖြစ်ကြောင်း ခရိုင်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှူးက ပြောကြားသည်။



**ရဲကို(ကသာ)**

# Miss ကျိုင်းတုံ ၂၀၁၆ ရွေးချယ်ပွဲ ကျင်းပ

**ကျိုင်းတုံ ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် Miss Golden land Myanmar Organization ၏ စီစဉ်မှုဖြင့် Miss ကျိုင်းတုံ ၂၀၁၆ ရွေးချယ်ပွဲကို ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၂၄ ရက်က ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးက အမှာစကားပြောကြားပြီး Miss East Shan State Organization မှ ဒါရိုက်တာ ဦးထင်စည်ဆန်းနိုင်က ပြိုင်ပွဲရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လှပျိုဖြူ ၁၈ ဦးက မိမိကိုယ်ကိုမိတ်ဆက်ခြင်း၊ ရိုးရာဝတ်စုံ၊ ညနေခင်းဝတ်စုံ အစီအစဉ်များဖြင့် ယှဉ်ပြိုင်ကြကာ ကျိုင်းတုံနည်းပညာတက္ကသိုလ်မှ မရွှန်းလဲ့အိမ်က Miss Kyain Tong 2016 သရဖူရရှိသွားပြီး ဒုတိယနှင့် တတိယဆုကို ကျိုင်းတုံတက္ကသိုလ်မှ နန်းမွေဟွမ်နှင့် ဆုနန်းဇူလိုင်ထွန်းတို့က ရရှိခဲ့သည်။

ဖေဖော်ဝါရီလတွင်လည်း တာချီလိတ်မြို့၌ Miss တာချီလိတ် ၂၀၁၆ ရွေးချယ်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ရာ ရွေးချယ်ပွဲနှစ်ခုမှ Top Ten ရရှိသူ ၁၀ ဦးစီကို Miss Golden Land East Shan State 2016 ပြိုင်ပွဲ ဆက်လက်ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**




# ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေးဆောင်ရွက်ရန် ရှင်းလင်းဆွေးနွေး

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်ဆူတောကျေးရွာ၌ ကျေးရွာမီးလင်းရေးဆောင်ရွက်နိုင်ရန်အတွက် မိတ်ဆက်ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၅ ရက်က ကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

ကြက်ဆူတောကျေးရွာ၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ADB ဘဏ်တို့ ပူးပေါင်းဆောင်ရွက်မည့် Empowering Poor Through Increasing Access To Energy Project ၏ ဒုတိယပိုင်းကို ဆောင်ရွက်ရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဆိုလာဖြင့် ဆောင်ရွက်ရန်အတွက် ရှင်းလင်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ကြက်ဆူတောကျေးရွာသည် ကျောက်ပန်းတောင်းမြို့နှင့် ၂၅ မိုင်ကျော်ကွာဝေးပြီး မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်မီးရယူရန် ခက်ခဲ၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုလာစနစ်ဖြင့် မီးအလင်းရောင်ရယူသုံးစွဲနိုင်ရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကုန်ကျစရိတ်အတွက် ဒေသခံပြည်သူများက ၂၀ ရာခိုင်နှုန်း ကျခံရမည်ဖြစ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ADB ဘဏ်တို့က ဗမ္ဗူရစ်ပုလဲကုမ္ပဏီနှင့် ပူးပေါင်း၍ လိုအပ်သည့်နည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ဆိုလာမီးလင်းရေးလုပ်ငန်းကို ၂၀၁၆ ခုနှစ် ဧပြီလအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းအားလုံးပြီးစီးပါက ကြက်ဆူတောကျေးရွာရှိ အိမ်ထောင်စု ၁၂၆ စုအတွက် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်မြင့်ဝင်းက ဆိုလာစနစ်အကြောင်း ရှင်းလင်းပြောကြားပြီး ဗမ္ဗူရစ်ပုလဲကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ၎င်းတို့ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ပေးမည့်အပိုင်းကိုလည်းကောင်း၊ ADB ဘဏ်မှ တာဝန်ရှိသူတစ်ဦးက ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေးဆောင်ရွက်နိုင်ရန် ကူညီထောက်ပံ့ပေးမည့် အစီအစဉ်များနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ကျေးရွာနေပြည်သူများအား ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရယူသုံးစွဲနိုင်မည့် နည်းပညာများကို လက်တွေ့ရှင်းလင်းပြသကြပြီး ဆိုလာပြားကြီးများ အထိုင်တပ်ဆင်ထားရှိမည့် နေရာကို လေ့လာကြည့်ရှုခဲ့ကြသည်။

**နေအောင် (ပြန်/ဆက်)**

# တစ်ပိုင်တစ်နိုင် နွားမွေးသူများ တစ်နှစ်လျှင် ၁၀ သိန်းကျော် ဝင်ငွေရရှိ

**တပ်ကုန်း ဇန်နဝါရီ ၂၇**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ကျေးရွာများမှ တောင်သူများအနေဖြင့် သီးနှံများရိတ်သိမ်းပြီးချိန်တွင် နွားစားကျက်မြေပေါ်များသောကြောင့် တစ်ပိုင်တစ်နိုင် နွားမွေးမြူသူများအနေဖြင့် တစ်နှစ်လျှင် ဝင်ငွေ ၁၀ သိန်းကျော်ရရှိကာ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

"ကျွန်တော်က သားကျနွား ၁၀ ကောင် မွေးမြူထားပါတယ်။ နွားမတွေက သားတစ်ခါကျပြီး တစ်နှစ်ပြည့်ပြီဆိုတာနဲ့ သားပြန်ရတဲ့အတွက် တစ်နှစ်တစ်သားမွေးပါတယ်။ တစ်နှစ်သားအရွယ် နွားပေါက် အမတစ်ကောင် သုံးသိန်း၊ အထီးတစ်ကောင် သုံးသိန်းခွဲ ရရှိပါတယ်။ နွားပေါက်ကလေးမွေးပြီး ၄၅ရက်သားပြည့်တဲ့အခါ နွားနို့ စတင်ညှစ်ယူပြီး နွားမတစ်ကောင် တစ်နေ့ နို့တစ်ပိဿာလောက် ရပါတယ်။ နွားချေးက တစ်နှစ်ပတ်လုံး လှည်း ၁၅ စီးရပြီး လှည်းတစ်စီးကို ၅၀၀၀ ကျပ် ရပါတယ်။ နွားပေါက်၊ နွားနို့၊ နွားချေး တစ်နှစ်အတွင်း ရောင်းရငွေ ၁၀ သိန်းကျော် ရပါတယ်"ဟု သာယာဝှမ်းကျေးရွာမှ တစ်ပိုင်တစ်နိုင် နွားမွေးမြူသူ ဦးလှအောင်က ပြောသည်။

နွားများကို မိုးရာသီနှင့် ဆောင်းရာသီကာလများတွင် ဆင်သေချောင်း၏ ပိတ်ဆွယ်တောနှင့် မိုးတွင်းပဲတီစိမ်းခင်းကွင်းများတွင် လိုက်လံထိန်းကျောင်းရကြောင်း၊ ဆောင်ရာသီတွင် တောင်သူများအနေဖြင့် မြေအောက်ရေဖြင့် စိုက်ပျိုးမှုကြောင့် သီးနှံရိတ်သိမ်းပြီးသည့်အခင်းများတွင် သွားရောက်၍ စားကျက်ချရကြောင်း နွားမွေးမြူသူတစ်ဦးက ပြောသည်။

တပ်ကုန်းမြို့နယ်အတွင်းမှ ကျေးရွာများတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ကြရာ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုနည်းပါးခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် မြေအောက်ရေကို စက်ဖြင့်ရေစုပ်တင်ယူကာ သီးနှံမျိုးစုံစိုက်ပျိုးလာကြသည်။ ထိုသို့ စိုက်ပျိုးမှုကြောင့် နွားစားကျက်မြေပေါ်များလာပြီး တစ်ပိုင်တစ်နိုင်နွားမွေးမြူသူများအတွက် အဆင်ပြေလာခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**



# ငွေပြည်တောင်စေတီတော် ထီးတော်တင်လှူပွဲ ကျင်းပ

**နတ်တလင်း ဇန်နဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ချောင်းသုံးခွကျေးရွာအုပ်စု ချောက်ခမ်းကျေးရွာနှင့် မိုးညိုမြို့နယ်အစပ်တွင် တည်ထားကိုးကွယ်သော ငွေပြည်တောင်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၂၅ ရက်က ကျင်းပခဲ့သည်။

ငွေပြည်တောင်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲကို ဇန်နဝါရီ ၂၃ ရက်မှ စတင်ကျင်းပပြီး ၃၀ ရက်အထိ ရှစ်ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ထီးတော်တင်လှူပူဇော်ပွဲအထိမ်းအမှတ် အားကစားပြိုင်ပွဲများအနေဖြင့် မြန်မာ့ရိုးရာ မြင်းစီးပြိုင်ပွဲများ၊ နွားအလှပြိုင်ပွဲများ၊ ဘော်လီဘောပွဲ၊ ဘောလုံးပွဲ၊ ပိုက်ကျော်ခြင်းခတ်ပွဲနှင့် ရိုးရာခြင်းအလှခတ် ပြိုင်ပွဲများ၊ ချောတိုင်တက်ပွဲနှင့် မီတာ ၅၀၊ မီတာ ၁၀၀ အပြေးပြိုင်ပွဲများ ပါဝင်သည်။ အားကစားပြိုင်ပွဲများဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက အားကစားပြိုင်ပွဲကွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး မြင်းစီးပြိုင်ပွဲ၊ နွားအလှပြိုင်ပွဲနှင့် အခြားအားကစားပြိုင်ပွဲများကို ကြည့်ရှုအားပေးခဲ့သည်။



အားကစားပြိုင်ပွဲများအပြင် အနုပညာဝါသနာရှင်များအတွက် သီချင်းဆိုပြိုင်ပွဲများ၊ ဆိုင်းအဖွဲ့ဖြင့် ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်ကြောင်း၊ ဇန်နဝါရီ ၃၀ ရက်တွင် စေတီတော်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ တင်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**
**ဓာတ်ပုံ-တင်စိုး(ပဲခူး)**

# နမ့်ခမ်းမြို့နယ်လုံးဆိုင်ရာ (၁၇)ကြိမ်မြောက် ပရိယတ္တိသဒ္ဓမ္မပါလစာပြန်ပွဲနှင့် ရေးဖြေပွဲကျင်းပ

**နမ့်ခမ်း ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်၌ (၁၇)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ သဒ္ဓမ္မပါလစာပြန်ပွဲနှင့်ရေးဖြေပွဲကို ဇန်နဝါရီ ၁၉ ရက်က မြို့လယ်ဘုရားကျောင်းတော်ကြီးတွင် ကျင်းပရာ သံဃာတော်နှင့် ရဟန်းသာမဏေ ၁၁၄ ပါး၊ လူပုဂ္ဂိုလ် ၇၀ ဝင်ရောက်ဖြေဆိုကြပြီး ဇန်နဝါရီ ၂၄ ရက် (ပြာသိုလပြည့်)အထိ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ စာပြန်ပွဲနှင့် ရေးဖြေစာမေးပွဲကို နှစ်စဉ်ပြာသိုလဆန်း ၁၀ ရက်မှ ပြာသိုလပြည့်နေ့အထိ ကျင်းပလေ့ရှိပြီး ယခုနှစ်တွင်လည်း တစ်မြို့နယ်လုံးရှိ ဩဝါဒါစရိယဆရာတော်များ၊ နာယကဆရာတော်များနှင့်အတူ ဥက္ကဋ္ဌ ဆရာတော်များအဖြစ် နိုင်ငံတော်သံဃာ့ဝန်ဆောင်၊ မဟာ စည်သာသနာ့ရိပ်သာနှင့် သာသနာ့ဝိပူလစာသင်တိုက် ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တသူရိယ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)နှင့် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဇေယျသုခကျောင်းတိုက် ဆရာတော် ဒေါက်တာအရှင် ဝိနယာစာရ (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)တို့က ဆောင်ရွက်တော်မူကြပြီး အကျိုးတော်ဆောင်ဆရာတော် လေးပါးတို့က ကြီးကြပ်ဆရာတော် သံဃာတော်များပါဝင်လျက် စာပြန်ပွဲနှင့် ရေးဖြေပွဲကို ဆောင်ရွက်ခဲ့ကြသည်။ ပြာသိုလပြည့်နေ့ မွန်းလွဲ ၁ နာရီအချိန်တွင် ဆရာတော်များက အောင်လက်မှတ်များနှင့် အောင်ဆုများကို ချီးမြှင့်ခဲ့ပြီး ရပ်ကွက်ကျေးရွာများရှိ အလှူရှင်များနှင့် ဆွမ်းအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**



# ခေတ်မီ လယ်စိုက်ပျိုးရေးစနစ်ဖြင့် စပါးပျိုးပင်များထုတ်လုပ်လျက်ရှိ

**ပြည် ဇန်နဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့အနီးရှိ လယ်တော်ကြီး မျိုးစပါးသီးသန့်စိုက်ပျိုးရေးခြံ၌ ခေတ်မီနည်းပညာသစ်များဖြင့် မျိုးစပါးပျိုးပင် အသန့်ထုတ်လုပ်မှုများ ပြုလုပ်ပြီး ခေတ်မီစိုက်ပျိုးရေးစက်ဖြင့် စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

စပါးပျိုးပင် ထုတ်လုပ်မှုကို ပုဂ္ဂလိကလုပ်ငန်းရှင်များက ဦးစီး၍ စမ်းသပ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ခေတ်မီစပါးစိုက်စက်များကို အသုံးပြု စိုက်ပျိုးနိုင်သည့်အတွက် မိရိုးဖလာ စိုက်ပျိုးခြင်းထက် အချိန်နှင့် ငွေကုန်သက်သာကြောင်း၊ စပါးထွက်နှုန်းလည်း ပိုမိုကောင်းမွန်ပြီး လယ်ယာလုပ်သားရှားပါးမှုကိုလည်း ဖြေရှင်းဆောင်ရွက်နိုင်သည့် နည်းလမ်းဖြစ်ကြောင်း အဆိုပါစိုက်ကွင်းမှ တာဝန်ခံတစ်ဦးက ပြောသည်။



"ကျွန်တော်တို့ ဒီမှာက ထုတ်လုပ်မှုတွေ အဆင့်ဆင့်ရှိပါတယ်။ အဲဒီလို ထုတ်လုပ်မှု အဆင့်ဆင့်အတွက် နေ့စဉ်အမျိုးသမီး ၁၅ ဦးနဲ့ အမျိုးသား ၁၅ ဦး လိုအပ်ပါတယ်။ အစကတော့ အကျွမ်းတဝင်မရှိသေးတော့ အခက်အခဲနဲနဲရှိတယ်။ နောက်ပိုင်း လုပ်ငန်းခွင်ဝင်သွားတော့ ပိုပြီး တွင်ကျယ်အောင်လုပ်နိုင်တယ်။ လုပ်သားတွေလည်း ပုံမှန်ဝင်ငွေရရှိလို့ အဆင်ပြေတာပေါ့"ဟု အထက်ပါစိုက်ပျိုးရေးခြံ တာဝန်ရှိသူကပင် ဆက်၍ပြောသည်။

လယ်ယာစိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး အတွက် နိုင်ငံတော်အပိုင်းမှ ကြိုးပမ်းဆောင်ရွက်မှုများနှင့်အတူ တောင်သူတို့၏ စိုက်ပျိုးနည်းစနစ်များ ပြုပြင်ပြောင်းလဲကာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက သီးနှံထွက်နှုန်း ပိုမိုကောင်းမွန်လာခြင်းနှင့်အတူ တောင်သူလယ်သမားများ၏ လူနေမှုဘဝများ တိုးတက်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**

# မှိုစိုက်ပျိုးနည်းသင်တန်း ဖွင့်လှစ်

**မိုးညှင်း ဇန်နဝါရီ ၂၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ စီစဉ်မှုဖြင့် အခြေခံ မှိုစိုက်ပျိုးနည်းသင်တန်း အမှတ်စဉ်(၁/၂၀၁၆)ကို မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ဇန်နဝါရီ ၂၄ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးအေးမင်းနိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းစီမံချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မှိုစိုက်ပျိုးနည်းများကို မိုးညှင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးတင်မျိုးကိုက သင်ကြားပို့ချခဲ့သည်။

သင်တန်းသို့ မိုးညှင်းမြို့ပေါ်နှင့် ကျေးရွာများမှ သင်တန်းသား ၃၅ ဦး တက်ရောက်ကြသည်။ မိုးညှင်းမြို့နယ်အတွင်းရှိ ဆင်းရဲနွမ်းပါးသော ပြည်သူများအတွက် အလုပ်အကိုင်နှင့် ဝင်ငွေရရှိစေသော အခွင့်အလမ်း တစ်ရပ်ဖြစ်လာရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

# ဆီသယ်ရေယာဉ်များကြောင့် ဧရာဝတီမြစ်ရေ ညစ်ညမ်းမှုမရှိစေရန် ထိန်းသိမ်းပေးသင့်

**ကသာ ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ဧရာဝတီမြစ်အတွင်း၌ စက်သုံးဆီသယ်သော ရေယာဉ်များ ရပ်တန့်ကာ ကားများပေါ်သို့ ပြောင်းရွှေ့သယ်ယူစဉ် ဆီများဖိတ်ကျခြင်းကြောင့် မြစ်အတွင်း ရေထုညစ်ညမ်းမှု မရှိစေရန်နှင့် သဘာဝ ငါးသယံဇာတများကို သွယ်ဝိုက်သောအားဖြင့် ထိခိုက်မှုများ မရှိစေရန် တာဝန်ရှိသူများအနေဖြင့် ထိန်းသိမ်းလမ်းညွှန်ပေးရန်လိုကြောင်း ဒေသခံတစ်ဦးက အကြံပြု ပြောကြားသည်။

ကသာမြို့နယ်သည် ဧရာဝတီမြစ်ကမ်းနံဘေးတွင် တည်ရှိကာ ကုန်သွယ်မှုအတွက် အရေးပါသော ဆိပ်ကမ်းဖြစ်ပြီး ကချင်ပြည်နယ်သို့ စက်သုံးဆီသယ်ပို့မည့် ရေယာဉ်များမှာ ကသာမြို့တွင် ဆိုက်ကပ်ကာ ဆီသယ်ယာဉ်များဖြင့် ကချင်ပြည်နယ်သို့ ဆက်လက်တင်ပို့ကြောင်း သိရသည်။

ကသာမြို့နယ်တွင် စက်သုံးဆီသိုလှောင်ဖြန့်ချိသော ကုမ္ပဏီများလည်းရှိပြီး စက်သုံးဆီ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြောင့် ဒေသခံပြည်သူအများအပြားမှာလည်း အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိကြောင်း သိရသည်။ ဆီသိုလှောင်ဖြန့်ချိသော ကုမ္ပဏီများမှာ ကသာမြို့နယ် အောင်ချမ်းသာကျေးရွာအနီးတွင် စုစည်းနေရာယူ၍ ကချင်ပြည်နယ်သို့ တင်ပို့ရန်အတွက် ဒေသခံမော်တော်ယာဉ်များကို ခေါ်ယူပြီး တင်ပို့ကြသည်။ ဆီသယ်ယာဉ်များမှာ နေ့စဉ်သယ်ယူနေရသဖြင့် ဒေသခံမော်တော်ယာဉ်မောင်းသူများ၊ ဆီအတင်အချ လုပ်သားများမှာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမို ရရှိနေကြသည်။ ထို့အပြင် ကသာမြို့နယ်တွင် လာရောက်ရင်းနှီးမြှုပ်နှံသော ဆီကုမ္ပဏီများအတွက် မြေနေရာများငှားရမ်းရသည့်အတွက် ဒေသခံ မြေပိုင်ရှင်များအနေဖြင့်လည်း မြေငှားခများရရှိကြောင်း သိရသည်။

ဆီသယ်ယာဉ်များ ဝင်ရောက်ခြင်းနှင့် စက်သုံးဆီသယ်ယူပို့ဆောင်ရေး လုပ်ငန်းများကြောင့် ကသာမြို့နယ်အတွင်း ကျေးရွာများမှ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်နှင့် ဝင်ငွေများ ရရှိသော်လည်း မြစ်အတွင်း ရေယာဉ်များပေါ်မှ ဆီထုတ်၍ သယ်ယူရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ မရှိစေရန် တာဝန်ရှိသူများအနေဖြင့် ထိန်းသိမ်းလမ်းညွှန်ပေးစေလိုကြောင်း အဆိုပါဒေသခံက အကြံပြုပြောကြားခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် စက်သုံးဆီတင် ရေယာဉ်များ ကသာမြို့နယ်သို့ ဝင်ရောက်မှုမှာ လျော့နည်းခြင်းမရှိသလို ဆီသယ်ကားများမှာလည်း အဆိုပါ ရေယာဉ်များပေါ်မှ နေ့စဉ် ဆီသယ်ယူ၍ ကချင်ပြည်နယ်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။



ကသာမြို့နယ် ဧရာဝတီမြစ်အတွင်းမှ ဆီသယ်ရေယာဉ်ကြီးများ။

**ငွေအိုး(ကသာ)**

# ကိုးဘွဲ့ရရိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာခံယူပါ။

နိုင်ငံကျော် ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရအရှင်သူမြတ် တည်ဆောက်သော ဝိပဿနာရိပ်သာ၌ (၁) မြေ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၂)ကျောင်း ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၃)သိမ် ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၄)ဘုရားစေတီ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၅)အုတ်တံတိုင်း ဆယ်ပေတစ်ခန်း ငါးသောင်းကျပ်၊ (၆)ပစ္စည်းလေးပါးပဒေသာပင် ငါးသောင်းကျပ်နှုန်းဖြင့်–ရန်ကုန်၊ မြောက်ဒဂုံ၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးပထူးလမ်း၊ ကိုးဘွဲ့ရကျောင်းသို့ဖြစ်စေ၊ အရှင်အာစာရာလင်္ကာရ–မြောက်ဥက္ကလာ ကမ္ဘောဇဘဏ်၊ အကောင့်နံပါတ် ၀၇၀–၁၂–၁၀၀–၇၃–၇၃၃ သို့ဖြစ်စေ လှူဒါန်းနိုင်ကြပါပြီ။ (ဖုန်း–၀၉ ၂၁ ၁၀ ၃၀၅ ၊ ၀၉ ၇၈၇ ၆၆၆၆ ၇၀၊ ၀၉ ၇၈ ၇၈ ၇၇ ၉၆၉၊ ၀၉ ၂၆ ၃၂ ၄၄၄ ၆၆ )

---

ကမ်းလွန်ရေနံလုပ်ကွက်အမှတ် (AD-7)

## အဏ္ဏဝါဆိုက်စမစ်လေ့လာခြင်းဆိုင်ရာ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာအတွက်ကြေညာချက်

Daewoo International Corporation (Daewoo) သည် မြန်မာနိုင်ငံ၊ ရခိုင်ကမ်းလွန်ဒေသရှိ ရေနံလုပ်ကွက်အမှတ်-အေဒီ-၇ တွင် အဏ္ဏဝါဆိုက်စမစ်လေ့လာခြင်းကို ၂၀၁၆ ခုနှစ် အစောပိုင်းတွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါ စီမံကိန်းနှင့်ပတ်သက်၍ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို Daewoo (လုပ်ငန်းအကျိုးတူ ပူးပေါင်းဆောင်ရွက်သူများဖြစ်သော Daewoo နှင့် Woodside Energy (Myanmar) ကိုယ်စားပြု အဏ္ဏဝါဆိုက်စမစ်လေ့လာခြင်း လုပ်ငန်းများဆောင်ရွက်သူ) ၊ ERM နှင့် E Guard Environmental Services တို့မှ လေ့လာပြုစုပြီးဖြစ်ပါသည်။ အများပြည်သူများအနေဖြင့် အစီရင်ခံစာ(မူကြမ်း)အား အောက်ဖော်ပြပါနေရာများတွင် ဖတ်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

- Daewoo၏ ရန်ကုန်ရုံး၊ International Business Center (IBC), တိုက်အမှတ် (၈၈)၊ ပြည်လမ်း၊ ၆မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊
- E Guard၏ ရန်ကုန်ရုံး၊ အမှတ်-၃၉၊ မြကန်သာလမ်းသွယ်၊ ငြိမ်းချမ်းရေးလမ်း၊ (၁၀)မိုင်၊ ဇော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊
- စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ချင်းပျံလမ်း၊ ဘောလုံးကွင်းရပ်ကွက်၊ စစ်တွေမြို့နယ်၊
- ငါးလုပ်ငန်းဦးစီးဌာန၊ သတ္တုဌာနလမ်း၊ ပြည်တော်သာရပ်ကွက်၊ ရခိုင်ပြည်နယ်ရုံး၊

အကြံပြုချက်နှင့်သုံးသပ်ချက်များအား env@daewooenp.com နှင့် info@eguardservices.com သို့ အီးမေးလ်ဖြင့်သော် လည်းကောင်း (သို့မဟုတ်) ရန်ကုန်မြို့ရှိ E Guard ရုံးသို့ တိုက်ရိုက်ပေးပို့၍သော်လည်းကောင်း၊ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၆) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။

---

# လိုင်စင်ကန်ထရိုက်တာနှင့် လိုင်စင်အင်ဂျင်နီယာများသိရှိရန် အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဆောက်အအုံများအား တာဝန်ယူ ကြီးကြပ်ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ စည်းကမ်းများသတ်မှတ်၍ ကန်ထရိုက်တာလိုင်စင်နှင့် အင်ဂျင်နီယာလိုင်စင်များ ထုတ်ပေးခဲ့ပါသည်။

၂။ သို့ရာတွင် အချို့သော လိုင်စင်ကန်ထရိုက်တာနှင့် လိုင်စင်အင်ဂျင်နီယာတို့သည် အဆောက်အအုံဆောက်လုပ်ခွင့် မလျှောက်ထားမီ မြေပြင်သို့ သွားရောက်ကြည့်ရှုခြင်းမပြုဘဲ မြေပြင်အခြေအနေနှင့် မကိုက်ညီဘဲ ဆောက်လုပ်ထားသော ပုံစံများနှင့် ခွင့်ပြုချက်မရမီ ဆောက်လုပ်ထားသည့်အဆောက်အအုံပုံစံများတွင် အခကြေးငွေယူ၍ အလွယ်တကူ လက်မှတ်ရေးထိုးကြခြင်း၊ ဆောက်လုပ်ခွင့်ရရှိပြီးပါကလည်း လုပ်ငန်းခွင်အား စနစ်တကျမကြီးကြပ်သဖြင့် စည်းကမ်းဖောက်ဖျက်မှုနှင့် ပုံစံကွဲလွဲမှုများဖြစ်ပေါ်ခြင်းတို့ကြောင့် ဌာနမှ လိုင်စင်ရုပ်သိမ်းအရေးယူမှုများ ဆောင်ရွက်ရခြင်းအပေါ် အရေးယူခံရသည့် အဆောက်အအုံသည် မိမိတို့နှင့်ပတ်သက်မှုမရှိကြောင်း၊ လက်မှတ်ရေးထိုးပေးခြင်းသာဖြစ်ကြောင်း စသည်ဖြင့် အကြောင်းအမျိုးမျိုးပြ၍ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းကို ကြီးကြပ်ခြင်းမှ နုတ်ထွက်ခွင့်ပြုရန်နှင့် အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ပြုရန် ပြန်လည်တင်ပြနေကြကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ လိုင်စင်ကန်ထရိုက်တာနှင့် လိုင်စင်အင်ဂျင်နီယာများအနေဖြင့် မိမိတာဝန်ယူ လက်မှတ်ရေးထိုးသည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုပြီး ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီသည့်ပုံစံများကိုသာ တာဝန်ယူ လက်မှတ်ရေးထိုးကြရန်နှင့် မိမိတာဝန်ယူ လက်မှတ်ရေးထိုးတင်ပြ၍ ခွင့်ပြုချက်ရရှိပြီးသော အဆောက်အအုံများကို ခွင့်ပြုပုံစံပါအတိုင်း စည်းကမ်းနှင့်အညီ ဆောက်လုပ်စေရေး ကြပ်မတ်ဆောင်ရွက်ကြရန် အသိပေးအပ်ပါသည်။ မိမိတာဝန်ယူလက်မှတ်ရေးထိုးသည့်အဆောက်အအုံတွင် စည်းကမ်းဖောက်ဖျက်မှုများပေါ်ပေါက်ပါက ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်းနှင့် လိုအပ်ပါက လိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်မည်ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးပြပြီး ပြစ်ဒဏ်လျှော့ပေါ့ပေးရန်တင်ပြခြင်းကို လက်ခံ ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၁)၊နဝမတန်းမှ မမိုးမိုးဇင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်နိုင် ၅/တမန(နိုင်) ၀၄၃၇၁၂ ဖြစ်ပါကြောင်း။

**ဦးမြင့်နိုင် ၅/တမန(နိုင်)၀၄၃၇၁၂**

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးဖွန်မှုန်း၏သား ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ကလေးဝမြို့နယ်ရုံးမှ ဦးဆလိုင်းဗျက်ပြန်း(ခ)ဦးဗျက်ပြန်း ၅/တမန(နိုင်) ၀၂၉၄၄၈သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဆလိုင်းဗျက်ပြန်း(ခ)ဦးဗျက်ပြန်း**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/9414 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ခ/၉၂၁၆၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ ဇဝနဒီပ ရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၁၄၅၅)၊ ဧရိယာ ၀ဒသမ ၁၄၆ဧကရှိ အမည်ပေါက်ပိုင်ရှင် ဦးထင်ကျော် ၁၃/တကန(နိုင်)၀၉၇၅၀၂ (ဘ) ဦးမြတင်မှ မြေငှားဂရန်စာချုပ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာသည့်အတွက် မြေငှားဂရန် မိတ္တူမှန် ထုတ်ပေးမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများတင်ပြ၍ ယနေ့မှစ၍ ၁၄ ရက်အတွင်း မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ၂၀၁၆ခုနှစ်တွင်ကျင်းပမည့် ပထမအကြိမ် Computer Based Test (CBT) စနစ်ဖြင့် ကိုရီးယားဘာသာအရည်အချင်းစစ် အထူးသီးသန့်စာမေးပွဲကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့်အလုပ်သမားဝန်ကြီးဌာနတို့သည် နှစ်နိုင်ငံသဘောတူညီမှုစာချွန်လွှာအရ နိုင်ငံခြားသား လုပ်သားခေါ်ယူမှုစနစ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိသော မြန်မာလုပ်သားများအတွက် အစိုးရ ပြည်ပအလုပ်အကိုင်အေဂျင်စီမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ ကိုရီးယားသမ္မတနိုင်ငံတွင် အနိမ့်ဆုံး(၃)နှစ်ထက်ပို၍ တရားဝင်ကောင်းမွန်စွာနေထိုင်အလုပ်လုပ်ကိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ၂၀၁၀ခုနှစ် ဇန်နဝါရီနောက်ပိုင်း ပြန်လည်ရောက်ရှိခဲ့သော မြန်မာအလုပ်သမားများအတွက် ထပ်မံသွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးရည်ရွယ်ပြီး Computer Based Test (CBT) စနစ်ဖြင့် သီးသန့်ပြုလုပ်ပေးသော ကိုရီးယားဘာသာအရည်အချင်းစစ် အထူးစာမေးပွဲဖြစ်ပါသည်။ ထိုစာမေးပွဲ အောင်မြင်သူများသာလျှင် နိုင်ငံခြားသား လုပ်သားခေါ်ယူမှုစနစ်အရ အလုပ်လျှောက်လွှာတင်ခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၁။ **စာမေးပွဲကျင်းပမည့်နေ့ရက်၊ အချိန်**
(က) ၂၄-၂-၂၀၁၆ ရက်မှ စတင်ကျင်းပမည်။
(ခ) ၀၉း၃၀ နာရီမှ ၁၀း၄၀ နာရီထိ (ပထမပိုင်း)နှင့် ၁၁း၅၀နာရီမှ ၁၃း၀၀နာရီထိ (ဒုတိယပိုင်း)နှစ်ကြိမ်ခွဲ၍ တစ်ကြိမ်လျှင် လုပ်သား (၃၀)ဦး စစ်ဆေးပါမည်။
- စာမေးပွဲဖြေဆိုသူများအား အသိပညာပေးခြင်းရှိပါသဖြင့် ပထမပိုင်းဖြေဆိုမည့်သူများသည် ၀၈း၃၀ နာရီတွင်လည်းကောင်း၊ ဒုတိယပိုင်းဖြေဆိုမည့်သူများသည် ၁၀း၅၀ နာရီတွင်လည်းကောင်း သက်ဆိုင်ရာစာမေးပွဲခန်းများတွင် နေရာယူပြီးဖြစ်ရပါမည်။

၂။ **စာမေးပွဲကျင်းပမည့်နေရာ**
- CBT Center၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ အမှတ် ၈/၁၊ နဂါးရုံဘုရားလမ်း၊ ၅ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

၃။ **ခေါ်ယူမည့်လုပ်ငန်းအမျိုးအစား**

| လုပ်ငန်းအမျိုးအစား | အောင်စာရင်းသတ်မှတ်ချက် |
|---|---|
| ကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်း | အမှတ်ပြည့်(၂၀၀)ရှိသည့်အနက် အမှတ်(၈၀)အထက် ရရှိသူများအား အမှတ်အနည်း/အများအလိုက် သတ်မှတ်အရေအတွက်သာ အောင်မြင်ခွင့် |

၄။ **သတ်မှတ်ချက်များ**
(က) အသက်(၁၈)နှစ်မှ (၃၉)နှစ်အတွင်း
(၁၉၇၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှ ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်အတွင်း မွေးဖွားသူ)
(ခ) ထောင်ဒဏ်အပြစ်ကျခံဖူးခြင်း မရှိသူ/မိခင်နိုင်ငံမှ ပြည်ပသို့ထွက်ခွာရန် တားမြစ်ခြင်းမခံရသူ
(ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ထားခြင်း/ပြန်ပို့ခြင်းမခံရသူ (တရားမဝင်နေထိုင်ခဲ့ဖူးခြင်း မရှိသူဖြစ်ရမည်)
(ဃ) ကျန်းမာရေးကောင်းမွန်သူ (ကျန်းမာရေးအတွက် ဆေးစစ်ခြင်းပြုလုပ်ပါမည်)

၅။ **စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း**
(က) လျှောက်လွှာထုတ်ပေး/လက်ခံမည့်ရက် - ၄-၂-၂၀၁၆ရက်မှ ၆-၂-၂၀၁၆ရက်အတွင်း (နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီထိ)
(ခ) လျှောက်လွှာထုတ်ပေး/လက်ခံဌာန - အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ အမှတ် ၈/၁၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
(ဂ) လျှောက်လွှာတင်ရမည့်နည်းလမ်း - လျှောက်ထားသူကိုယ်တိုင် လာရောက်တင်ရမည်။
(ဃ) လိုအပ်သည့်စာရွက်စာတမ်းများ
(၁) စာမေးပွဲလျှောက်လွှာ (စာမေးပွဲခုံနံပါတ်ပါရှိပြီးဖြစ်ပါ၍ တစ်ဦးလျှင် တစ်စောင်သာထုတ်ပေးမည်။)
(၂) နိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူတစ်စောင်၊ (မှတ်ချက်။ ကိုရီးယားသမ္မတနိုင်ငံမှထွက်ခွာခဲ့စဉ်က ကိုင်ဆောင်သည့် နိုင်ငံကူးလက်မှတ်/မိတ္တူ) စာမေးပွဲလျှောက်လွှာတွင် သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်မိတ္တူအား ကပ်ပေးရပါမည်။
(၃) (၃.၅စမ×၄.၅စမ) ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ (၆ လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ)
(၄) စာမေးပွဲဖြေဆိုခ ပေးသွင်းထားသည့်ငွေရပြေစာ
(င) စာမေးပွဲဖြေဆိုခ - အမေရိကန်ဒေါ်လာ ၂၄ (သို့မဟုတ်) ညီမျှသော မြန်မာကျပ်ငွေ
- လျှောက်ထားသူများသည် အကြောင်းအမျိုးမျိုးကြောင့် လျှောက်လွှာပယ်ဖျက်လိုလျှင် လျှောက်လွှာလက်ခံသည့်ကာလအတွင်း လျှောက်ထားလာပါက ပယ်ဖျက်ပေးမည့်အပြင် စာမေးပွဲကြေးအား ပြန်လည်ထုတ်ပေးပါမည်။

၆။ **စာမေးပွဲဖြေဆိုရန် နေ့ရက်၊ အချိန်ဇယားထုတ်ပြန်ကြေညာခြင်း**
(က) ၁၈-၂-၂၀၁၆ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၇။ **စာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာမည့်ရက်**
(က) ကြေညာမည့်ရက် ၂၁-၃-၂၀၁၆ ရက်
(ခ) ကြေညာမည့်နည်းလမ်း
(၁) အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး၊ ကြော်ငြာသင်ပုန်း
(၂) ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်/ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ(EPS-TOPIK နှင့် ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့၏ Homepage (http;//www.eps.go.kr), (http;//epstopik.hrdkorea.or.kr), (http;//www.hrdkorea.go.kr)
(၃) စာမေးပွဲသက်တမ်း ၂၅-၃-၂၀၁၆ ရက်မှ ၂၄-၃-၂၀၁၈ (အောင်စာရင်းထုတ်ပြန်ကြေညာသည့်ရက်မှ ၂ နှစ်တာ)

၈။ **စာမေးပွဲမေးခွန်းပုံစံနှင့် အမှတ်ပေးစည်းမျဉ်း**

| မေးခွန်းပုံစံ | မေးခွန်းအရေအတွက် | အမှတ်ပေါင်း | ဖြေဆိုချိန် | မှတ်ချက် |
|---|---|---|---|---|
| အဖတ်စွမ်းရည် (Reading) | ၂၅ ပုဒ် (လုပ်ငန်းဆိုင်ရာ ၁၀ ပုဒ်၊ အထွေထွေ ၁၅ ပုဒ်) | ၁၀၀ | ၄၀ မိနစ် | အဖတ်စွမ်းရည်စာမေးပွဲနှင့်အကြားစွမ်းရည်စာမေးပွဲအား တစ်ဆက်တည်း ဖြေဆိုရမည် |
| အကြားစွမ်းရည် (Listening) | ၂၅ ပုဒ် | ၁၀၀ | ၃၀ မိနစ် | |
| **စုစုပေါင်း** | **၅၀ ပုဒ်** | **၂၀၀** | **၇၀ မိနစ်** | |

**မှတ်ချက်** ။ စာမေးပွဲမေးခွန်းများသည် "The Standard Textbook for EPS-TOPIK" စာအုပ်ကိုအခြေခံ၍ မေးမြန်းရန်ရှိပါသဖြင့် အောက်ပါ Webpage များတွင် ဝင်ရောက် ကြည့်ရှုအခမဲ့ download ရယူနိုင်ပါသည်။
Homepage (http;//eps.hrdkorea.or.kr), (http;//www.hrdkorea.or.kr)

၉။ **စာမေးပွဲဖြေဆိုသည့်ရက်တွင် ဖြေဆိုသူယူဆောင်လာရမည့်စာရွက်စာတမ်းများ**
(က) ဖြေဆိုခွင့်ကတ်ပြား
(ခ) နိုင်ငံကူးလက်မှတ် (စာမေးပွဲလျှောက်လွှာတွင် ကပ်ထားခဲ့သော နိုင်ငံကူးလက်မှတ်)မူရင်း
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား
အထက်အပိုဒ်(က)၊ (ခ)၊ (ဂ)ပါ အထောက်အထားများယူဆောင်လာခြင်းမရှိပါက စာမေးပွဲအား ဝင်ရောက်ဖြေဆိုခွင့်မရှိပါ။

၁၀။ **သတိပြုရန်အချက်များ**
(က) စာမေးပွဲအောင်သူများ၏ အမှတ်စာရင်းအား ၂၁-၃-၂၀၁၆ ရက်မှစ၍ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ကြေညာပေးပါမည်။
(ခ) စာမေးပွဲဖြေဆိုချိန်တွင် မမှန်ကန်သည့်နည်းလမ်းဖြင့် ပြုလုပ်နိုင်သည့်စက်ပစ္စည်းများ (လက်ကိုင်တယ်လီဖုန်း၊ ကက်ဆက်၊ MP3၊ လျှပ်စစ်လက်ကိုင်အဘိဓာန်စသည်များ)အား ယူဆောင်လာခွင့်မရှိပါ။
(ဂ) စာမေးပွဲအတွင်း မမှန်ကန်သည့်အပြုအမူများ လုပ်ဆောင်ခဲ့လျှင် ဖြေဆိုခွင့်အား (၂)နှစ်ကြာ ပိတ်ပင်ခြင်းခံရမည်ဖြစ်ပါသည်။
(ဃ) စာမေးပွဲလျှောက်လွှာတွင် ရေးသားဖြည့်စွက်ခဲ့သော အမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံကူးလက်မှတ်အမှတ်စသည့် အချက်များသည် နိုင်ငံကူးလက်မှတ်တွင်ပါရှိသော အချက်အလက်များနှင့် တူညီရန်လိုအပ်ပြီး ကွဲလွဲမှုရှိခဲ့လျှင် အမည်စာရင်းထည့်သွင်းခြင်းနှင့် အလုပ်ခွင်ဝင်ရောက်ခွင့်များ ရရှိမည်မဟုတ်ပါ။ ရေးသားဖြည့်စွက်သူ ကာယကံရှင်၏တာဝန်သာဖြစ်ကြောင်း အထူးသတိပေးအပ်ပါသည်။
(င) မိမိလျှောက်ထားသည့် လုပ်ငန်းမှအပ အခြားလုပ်ငန်းသို့ ပြောင်းလဲလျှောက်ထားခွင့်မရှိပါ။
(စ) ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းလေဆိပ်ရောက်ရှိပြီးမှ တရားမဝင်ထွက်ပြေးခြင်း၊ သက်ဆိုင်ရာလုပ်ငန်းခွင် ရောက်ရှိပြီးနောက်တွင်လည်း တရားဝင်ခွင့်ပြုချက်ဖြင့် အလုပ်ပြောင်းခြင်းမဟုတ်ဘဲ လုပ်ငန်းခွင်မှထွက်ပြေးခြင်း၊ အလုပ်အကိုင်စာချုပ်ပါ အချိန်ကာလပြည့်ဝပြီးနောက် ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင် ဆက်လက်နေထိုင်လုပ်ကိုင်ခြင်းများ တစ်စတစ်စတိုးပွားလာရာ နှစ်နိုင်ငံအလုပ်သမားပေးပို့ခြင်းဆိုင်ရာ သဘောတူညီချက်(MoU)ကို ထိခိုက်လာနိုင်ပြီး ယင်း(MoU)အား ရပ်ဆိုင်းခံရသည့် အခြေအနေမျိုးထိ ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းအခြေအနေမျိုးမှကာကွယ်တားဆီးနိုင်ရန် ကြိုတင်အာမခံကြေးငွေအဖြစ် ၁၅၀၀၀၀၀ိ/-(ကျပ်တစ်ဆယ့်ငါးသိန်းတိတိ)ကို မြန်မာနိုင်ငံမှမထွက်ခွာမီ မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ငွေစာရင်းအမှတ် (OA-010254)သို့ ပေးသွင်း၍ ကျပ်သိန်း ၃၀တန် စာချုပ်ချုပ်ဆို ဆောင်ရွက်ရပါမည်။ အလုပ်အကိုင်စာချုပ်ကို သဘောတူလက်ခံပြီးနောက် အထက်ဖော်ပြပါအချက်များကို ဖောက်ဖျက်ခဲ့လျှင် ကြိုတင်အာမခံကြေးငွေ ဆုံးရှုံးခံရမည်ဖြစ်ပြီး ခံဝန်စာချုပ်အရ ကျန် ကျပ် ၁၅သိန်းကို အာမခံထားသူ(၂)ဦးမှ ပေးလျော်ရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

* ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲအား အောင်မြင်ခဲ့သည့်တိုင်အောင် အလုပ်လျှောက်လွှာစာရင်းတွင် ပါဝင်နိုင်ခွင့်ရရှိရုံမျှသာဖြစ်ပြီး၊ ကိုရီးယားသမ္မတနိုင်ငံသို့ ကျိန်းသေသွားရောက်အလုပ်လုပ်ခွင့်ရရှိရန် ရာနှုန်းပြည့်အာမခံနိုင်ခြင်းမရှိပါ။ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ အလုပ်လျှောက်ထားသူစာရင်းတွင် မှတ်ပုံတင်ထားသူများကိုသာ ကိုရီးယားသမ္မတနိုင်ငံမှ လုပ်သားခေါ်ယူလိုသူက ခေါ်ယူမည်ဖြစ်ပါသည်။

* ထို့ပြင် ကျန်းမာရေးစစ်ဆေးမှုမအောင်မြင်ခြင်း၊ တရားမဝင်နေထိုင်ခဲ့သည့် မှတ်တမ်းရှိခြင်းအစရှိသဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ခွင့်ပိတ်ပင်ခြင်းခံရသူသည် အလုပ်လျှောက်ထားသူအဖြစ် ရွေးချယ်ခြင်းမခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

* ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာန (MOEL)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန(MOLES)တို့မှ အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီတစ်ခုတည်းသာလျှင် မြန်မာအလုပ်သမားများအား ကိုရီးယားသမ္မတနိုင်ငံသို့ ပို့ဆောင်ပေးနိုင်သော တရားဝင်လုပ်ပိုင်ခွင့်ရရှိထားပါသည်။

* ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲမှတစ်ဆင့် အစိုးရ ပြည်ပအလုပ်အကိုင်အေဂျင်စီမှ အလုပ်လျှောက်လွှာလက်ခံသူများကိုသာ အလုပ်ရှင်မှ ခေါ်ယူသွားမည်ဖြစ်ပါသည်။

* EPS စနစ်အရ အလုပ်သမားများ စေလွှတ်သည့်ကိစ္စတွင် ဆောင်ရွက်နိုင်ခွင့်မရှိသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ပါဝင်ပတ်သက်မှုရှိခဲ့ပါက တရားဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

* နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲကြေး အမေရိကန်ဒေါ်လာ–၂၄နှင့် စာမေးပွဲအောင်မြင်ပြီးနောက် ကိုရီးယားနိုင်ငံသို့ ရောက်ရှိသည်အထိ အစိုးရ ပြည်ပအလုပ်အကိုင်အေဂျင်စီသို့ တရားဝင်သတ်မှတ်ထားသည့် ပို့ဆောင်စရိတ်မျှသာ ပေးသွားရမည်ဖြစ်ပါသည်။ သို့ပါ၍ အလုပ်အကိုင်နှင့်ပတ်သက်ပြီး တစ်ဦးတစ်ယောက်မှဖြစ်စေ၊ အဖွဲ့အစည်းများမှဖြစ်စေ လိမ်လည်တောင်းဆိုမှုများတွင် ဆုံးရှုံးနစ်နာမှုများမခံရစေရန် အထူးသတိပြုစေလိုပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**အမှတ်(၈/၁)၊ နဂါးရုံဘုရားလမ်း၊ ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း–၀၁–၆၆၇၇၅၄၊ ၀၁–၆၅၆၈၄၃**




## အမည်ပြောင်း

ကျောက်တော်မြို့နယ်၊ အမက ရွာမကျောင်း၊ ပထမတန်းမှ (ဘ)ဦးကျော်တင်မောင် ၁၁/ကတန(နိုင်)၀၀၃၀၁၈၏သား မောင်ထက်အောင်ဖြိုးအား မောင်နိုင်ထက်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်နိုင်ထက်လင်း**

## အမည်ပြောင်းခြင်း

တောင်ငူမြို့၊ မြို့မအခြေခံပညာအလယ်တန်းကျောင်း၊ ကျောင်းခွဲ၊ စတုတ္ထတန်း(ခ)မှ ဦးဝင်းမြိုင်၏သမီး မစုလှိုင်းနဒီအား ယနေ့မှစ၍ မစုဝတ်ရည်ဟုပြောင်းလဲခေါ်ဆိုပါရန်။

**မစုဝတ်ရည်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးဒေါင်ဟောင်း ၁/မကန(နိုင်)၀၉၄၀၅၄နှင့် ဦးရီဆာခီမှာ တစ်ဦးတည်းဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ဘုးသီးတောင်မြို့နယ်၊ စေတီတောင်ကျေးရွာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ ၁၁/ဘသတ(နိုင်)၀၀၀၀၉၂၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်နိုင်သည်။ **ကျေးဇူးဆပ်ပါမည်။**

**ဖုန်း-၀၉-၂၅၀၃၂၆၆၈၈**

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ အထက (၁)၊ န၀မတန်း (F1) မှ မောင်အောင်ဒူ၏ အမည်မှန်မှာ မောင်အောင်တူးဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၃-၁၀-၂၀၀၀ ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဘုးသီးတောင်မြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်ကြာထွန်းဦး၏ဖခင် ဦးအောင်ကျော်နှင့် ဦးအောင်ကျော်စိန် ၁၁/ဘသတ(နိုင်)၀၁၂၂၆၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်ကျော်စိန်(ခ)ဦးအောင်ကျော်**
**၁၁/ဘသတ(နိုင်)၀၁၂၂၆၅**

## ဝန်ထမ်းအလိုရှိသည်

VSK International Co.,Ltd(Mandalay) မှ ရိုးသားကြိုးစားပြီး တက်ကြွသော ဝန်ထမ်းများအလိုရှိသည်။

(၁) **Marketing** **အမျိုးသား၊ အမျိုးသမီး(၂၀)ဦး**

ရုပ်ရည်ပြေပြစ်ရမည်။ English အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်ရမည်။ Computer ကျွမ်းကျင်စွာအသုံးပြုတတ်ရမည်။

(၂) **Service** **အမျိုးသား(၁၀)ဦး**

**AGTI(MP,EP,EC)**

အသက်(၂၀)နှင့် (၂၅)နှစ်အတွင်းဖြစ်ရမည်။ ကျန်းမာရေးကောင်းမွန်ပြီး သွက်လက်ချက်ချာသူဖြစ်ရမည်။ ဆိုင်ကယ်မောင်းတတ်ရမည်။ ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ရမည်။ လျှောက်ထားသူများသည် ကိုယ်ရေးရာဇဝင်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ယာဉ်မောင်းလိုင်စင်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ ပညာအရည်အချင်း ထောက်ခံစာမိတ္တူများ၊ ဓာတ်ပုံ(၂)ပုံ၊အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ရုံးထောက်ခံစာတို့နှင့်အတူ ဖော်ပြပါလိပ်စာသို့ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**VSK International Co., Ltd.**

**No(A)(8G)၊ ၇၇လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ မန္တလေးမြို့**

## YPGG ဂေါက်သီးရိုက်ပြိုင်ပွဲ

YPGG ဂေါက်သီးရိုက်အသင်း၏ (၁၀)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် (ရန်ကုန်မြို့တော်ဂေါက်ကွင်းဌေးသော်တာ)၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းသားတိုင်းပါဝင်ကြရန်နှင့် အသေးစိတ်သိလိုပါက ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ ဖုန်း-၀၉-၅၁၆၈၁၇၈၊ ဦးကျော်ဝင်း ၀၉-၅၁၅၄၄၀၈၊ ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆ထံတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ဖြင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ အမှတ် (၅)ရပ်ကွက်(ဝါးတော)နေ အမှတ် (၁)၊ အခြေခံ ပညာအထက်တန်းကျောင်း၊ သတ္တမတန်း(E)မှ မငြိမ်းချမ်းမော်၏ဖခင်အမည်မှန်မှာ ဦးဘငြိမ်း ၃/ကကရ(နိုင်)၁၂၃၇၄ ဖြစ်ပါကြောင်း။

**ဦးဘငြိမ်း ၃/ကကရ(နိုင်)၁၂၃၇၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ယ/၆၉၆၇၅၊ Honda Wave, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဆွေ ၃/ကကရ(နိုင်)၀၁၂၅၃၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကော့ကရိတ်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ဟ/၃၃၇၅၊ Hoolei 250, I/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်အားဖိုး ၁၃/ကတန(နိုင်)၀၃၆၃၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၈၅၅၂ New Anbo-125 ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းထွန်း ၅/ကလထ(နိုင်)၀၁၆၅၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ကလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်8K/9038၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၅၃၄၃၅ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သီ ၆/ရဖန(နိုင်)၀၀၄၀၇၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၈၄၃၄၇ Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဇင် ၆/လလန(နိုင်)၁၁၀၉၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ည/၄၂၁၁ Ni D (12) Wheel Truck NDT-01 ယာဉ်လက်ဝယ်ရှိသူ ဦးငွေချစ် ၁၀/သဖရ(နိုင်) ၀၄၄၃၂၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၆၃၃၅၃ Honda-100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ဦး ၆/သရခ(နိုင်)၀၆၅၈၆၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်7H/4192၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## အများသိစေရန်ကြော်ငြာ

မိတ္ထီလာမြို့၊ မြို့မ(၄)နယ်မြေ၊ လင်းဇင်းရပ်နေ ဦးကျော်မြင့် ၉/မထလ(နိုင်)၀၃၅၃၂၅ ကိုင်ဆောင်သူနှင့် ဇနီးဖြစ်သူ ဒေါ်ခင်စန်းကြည် ၉/မထလ(နိုင်)၀၂၁၂၇၁ ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်မမလေး သိစေရန်ကြော်ငြာ အပ်ပါသည်။

ဦးကျော်မြင့်နှင့် ဒေါ်ခင်စန်းကြည်တို့သည် ၂၆-၈-၁၉၈၀ ရက်တွင် ဒေါ်မမလေး ထံမှ ဒေါ်မမလေးပိုင် မိတ္ထီလာမြို့၊မြို့မ(၄)နယ်မြေ၊လင်းဇင်းရပ်ရှိ အကွက်အမှတ်-၁(လင်းဇင်းရပ်)၊ ဦးပိုင်အမှတ်(၇၀)၊ မြေကွက်အမှတ်(၆၈)၊ဧရိယာဧက ၀.၁၁၆ ၀၇၄ ရှိ ဒေါ်မမလေး အမည်ပေါက် ဂရန်မြေနှင့်မြေပေါ်ရှိ အဆောက်အအုံကို တန်ဖိုးငွေ ၆၀၀၀၀/-ကျပ်ဖြင့် အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုပြီး လက်ရောက်ရယူနေထိုင်ခဲ့ပါသည်။

ထိုသို့ရောင်းချပြီးနောက် ယနေ့အထိစဉ်ဆက်မပြတ်နေထိုင်လာပြီး မြေခွန်များ ထမ်းဆောင်ခြင်း၊ စည်ပင်သာယာခွန်ကို ထမ်းဆောင်ခြင်း၊ လျှပ်စစ်မီတာတပ်ဆင်ခြင်းများပြုလုပ်၍ နေထိုင်လာခဲ့ပါသည်။ ဒေါ်မမလေးမှာ ယခုအခါတွင် မည်သည့်ဒေသသို့ ရောက်ရှိနေသည်ဟု မသိရသည့်အတွက် အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုစဉ်က ဝယ်သူအလိုရှိသည့်အချိန်တွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးပါမည်ဆိုသော ကတိအတိုင်း ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် လာရောက်ချုပ်ဆိုပေးရန် ကြော်ငြာလိုက်ပါသည်။ ခုနစ်ရက်ပြည့်မြောက်သည့်ရက်တွင် လာရောက်ချုပ်ဆိုပေးခဲ့ခြင်း မရှိပါက ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကံချွန်ဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၈၁၉၁)**
**ပေါက်ချောင်းရပ်၊ မိတ္ထီလာမြို့**

# ပေကျင်းမှ ဗုဒ္ဓမြတ်စွယ်တော်ပွားအား အများပြည်သူဖူးမြော်ကြည်ညိုနိုင်ရန် မြသလွန်စေတီတော်မြတ်ကြီးသို့ လွှဲအပ်လှူဒါန်း

စာမျက်နှာ » ၃

## (၅)ကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ ကျင်းပပြီးစီး အိမ်ရှင်မြန်မာ ဆုတံဆိပ် ဒုတိယအဆင့်ရရှိ

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)

**ရန်ကုန် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၅)ကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ကျိုက္ကဆံမြားပစ်ကွင်း၌ နောက်ဆုံးနေ့ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲများကိုကျင်းပရာ နိုင်ငံအလိုက်ဆုရရှိမှုတွင် ဗီယက်နမ်အသင်းက ပထမနေရာမှ ရပ်တည်ခဲ့ပြီး အိမ်ရှင်မြန်မာအသင်းက ဒုတိယနေရာမှ ရပ်တည်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် (၅)ကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲကြီးကို အိမ်ရှင်မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ စင်ကာပူနှင့် လာအိုနိုင်ငံတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ယနေ့ပြိုင်ပွဲပြီးဆုံးချိန် နောက်ဆုံးအချိန်ထိ နိုင်ငံအလိုက်ရပ်တည်မှုမှာ အရှေ့တောင်အာရှတွင် နာမည်ကြီးဗီယက်နမ်မြားပစ်အသင်းက နိုင်ငံအလိုက်ဆုရရှိမှုတွင် ပထမ၊ အိမ်ရှင်မြန်မာက ဒုတိယ၊ ထိုင်းနိုင်ငံက တတိယ၊ စင်ကာပူနိုင်ငံက စတုတ္ထနှင့် လာအိုနိုင်ငံက ပဉ္စမနေရာ ရရှိခဲ့သည်။ *စာမျက်နှာ ၁၄ ကော်လံ ၁* ❒

### တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ကျောင်းသင်ခန်းစာပါရှိ

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူဖြစ်စေရန် ပညာရေးဝန်ကြီးဌာနမှ ရေးသားပြုစုထားသော ကျောင်းသင်ခန်းစာများကို မြန်မာ့အလင်းသတင်းစာတွင် နေ့စဉ်ဘာသာရပ်အလိုက် ဖော်ပြပေးသွားမည်ဖြစ်ရာ ယနေ့တွင် မြန်မာစာဘာသာရပ် အထူးကဏ္ဍအချပ်ပိုလေးမျက်နှာ ပါရှိပါသည်။

## MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၄)၌ အသင်းကြီးများ ထိပ်တိုက်တွေ့ဆုံ



ဇေယျာရွှေမြေနှင့် ရှမ်းယူနိုက်တက်တို့ ၂၀၁၅ ရာသီက တွေ့ဆုံခဲ့စဉ်။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန် ဇန်နဝါရီ ၂၇**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၄)ကို ဇန်နဝါရီ ၂၉၊ ၃၀ နှင့် ၃၁ ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အသင်းကြီးများဖြစ်သည့် ရောဝတီအသင်းနှင့် လက်ရှိချန်ပီယံ ရန်ကုန်အသင်း၊ ဇေယျာရွှေမြေအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ်(၄)အဖြစ် ဇန်နဝါရီ ၂၉ ရက်တွင် ကျောက်တိုင်ကွင်း၌ ရောဝတီအသင်းနှင့် ရန်ကုန်အသင်း၊ ဇန်နဝါရီ ၃၀ ရက်တွင် ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် ရခိုင်အသင်း၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်း၊ အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် Southern အသင်း၊ ဇန်နဝါရီ ၃၁ ရက်တွင် မုံရွာကွင်း၌ ဇေယျာရွှေမြေအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ Horizon အသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၃) အပြီးတွင် သုံးပွဲဆက်တိုက် အနိုင်ရသည့်အသင်း မရှိတော့သော်လည်း *စာမျက်နှာ ၁၄ ကော်လံ ၄* ❍



ရန်ကုန်ဆိပ်ကမ်းသို့ဝင်ရောက်လာသည့် နိုင်ငံခြားကုန်သေတ္တာတင် သင်္ဘောတစ်စင်းကို တွေ့ရစဉ်။

## ကုန်သွယ်မှုကြောင့် ရန်ကုန်ဆိပ်ကမ်းသို့ နိုင်ငံခြားသင်္ဘောများ ဆိုက်ကပ်မှုတိုးလာ

သတင်း-ကြံတိုင်းအောင်၊ ဓာတ်ပုံ-သက္က

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်ဆိပ်ကမ်းသို့ နိုင်ငံခြားကုန်တင်သင်္ဘောများ လစဉ်ဝင်ရောက်မှုမှာ ယခင်နှစ်များကထက် သိသိသာသာ တိုးလာကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဌာနမှတာဝန်ရှိသူတစ်ဦးကပြောသည်။

"ဒီတစ်နှစ်၊ နှစ်နှစ်အတွင်းမှာ ပြည်ပကုန်သွယ်မှုတွေ တိုးလာတဲ့အလျောက် နိုင်ငံခြားက ကုန်တင်သင်္ဘောတွေ ရန်ကုန်ဆိပ်ကမ်းကို ဝင်ထွက်မှုမှာလည်း များပြားလာတာတွေ့ရပါတယ်။ ၂၀၁၅ ခုနှစ်ထဲမှာဆိုရင် တစ်လကို သင်္ဘောအစင်း ၁၈၀ ကနေ ၂၀၀ နီးပါးလောက်ရှိနေတဲ့အတွက် ၂၀ ရာခိုင်နှုန်းလောက်တိုးလာတာ တွေ့ရပါတယ်"ဟု ရေကြောင်းဌာနမှူးချုပ် *စာမျက်နှာ ၁၄ ကော်လံ ၁* ❖

ရွှေလမင်း ဆေးရုံ
Shwe La Min
အလင်း:ဒါန စက္ခုဒါန အစီအစဉ်
ရွှေလမင်း မျက်စိအထူးကုဆေးရုံ ( လမ်းမတော် ) တွင်
မျက်စိအထူးကုဆရာဝန်ကြီးများမှ ပထမဦးဆုံးရောက်ရှိသူ
(၃) ဦး ကို အခမဲ့ မျက်စိစမ်းသပ်ပေးပါမည်။
နေ့ရက် ။ ။ ဖေဖော်ဝါရီလ ၁ ရက်မှ ဖေဖော်ဝါရီလ ၂၈ ရက်အထိ
အချိန် ။ ။ တနင်္လာနေ့မှ သောကြာနေ့အထိ (ညနေ ၄:၀၀ နာရီ မှ ၆:၀၀ နာရီ)

လိပ်စာ။ ။ အမှတ် ၁၅ /၁၉(A) ၊ ဖော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၂၃၀၁၉၄၈ ၊၂၃၀၁၉၄၉
မျက်စိဆေးရုံ
အထွေထွေရောဂါကုဆေးရုံ
သားဖွားမီးယပ်ဆေးရုံ

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၃၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၄၅၊ ဖက်စ် ၀၆၇-၃၆၁၃၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။
Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း

# ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိမှတ်ဖွယ်ရာမြန်မာစာ

မင်္ဂလာပါတပည့်တို့-

ယခုဆွေးနွေးပို့ချမယ့် ပို့ချချက်ကတော့ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသူ ကျောင်းသားများအတွက် "မြန်မာစာဘာသာရပ် မေးခွန်းလွှာဆိုင်ရာသိမှတ်ဖွယ်ရာများ" ဖြစ်ပါတယ်။ ဒီပို့ချချက်ဟာ ကျောင်းသူကျောင်းသားများအတွက် မြန်မာစာပြဋ္ဌာန်းစာတွေကို လေ့လာကျက်မှတ်ရာမှာ အထောက်အကူပြုနိုင်ဖို့နဲ့ မြန်မာစာဘာသာရပ်ကို ထူးချွန်ပေါက်မြောက်စွာ ဖြေဆိုစေနိုင်ဖို့ ရည်ရွယ်ပါတယ်။

တပည့်တို့သိပြီးဖြစ်တဲ့အတိုင်း တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာရပ်အတွက် ပြဋ္ဌာန်းထားတဲ့ စာအုပ် ၄ အုပ် ရှိပါတယ်။ အဲဒီစာအုပ်တွေကတော့- မြန်မာသဒ္ဒါအတွဲ(၂) အခန်း(၆)၊ မြန်မာစကားပြေလက်ရွေးစင်၊ မြန်မာကဗျာလက်ရွေးစင်နဲ့ ရေသည်ပြဇာတ်တို့ ဖြစ်ပါတယ်။

ဒီကနေ့ပို့ချချက်မှာ စာမေးပွဲဖြေဆိုကြမယ့် တပည့်တို့အနေနဲ့ ဒီပြဋ္ဌာန်းစာအုပ်တွေကို ဘယ်လိုလေ့လာထားသင့်တယ်၊ လေ့လာထားတဲ့ပြဋ္ဌာန်းချက်တွေကို စာမေးပွဲမှာ အံဝင်ခွင်ကျဖြစ်အောင် ဘယ်လိုဖြေဆိုသင့်တယ်ဆိုတာကို အဓိကဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

မြန်မာစာဘာသာရပ်ကို လေ့လာရာမှာ ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ လေ့လာထားရမှာဖြစ်ပေမယ့် စာမေးပွဲဖြေဆိုရာမှာတော့ စာမေးပွဲမေးခွန်းနဲ့ အံဝင်ခွင်ကျဖြစ်အောင်၊ ပေးထားတဲ့အချိန်အတိုင်းအတာအတွင်း ကွက်တိဖြေဆိုနိုင်အောင် လေ့လာကျက်မှတ်လေ့ကျင့်ထားဖို့ လိုအပ်ပါတယ်။ ဒီလိုလေ့လာကျက်မှတ်လေ့ကျင့်နိုင်ဖို့အတွက် မြန်မာစာမေးခွန်းပုံစံကို ဦးစွာကျေကျေညက်ညက် သိရှိထားဖို့ လိုအပ်ပါတယ်။

မြန်မာစာ မေးခွန်းဟာ (၃)နာရီမေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်းကြီး (၆)ပုဒ် မေးထားပါတယ်။ သဒ္ဒါ(၁)ပုဒ်၊ ဝေါဟာရအလင်္ကာ(၁)ပုဒ်၊ ကဗျာခမ္မမိဋ္ဌာန်နဲ့ ကဗျာမေးခွန်းရှည် (၁)ပုဒ်၊ စကားပြေခမ္မမိဋ္ဌာန်နဲ့ စကားပြေမေးခွန်းရှည် (၁)ပုဒ်၊ ပြဇာတ်မေးခွန်း (၁)ပုဒ်၊ စာစီစာကုံး မေးခွန်း (၁)ပုဒ်တို့ ဖြစ်ပါတယ်။ အဲ့ဒီမေးခွန်း(၁)ပုဒ်စီမှာ မေးခွန်းပုဒ်ခွဲများ ပါဝင်မှာဖြစ်ပါတယ်။ မေးခွန်းအလိုက် ရွေးချယ်စရာတွေလည်းပါဝင်မှာ ဖြစ်ပါတယ်။

မေးခွန်း(၁)ကတော့ မြန်မာသဒ္ဒါပြဋ္ဌာန်းစာ အတွဲ(၂) အခန်း(၆)ကို အခြေခံထားတဲ့ မေးခွန်းဖြစ်ပါတယ်။ ပြဋ္ဌာန်းစာဖြစ်တဲ့ မြန်မာသဒ္ဒါ အတွဲ(၂)၊ အခန်း(၆)မှာ အပိုင်း (၃)ပိုင်း ပါဝင်ပါတယ်။ အဲဒီအပိုင်းတွေကတော့ (က) မြန်မာစာ မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ (ခ) ဝါစင်္ဂဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ (ဂ) ဝါကျဆိုင်ရာသိမှတ်ဖွယ်ရာများတို့ ဖြစ်ကြပါတယ်။ မေးခွန်း(၁)မှာ ဒီကဏ္ဍ တွေကို မေးခွန်းပုဒ်ခွဲ (၃)ခုခွဲပြီး မေးလေ့ရှိပါတယ်။ မေးခွန်းပုဒ်ခွဲမေးရာမှာ ကဏ္ဍအလိုက်မေးတာမျိုးမဟုတ်ဘဲ မေးခွန်း ၁(က) မှာ အပိုင်း ၃ ခုစလုံးက အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ရှင်းလင်းဖော်ပြချက် စတဲ့ ကျက်မှတ်မှုဆိုင်ရာ မေးခွန်းဖြစ်ပြီး မေးခွန်း ၁(ခ)နဲ့ (ဂ)ကတော့ မြန်မာသဒ္ဒါကို ဘယ်လောက် နားလည်မှု ရှိ မရှိ၊ ဘယ်လောက်လက်တွေ့အသုံးချနိုင်စွမ်း ရှိ မရှိဆိုတဲ့ နားလည်မှုနဲ့ ကျွမ်းကျင်မှုကို စစ်ဆေးအကဲဖြတ်တဲ့ မေးခွန်းဖြစ်ပါတယ်။

မေးခွန်း ၁(က)မှာ မြန်မာသဒ္ဒါပြဋ္ဌာန်းစာပါ အပိုင်း(၃)ပိုင်းစလုံးက သိကောင်းစရာတွေကို စုံလင်အောင် မေးလေ့ရှိပါတယ်။ အပိုင်း(၁) မြန်မာစာ မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်ရာများအခန်းမှာ ကဏ္ဍ ၃ ခု ပါဝင်တဲ့အနက် ခေါင်းလောင်းစာ၊ အုတ်ခွက်စာ၊ မင်စာ၊ ကျောက်စာ၊ ပေစာ ပုရပိုက်စာ စတဲ့ စာအမျိုးမျိုး၊ ခရာဝန်း၊ ခရာထောင့်၊ ဇကွဲပြောင်းလဲပုံ၊ ည ပြောင်းလဲပုံ၊ ဒထွေး ပြောင်းလဲပုံ၊ နငယ်ပြောင်းလဲပုံ၊ အ ပြောင်းလဲပုံ စတဲ့ မြန်မာအက္ခရာကဏ္ဍက မြန်မာအက္ခရာများရဲ့ ယေဘုယျပုံသဏ္ဍာန်နဲ့ အက္ခရာပုံသဏ္ဍာန် ပြောင်းလဲပုံတွေ။

ဌာန်၊ ကရိုဏ်းနဲ့ ပယတ်တို့ရဲ့ ဖွင့်ဆိုချက်များ၊ ဌာန်၊ ကရိုဏ်း၊ ပယတ်တို့ကြောင့် ဖြစ်ပေါ်လာတဲ့ စကားသံအကြောင်း၊ လှုပ်ရှားနိုင်တဲ့စကားသံဖြစ်အင်္ဂါ၊ မလှုပ်ရှားနိုင်တဲ့စကားသံဖြစ်အင်္ဂါ၊ ဌာန် ၇ မျိုး၊ ကရိုဏ်း ၇မျိုး၊ ဌာန်နှင့်ကရိုဏ်း အတွဲ ၇ မျိုး၊ ပယတ် ၄ မျိုး၊ သရရွတ်ဆိုပုံ၊ ဗျည်းရွတ်ဆိုပုံ စတဲ့ ဌာန်၊ ကရိုဏ်း၊ ပယတ်ကဏ္ဍက သိမှတ်ဖွယ်ရာတွေ။

အက္ခရာတူနှစ်လုံးဆင့် ပါဠိပါဌ်ဆင့်ရေးနည်း၊ အက္ခရာကွဲနှစ်လုံးဆင့် ပါဠိပါဌ်ဆင့်ရေးနည်း၊ ပါဠိပါဌ်ဆင့်ဖတ်နည်း၊ မြန်မာပါဌ်ဆင့်ရေးနည်းနှင့် ဖတ်နည်းစတဲ့ ပါဌ်ဆင့်ရေးနည်းနဲ့ ဖတ်နည်းကဏ္ဍက သိမှတ်ဖွယ်ရာတွေကို ထုတ်နုတ်မေးမြန်းလေ့ရှိပါတယ်။

အပိုင်း(၂) ဝါစင်္ဂဆိုင်ရာသိမှတ်ဖွယ်ရာများအခန်းက နာမ်၊ နာမ်စား၊ နာမဝိသေသန၊ ဝိသေသ၊ ကြိယာ၊ ဝိဘတ်၊ သမ္ဗန္ဓ၊ လိင် စတဲ့ ဝါစင်္ဂများ အမျိုးမျိုးရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေနဲ့ အမျိုးအစားတွေအကြောင်းကိုလည်း မေးနိုင်ပါတယ်။

အပိုင်း(၃) ဝါကျဆိုင်ရာသိမှတ်ဖွယ်များအခန်းက ဝါကျရိုးသတ်မှတ်ချက်၊ ဝါကျရိုးဖွဲ့ပုံအမျိုးမျိုး၊ ဝါကျရောသတ်မှတ်ချက်၊ ဝါကျရောဖွဲ့ပုံအမျိုးမျိုး၊ အနက်အဓိပ္ပာယ်အရ ဝါကျ(၅)မျိုး၊ ဖွဲ့စည်းတည်ဆောက်ပုံအရ ဝါကျ(၂)မျိုး၊ ပုဒ်အမျိုးအစား (၄)မျိုး၊ ပုဒ်စုအမျိုးအစား (၃)မျိုး စတာတွေကိုလည်း မေးလေ့ရှိပါတယ်။

ဒီမေးခွန်းမှာ မေးတဲ့အကြောင်းအရာ အမျိုးအစား များပြားစုံလင်ပေမယ့် ရွေးချယ်စရာတွေ ပါဝင်တာကြောင့် မိမိစိတ်ကြိုက်အပုဒ်တွေကို ရွေးချယ်ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ကျက်မှတ်ထားသမျှကို အစီအစဉ်တကျ ရေးပြရမှာဖြစ်ပါတယ်။ သဒ္ဒါအဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို ဖြေဆိုရာမှာ လိုအပ်တဲ့သာဓကတွေကို ထည့်သွင်းဖြေဆိုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လိုအပ်တဲ့နေရာတွေမှာ သာဓကဆောင်နိုင်အောင် သာဓကများကိုလည်း ကျက်မှတ်ထားရမှာ ဖြစ်ပါတယ်။

သာဓကအနေနဲ့ ပေစာ၊ ပုရပိုက်စာကို ဖြေမယ်ဆိုကြပါစို့။

- ပေစာ၊ ပုရပိုက်စာတို့ကို စာရေးကိရိယာအဖြစ် ပုဂံခေတ်ကပင် စတင်အသုံးပြုခဲ့ကြမယ်လို့ ယုံကြည်ရကြောင်း၊
- သို့သော် နှစ်ကာလ အလွန်ကြာညောင်းပြီဖြစ်လို့ ထိုခေတ်က ပေ၊ ပုရပိုက်တို့ကို တွေ့နိုင်ရန် မလွယ်ကူတော့ကြောင်း၊
- အစောဆုံးအနေနှင့် မြန်မာသက္ကရာဇ် ၁၀၀၀ ခန့် (အေဒီ ၁၇ ရာစု) က ရေးခဲ့တဲ့ ပေများကို တွေ့နိုင်ကြောင်း၊
- ဒါ့ကြောင့် သက္ကရာဇ် ၁၀၀၀မှ ယနေ့ ၁၃၀၀ ကျော်အထိ နှစ်ပေါင်း ၃၀၀ ကျော်အတွင်းရေးသားခဲ့တဲ့ အက္ခရာတို့ရဲ့ ပုံသဏ္ဍာန်ကို ထိုပုရပိုက်များတွင်လည်း တွေ့နိုင်ကြောင်း၊ ဆိုတဲ့အချက်တွေကို ပြည့်ပြည့်စုံစုံ ဖြေဆိုရမှာဖြစ်တယ်။

"မြန်မာပါဌ်ဆင့်ရေးနည်း"ဆိုတဲ့ မေးခွန်းကို ဖြေဆိုရာမှာတော့ -

- ရှေးခေတ်မြန်မာတို့သည် ပါဠိဘာသာစာပေနှင့် ရင်းနှီးခဲ့ကြသဖြင့် ပါဠိစကားလုံးများကို ကြားညှပ်ပြောဆိုခြင်း၊ ရေးသားခြင်း ပြုခဲ့ကြကြောင်း၊
- ပါဠိပါဌ်ဆင့်ရေးနည်းများကိုအတုယူ၍ မြန်မာနှစ်လုံးဆင့်ရေးသားမှုများကို ပြုလာခဲ့ကြကြောင်း၊
- ထို့ပြင် ကျောက်စာ၊ ပေစာများရေးသားရာ၌ နေရာအကျဉ်းချုံးရာမှစ၍ မြန်မာနှစ်လုံးဆင့်ရေးနည်းကို သုံးခဲ့ကြကြောင်း၊
- ယင်းသို့ရေးခဲ့ကြသော မြန်မာဝေါဟာရများအနက် အချို့ကို မျက်မှောက်ခေတ်တိုင်အောင် နှစ်လုံးဆင့် ဆက်လက်ရေးသားကြ၍ အချို့ကို လက်ခံသုံးစွဲခြင်းမပြုကြတော့ကြောင်း၊
- အောက်ပါသာဓကအချို့မှာ မျက်မှောက်ခေတ်၌ ဆက်လက်အသုံးပြုလျက်ရှိသော မြန်မာဝေါဟာရ နှစ်လုံးဆင့်ရေးပုံဖြစ်ကြောင်း၊
- (က) ယောက္ခမ၊ (ခ) လိမ္မာ၊ (ဂ) သေတ္တာ ဆိုပြီး အချက်အလက်နဲ့ သာဓကပြည့်စုံအောင် ဖြေရပါမယ်။

မေးခွန်း ၁(ခ) ကတော့ သဒ္ဒါလေ့ကျင့်ခန်းမေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်း(၆)ခု မေးပြီးတော့ (၄)ခုကို ဖြေဆိုရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုနိုင်ဖို့အတွက် သဒ္ဒါစာအုပ်ထဲက လေ့ကျင့်ခန်းတွေကို အထပ်ထပ်အခါခါ လေ့ကျင့်ထားဖို့အပြင် မေးခွန်းကို သေချာဖတ်ပြီး မေးထားတဲ့အတိုင်း အတိအကျဖြေပေးရပါမယ်။

သာဓကပြရမယ်ဆိုရင် အောက်ပါတို့မှ လေးခုကိုရွေးချယ်၍ ဖွဲ့စည်းတည်ဆောက်ပုံအရ မည်သည့်နာမ်ဖြစ်ကြောင်းဖြေပါဆိုပြီး မေးထားတဲ့ "နေ၊ လက်စွပ်၊ ကူညီမှု၊ အကောင်း၊ မေတ္တာ၊ လွယ်အိတ်" တို့ကို ဖြေမယ်ဆိုရင်-

- "နေ"သည် ပင်ကိုနာမ်
- "လက်စွပ်"သည် ပေါင်းစပ်နာမ်၊
- "ကူညီမှု"သည် ကြိယာနာမ်၊
- "အကောင်း"သည် ဂုဏ်ရည်ပြနာမ်၊
- "မေတ္တာ"သည် ပင်ကိုနာမ်၊
- "လွယ်အိတ်"သည် ပေါင်းစပ်နာမ်၊

ဖြစ်ကြောင်း တိတိကျကျ ဖြေဆိုနိုင်အောင် ကျက်မှတ်လေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။

ပင်ကိုနာမ်ကို ရေးသားရာမှာ စာလုံးပေါင်းမှန်ကန်ဖို့ သတိပြုရမှာ ဖြစ်ပါတယ်။ "ပင်ကို"ကို ရေးသားရာမှာ ယပက်လက်သတ် မပါဝင်ပါဘူး။ "ပင်ကိုယ်" လို့ရေးသားမိရင် စားလုံးပေါင်းမှားတဲ့အတွက် အမှတ်ဆုံးရှုံးမှာ ဖြစ်ပါတယ်။

"ဖွဲ့စည်းတည်ဆောက်ပုံအရ မည်သည့်ကြိယာဝိသေသနဖြစ်ကြောင်း ဖြေပါဆိုပြီး မေးထားတဲ့ "ခင်ခင်မင်မင်၊ တမှိုင်မှိုင်၊ တက်လိုက်ဆင်းလိုက်၊ စီရရီ၊ ချိုချိုသာသာ၊ ဆာတာတာ" တို့ကို ဖြေရင်-

- "ခင်ခင်မင်မင်" သည် နှစ်ကြိမ်ထပ် ကြိယာဝိသေသန၊
- "တမှိုင်မှိုင်" သည် ပစ္စည်းဆက် ကြိယာဝိသေသန၊
- "တက်လိုက်ဆင်းလိုက်" သည် ပစ္စည်းဆက် ကြိယာဝိသေသန၊
- "စီရရီ" သည် ကာရန်လိုက် ကြိယာဝိသေသန၊
- "ချိုချိုသာသာ" သည် နှစ်ကြိမ်ထပ် ကြိယာဝိသေသန၊
- "ဆာတာတာ" သည် ကာရန်လိုက် ကြိယာဝိသေသန၊

ဆိုပြီး တိတိကျကျ ဖြေဆိုရမှာဖြစ်ပါတယ်။

မေးခွန်း ၁(ဂ) ကတော့ သဒ္ဒါကို အမှန်တကယ်နားလည်တတ်ကျွမ်းမှု ရှိ မရှိ စမ်းသပ်တဲ့ မေးခွန်းဖြစ်တယ်။ ဒီမေးခွန်းမှာ (၅)ခု မေးပြီး (၃)ခု ဖြေရမှာ ဖြစ်ပါတယ်။ များသောအားဖြင့် သဒ္ဒါအမျိုးအစားအလိုက် စကားလုံးတွေကို ပေးထားပြီးတော့ ဝါကျဖွဲ့ခိုင်းလေ့ရှိပါတယ်။ ဝါကျထဲက စကားလုံးကို မျဉ်းသားပြီး ဝါစင်္ဂအမျိုးအစား ဖြေဆိုခိုင်းတာမျိုးလည်း မေးနိုင်ပါတယ်။ ဝါစင်္ဂအလိုက် ပေးထားတဲ့ စကားလုံးတွေကို ဝါကျထဲမှာ ကွက်လပ်ဖြည့်ပြီး ဝါစင်္ဂအမျိုးအစား ဖော်ပြခိုင်းတာမျိုးလည်း မေးနိုင်ပါတယ်။

သာဓကအနေနဲ့-

- "အပူတပြင်း"ဆိုတဲ့ ကြိယာဝိသေသနကို ဝါကျဖွဲ့ခိုင်းရင်-
  "ကျွန်တော်သည် ပိုက်ဆံအိတ်ကျပျောက်သွားသဖြင့် အပူတပြင်း ရှာဖွေနေသည်။"
- "တိုင်အောင်"ဆိုတဲ့ အချိန်ဆက်တိုက်ပြဝိဘတ်ကို ဝါကျဖွဲ့ခိုင်းရင်-
  "ညီမလေးသည် နေ့စဉ် ည၁၂နာရီ တိုင်အောင် ကျောင်းစာများကို ကျက်မှတ်လေ့ရှိသည်။"
- "နိုင်" ဆိုတဲ့ ကြိယာပစ္စည်းကို ဝါကျဖွဲ့ခိုင်းရင်-
  "ကျောင်းသားတိုင်းသည် စာမကြိုးစားလျှင် စာမေးပွဲမအောင်နိုင်ပါ။"

စသဖြင့် ဝါကျဖွဲ့ရမှာ ဖြစ်ပါတယ်။ ဝါကျဖွဲ့တဲ့အခါမှာ ဝါကျတွေ ပြည့်စုံမှန်ကန်ပြီး အဓိပ္ပာယ်ပေါ်လွင်ဖို့ လိုပါတယ်။

မေးခွန်း ၂(က)ဟာ စကားပြေ၊ ကဗျာ၊ ရေသည်ပြဇာတ်တွေထဲက စာသုံးပေသုံး၊ ရှေးသုံး ဝေါဟာရတွေကို အဓိပ္ပာယ်ဖွင့်ခိုင်းတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ (၈)ခု ပေးထားပြီး (၅)ခု ဖြေရမှာ ဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ပြဋ္ဌာန်းစာပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုဖို့ လိုအပ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ပုံတိကျဖို့လည်း လိုအပ်ပါတယ်။ ဝေါဟာရရဲ့သဒ္ဒါအမျိုးအစားနဲ့ ကိုက်ညီတဲ့ အဓိပ္ပာယ်ဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်တွေထဲက ခက်ဆစ်အဓိပ္ပာယ်တွေကို သေသေချာချာ ကျက်ထားရင် လုံလောက်ပါတယ်။

သာဓကအနေနဲ့-

သိယ်သူ့သမီး စကားပြေထဲက "သတင်းစင်" ဆိုတဲ့ ဝေါဟာရကို အနက်ဖွင့်မယ်ဆိုရင် "အကျင့်စင်ကြယ်သည်" ဆိုပြီး ဖွင့်ရပါမယ်။ "သတင်းစင်"ဟာ ကြိယာဖြစ်တဲ့အတွက်ကြောင့် အဖွင့်ဟာလည်း ကြိယာအနက်ပဲ ဖြစ်ရပါမယ်။ ကိုယ့်အဓိပ္ပာယ်နဲ့ကိုယ် ဖွင့်တာမျိုးတွေ၊ ကြိယာအနက်မဟုတ်ဘဲ နာမဝိသေသနအနက်၊ ကြိယာဝိသေသနအနက် စသည်ဖြင့် အနက်ပြောင်းဖွင့်တာမျိုး မဖြစ်သင့်ပါဘူး။

မြင်စိုင်းရွှေပြည်ကဗျာထဲက "စောလူး" ဝေါဟာရကို အနက်ဖွင့်မယ်ဆိုရင် "မြင့်မြတ်၊ ပျိုရွယ်သောမင်း"လို့ ဖွင့်ဆိုရမှာ ဖြစ်ပါတယ်။ နာမ်ဝေါဟာရဖြစ်တဲ့အတွက် ဖွင့်တဲ့အနက်ကလည်း နာမ်အနက်ပဲ ဖြစ်ရပါမယ်။

ရေသည်ပြဇာတ်ထဲက "ကရောကပါး" ဆိုတဲ့ ဝေါဟာရကို အနက်ဖွင့်မယ်ဆိုရင် "ကတိုက်ကရိုက်၊ အလောတကြီး" လို့ ဖွင့်ဆိုရပါမယ်။ "ကရောကပါး" ဟာ ကြိယာဝိသေသနဖြစ်တာမို့ အနက်ဖွင့်ကလည်း ကြိယာဝိသေသနအနက် ဖြစ်ရပါတယ်။

မေးခွန်း ၂(က)မှာ စာသုံးပေသုံး၊ ရှေးသုံးဝေါဟာရတွေ အနက်ဖွင့်တဲ့အခါမှာ အဓိပ္ပာယ်မှန်ကန်ဖို့နဲ့ သဒ္ဒါအသုံးမှန်ကန်ဖို့ အထူးလိုအပ်တယ်ဆိုတာ သတိပြုရမှာ ဖြစ်ပါတယ်။

မေးခွန်း ၂(ခ)မှာတော့ စကားပြေ၊ ကဗျာ၊ ရေသည်ပြဇာတ်တွေမှာပါတဲ့ ဝေါဟာရတွေထဲက မျက်မှောက်ခေတ်တိုင် အသုံးပြုဆဲဖြစ်တဲ့ ခေတ်သုံးဝေါဟာရတွေကို ဝါကျဖွဲ့ခိုင်းတာ ဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း (၈)ခုမေးပြီးတော့ (၅)ခု ဖြေရမှာဖြစ်ပါတယ်။ ပေးထားတဲ့ဝေါဟာရဟာ အဓိပ္ပာယ်တစ်မျိုးထက်မက ကွဲပြားမှုရှိနိုင်ပေမယ့် မေးခွန်းသဘောအရ ဝါကျဖွဲ့ရာမှာ ပြဋ္ဌာန်းစာမှာသုံးတဲ့ အဓိပ္ပာယ်မျိုးပဲ ဖြစ်ရပါမယ်။ ဝေါဟာရရဲ့အနက် ပေါ်လွင်တဲ့ ဝါကျမျိုးလည်း ဖြစ်ရပါမယ်။ ဝါကျဖွဲ့တဲ့အခါ အဓိပ္ပာယ်ပြည့်စုံဖို့ လိုအပ်ပါတယ်။ ကတ္တားမပါတဲ့ဝါကျမျိုးလည်း မဖြစ်သင့်ပါဘူး။

သာဓကအနေနဲ့-

ဦးပေါင်းကျားနဲ့ မြင်းကျားရှင်စကားပြေထဲက "ကြုံးဝါး" ဆိုတဲ့ ဝေါဟာရကိုဝါကျဖွဲ့ရင်-

- "မောင်မောင်သည် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရအောင် ဖြေဆိုမည်ဟု ကြုံးဝါးသည်။" ဆိုတဲ့ ဝါကျမျိုး ရေးသားနိုင်ပါတယ်။

နွေဦးကာလ မြူထသောခါ ကဗျာက "မြူ" ဆိုတဲ့ဝေါဟာရကို ဝါကျဖွဲ့ရင်-

- "နွေဦးကာလတွင် ပတ်ဝန်းကျင်တစ်ခုလုံး မြူများအုံ့ဆိုင်းနေသည်။" ဆိုတဲ့ ဝါကျမျိုး ရေးဖွဲ့နိုင်ပါတယ်။

ရေသည်ပြဇာတ်ထဲက "ဒလဟော" ဆိုတဲ့ဝေါဟာရကို ဝါကျဖွဲ့ရင်-

- "တောင်ကျချောင်းမှ ရေတို့သည် တောင်အောက်သို့ ဒလဟော စီးဆင်းနေသည်။" ဆိုတာမျိုး ရေးနိုင်ပါတယ်။

ဝါကျဖွဲ့ရာမှာ ပေးထားတဲ့ဝေါဟာရရဲ့ အဓိပ္ပာယ်အသုံးမှန်ကန်ဖို့လိုသလို သဒ္ဒါနေရာလည်း မှန်ဖို့လိုပါတယ်။ နာမ်စကားလုံးဆိုရင် နာမ်နေရာ၊ ကြိယာဆိုရင် ကြိယာနေရာ၊ ကြိယာဝိသေသနဆိုရင် ကြိယာဝိသေသန သူ့နေရာနဲ့သူ မှန်အောင်ဝါကျဖွဲ့ရမှာ ဖြစ်ပါတယ်။

မေးခွန်း ၂(ဂ)ကတော့ အလင်္ကာမေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ စကားပြေ၊ ကဗျာ၊ ရေသည်ပြဇာတ် ပြဋ္ဌာန်းစာတွေထဲက အလင်္ကာမြောက်တဲ့ အရေးအဖွဲ့တွေကို ထုတ်နုတ်ပြီး ရှင်းလင်းဖြေဆိုခိုင်းပါတယ်။ ထုတ်နုတ်ထားတဲ့ အလင်္ကာမြောက်အရေးအဖွဲ့တွေမှာ ဥပမာ၊ ရူပက၊ ဝင်္ကဝုတ္တိ၊ အတိသယဝုတ္တိ၊ မြည်သံစွဲ အစရှိတဲ့ အလင်္ကာအမျိုးအမည်တွေကို ဖော်ပြပေးထားပြီး ဒီအလင်္ကာကို ဘယ်ပြဋ္ဌာန်းစာမှာ ဘယ်အကြောင်းနဲ့ဆက်စပ်သုံးတယ်၊ ဘာ့ကြောင့် ဒီအလင်္ကာမြောက်တယ်ဆိုတာတွေကို ဖြေဆိုခိုင်းတာ ဖြစ်ပါတယ်။ မေးခွန်း(၈)ခု မေးပြီးတော့ (၅)ခုဖြေဆိုရမှာ ဖြစ်ပါတယ်။

အလင်္ကာကို ဖြေဆိုရာမှာ ဥပမာအလင်္ကာကိုဖြေရင် အနှိုင်းခံနဲ့အနှိုင်းကို ဘယ်လိုခိုင်းနှိုင်းဖွဲ့ဆိုထားကြောင်း၊ ရူပကအလင်္ကာကိုဖြေရင် အနှိုင်းခံနဲ့အနှိုင်းကို ဘယ်လိုထပ်တူပြုထားကြောင်း၊ ဝင်္ကဝုတ္တိအလင်္ကာကိုဖြေရင် ဘယ်လိုတိုက်ရိုက်မရေးဘဲ သွယ်ဝိုက်ရေးထားကြောင်း၊ အတိသယဝုတ္တိ အလင်္ကာကိုဖြေရင် ဘယ်လိုအလွန်အကြူးရေးထားကြောင်း၊ မြည်သံစွဲအလင်္ကာဖြေရင် ဘာမြည်သံကို ထည့်သွင်းဖွဲ့ဆိုထားကြောင်းဆိုတဲ့ သက်ဆိုင်ရာအလင်္ကာရဲ့ သတ်မှတ်အသုံးအနှုန်းတွေကို သုံးစွဲပြီး ရှင်းပြရမှာ ဖြစ်ပါတယ်။

သာဓကအနေနဲ့ -

"မုဆိုးညစ်ထေး ငမိုက်ခွေး" ဆိုတဲ့ ရူပကအလင်္ကာကို ဖြေမယ်ဆိုရင်-

- ဤအလင်္ကာကို သောနုတ္တရမုဆိုးနှင့် ဆဒ္ဒန်ဆင်မင်း စကားပြေမှ သောနုတ္တရမုဆိုး၏ မိုက်မဲပုံဖော်ပြရာ၌ ဆက်စပ်သုံးထားခြင်းဖြစ်ကြောင်း၊
- မိုက်မဲဆိုးသွမ်းသော ဂုဏ်ရည်ချင်းတူသည့် မုဆိုး(အနှိုင်းခံ) နှင့် ငမိုက်ခွေး/ခွေးမိုက် (အနှိုင်း) ဂုဏ်ရည်တူချင်း ထပ်တူပြုရေးဖွဲ့ထားသောကြောင့် ရူပကအလင်္ကာ မြောက်ကြောင်း ရှင်းပြရမှာ ဖြစ်ပါတယ်။

"ရွှေချသလို" ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေမယ်ဆိုရင်-

- ဤအလင်္ကာကို ဦးပုည၏ ရေသည်ပြဇာတ်တွင် ရေသည်ယောက်ျားက မိမိဘဝအခြေအနေ တိုးတက်လာမည့်အကြောင်းနှင့် ဆက်စပ်၍ ပြောဆိုသည့်စကားအဖြစ် သုံးနှုန်းထားကြောင်း၊
- ဘဝအခြေအနေ ကောင်းမွန်တိုးတက် ပြောင်လက်လာပုံ (အနှိုင်းခံ) ကို ပစ္စည်းရွှေချ၍ ပြောင်လက်လာပုံ(အနှိုင်း)နှင့် ခိုင်းနှိုင်းရေးဖွဲ့ထားသောကြောင့် ဥပမာအလင်္ကာမြောက်ကြောင်း၊

ရှင်းပြဖြေဆိုရမှာ ဖြစ်ပါတယ်။

*စာမျက်နှာ (ခ)သို့*

*စာမျက်နှာ (က)မှ*

"ထိမ်ကွန်းငယ်ခို" ဆိုတဲ့ ဝက်ဝုတ္တိအလင်္ကာကို ဖြေမယ်ဆိုရင်-

- ဤအလင်္ကာကို "ဌာနီပြည်ကြီးက ဝေးသနှင့်" ကဗျာတွင် နေဝင်သွားကြောင်းဖော်ပြရာ၌ ဆက်စပ်သုံးနှုန်းထားကြောင်း၊
- "နေဝင်သွားသည်" ဟုတိုက်ရိုက်မရေးဘဲနေသည် ထိမ်ပင်ပေါက်ရောက်ရာ အနောက်ကျွန်းသို့ ခိုဝင်သွားကြောင်း "ထိမ်ကွန်းငယ်ခို" ဟု သွယ်ဝိုက်ရေးသားထားသဖြင့် ဝက်ဝုတ္တိအလင်္ကာမြောက်ကြောင်း၊ ရှင်းပြ ဖြေဆိုရမှာ ဖြစ်ပါတယ်။

အလင်္ကာမေးခွန်းမှာ အလင်္ကာမြောက်ကြောင်း ပေါ်လွင်ထင်ရှားမှုမရှိတဲ့ အရေးအဖွဲ့မျိုးကို မေးမှာမဟုတ်သလို ဝိဝါဒကွဲပြားနိုင်တဲ့အရေးအဖွဲ့မျိုးကိုလည်း မေးမှာမဟုတ်ဘဲ အလင်္ကာမြောက်ကြောင်း ပေါ်လွင်ထင်ရှားတဲ့ အရေးအဖွဲ့မျိုးကိုသာ မေးမှာဖြစ်ပါတယ်။ ဖြေဆိုရာမှာလည်း ပါဝင်တဲ့ ပြဋ္ဌာန်းစာ၊ သက်ဆိုင်ရာအလင်္ကာအမျိုးအစားအလိုက် ပါဝင်ရမယ့် သော့ချက်စကားလုံးတွေ ပါဝင်ပြီး မည်သည့်အလင်္ကာမြောက်ကြောင်း မှန်ကန်စွာဖြေဆိုနိုင်မယ်ဆိုရင် အမှတ်ပြည့်ရရှိမှာ ဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ ကဗျာလက်ရွေးစင်ထဲက ကဗျာဆိုင်ရာမေးခွန်းများ ဖြစ်ပါတယ်။

၃ (က)မှာ ဓမ္မဓိဋ္ဌာန်မေးခွန်းတွေ မေးပါတယ်။ ဓမ္မဓိဋ္ဌာန် မေးခွန်းတွေအတွက်-

- ကဗျာတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ ကဗျာစာဆိုအကြောင်း၊
- ကဗျာရေးတဲ့ခေတ်၊
- ကဗျာအမျိုးအစား၊
- ကဗျာအကြောင်းနဲ့ ကဗျာ့သဘော၊
- ကဗျာမှာပါတဲ့ အချက်အလက်နဲ့ အနက်အဓိပ္ပာယ်၊
- ကဗျာနဲ့သက်ဆိုင်တဲ့ ထူးခြားချက်တွေကို လေ့လာကျက်မှတ်ထားဖို့ လိုအပ်ပါတယ်။

ရွှေနှင့်ယိုးမှားပန်းစကားကဗျာကို ပုဂံခေတ်မှာရေးခဲ့ကြောင်း၊ မြင်စိုင်းရွှေပြည်ကဗျာကို ငါးစီးရှင်ကျော်စွာ ရေးဖွဲ့ခဲ့ကြောင်း၊ ဝိဇ္ဇာသိပ္ပလူ့ကိစ္စကဗျာကို ကိုးခန်းပျို့မှ ထုတ်နုတ်ထားကြောင်း၊ ဌာနီပြည်ကြီးကဝေးသနှင့်ကဗျာအမျိုးအစားမှာ ညည်းချင်းကဗျာဖြစ်ကြောင်း ဆိုတာတွေအပြင် ကဗျာမိတ်ဆက်မှာပါတဲ့ ကာချင်း၊ တျာချင်း၊ ရှစ်ဆယ်ပေါ်အဲ အစရှိတဲ့ ကဗျာအမျိုးအမည်တွေရဲ့ အနက်အဓိပ္ပာယ်များကအစ၊ သိမှတ်ဖွယ်ရာတွေကို မှတ်သားထားဖို့ လိုအပ်ပါတယ်။

မေးခွန်း ၃(ခ) ကတော့ ရှင်းလင်းဆွေးနွေးရတဲ့ မေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအဖွဲ့နဲ့ ရရှိတဲ့ သုတရသတွေကို လေ့လာထားရပါမယ်။ အရေးအကြီးဆုံး အဓိကအချက်ကတော့ ဖြေဆိုရာမှာ မေးခွန်းနဲ့ဘောင်ဝင်ဖို့ပဲ ဖြစ်ပါတယ်။ ကဗျာပါအကြောင်းအရာကို တိုက်ရိုက်မေးတာလား၊ ကဗျာစာဆိုက ဘယ်လိုဖွဲ့ထားလဲလို့ မေးတာလား၊ ဒီကဗျာနဲ့ပတ်သက်တဲ့ မိမိရဲ့အတွေးအမြင် ခံစားချက်ကိုမေးတာလား စသည်ဖြင့် ကွဲကွဲပြားပြားသိဖို့ လိုအပ်ပါတယ်။

သာဓကအနေနဲ့-

တောင်သူကြီး ကဗျာမှပေးသော ရသနှင့်အသိအမြင်ကို တင်ပြပါဆိုတဲ့ မေးခွန်းကို ဖြေမယ်ဆိုပါစို့။

ရသကိုသာဖြေပြီး အသိအမြင်ကို မဖြေလို့မရပါဘူး။ အသိအမြင်ဆိုတာ ဒီကဗျာနဲ့ပတ်သက်တဲ့ ကဗျာကပေးတဲ့အသိကို ဖော်ပြရမှာ ဖြစ်တယ်။

- တောင်သူကြီးဟာ ဘေးဘိုးစဉ်ဆက် ဘုရင့်အမှုတော်ထမ်းခဲ့ပုံ၊ ရန်အပေါင်း ဖြိုခွင်းနိုင်ပုံစတဲ့ စွမ်းရည်သတ္တိတွေကို သိရတဲ့အတွက် ဝီရရသခံစားရကြောင်း၊
- ကုန်းဘောင်ခေတ်ကတည်းက တိုင်းပြည်နဲ့ အရှင်မင်းမြတ်အပေါ် သစ္စာရှိတဲ့ ရဲစွမ်းသတ္တိနဲ့ပြည့်စုံတဲ့ သူရဲကောင်းတွေရှိနေပြီဆိုတာကို သိမြင်ရကြောင်း၊
- တိုင်းရေးပြည်မှုပြီးချိန်မှာ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ စိုက်ပျိုးပြီး လူပျိုကြီးဘဝနဲ့ ပျော်မွေ့ပုံ ကျေနပ်ပုံတို့ကိုသိရတဲ့အတွက် အေးငြိမ်းတဲ့ သန္တရသ ခံစားရကြောင်း၊
- မြန်မာလူမျိုးတို့ဟာ တောင်သူလယ်လုပ် ရိုးရာအသက်မွေးမှုတို့ဖြင့် လုပ်ကိုင်ကြတယ်ဆိုတဲ့ အသိအမြင်များ သိမြင်လာကြောင်း၊
- တောင်သူကြီးဟာ ချက်ပြုတ်ပြီးတဲ့အခါ အပျိုငယ် ရွှေနံကားအောင် စားပါလှည့်လို့ ဖိတ်ခေါ်နေတဲ့အတွက် ပြုံးရွှင်ဖွယ်ဟာသရသ ခံစားရကြောင်း၊
- ရိုးသားပွင့်လင်းတဲ့ မြန်မာတို့ရဲ့ စိတ်ဓာတ်နဲ့ စရိုက်ဟာ မြတ်နိုးဖွယ်ကောင်းတယ်ဆိုတဲ့ အသိအမြင်တွေရရှိကြောင်း တင်ပြရမှာဖြစ်ပါတယ်။

ဒါကြောင့် ကဗျာမေးခွန်းကို ဖြေတဲ့အခါမှာ မေးခွန်းမှာပေးထားတဲ့ တောင်သူကြီးကဗျာမှ ရသနဲ့ အသိအမြင်ဆိုတဲ့ (၂)ပိုင်းကို (၂)ပိုင်းစလုံး ပါအောင် ပြည့်စုံစွာဖြေဆိုနိုင်ဖို့ အလွန်အရေးကြီးပါတယ်။

ဖြေဆိုရာမှာ အချက်တစ်ချက်စီကို ရသတစ်လှည့် အသိအမြင်တစ်လှည့် ဖြေဆိုနိုင်သလို ရသတစ်ပိုင်း အသိအမြင်တစ်ပိုင်းလည်း ဖြေဆိုနိုင်ပါတယ်။ ဖြေဆိုတင်ပြမှုဟာ ကျောင်းသူ ကျောင်းသားတွေရဲ့ ကိုယ်ပိုင်အတင်အပြပဲ ဖြစ်သင့်ပါတယ်။ ကဗျာစာသား အကိုးအကား ကောက်နုတ်ချက်တွေကိုလည်း အလျဉ်းသင့်သလို ထည့်သွင်းဖော်ပြသင့်ပါတယ်။

ကျောင်းသူကျောင်းသားတွေအနေနဲ့ ကဗျာမေးခွန်းရှည် ဖြေဆိုနိုင်ဖို့အတွက် ပြင်ဆင်ရာမှာ ကဗျာတစ်ပုဒ်ရဲ့ အဓိကကျတဲ့အချက်အလက်နဲ့ ပေါ်လွင်ကောင်းမွန်တဲ့ ကဗျာစာသား ကောက်နုတ်ချက်တွေကို ထုတ်နုတ်ကျက်မှတ်ထားဖို့ လိုပါတယ်။ ကဗျာတစ်ပုဒ်ကို ရှုထောင့်အမျိုးမျိုးက မေးမြန်းနိုင်တဲ့အတွက် အဓိကကျတဲ့အချက်နဲ့ ကောင်းမွန်တဲ့ စာသားကောက်နုတ်ချက်တွေကို အမိအရကျက်မှတ်ထားမယ်ဆိုရင် ဘယ်လိုရှုထောင့်ကပဲမေးမေး မိမိရဲ့ကိုယ်ပိုင်အတင်အပြနဲ့ အံဝင်ခွင်ကျ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ အဆင်သင့်အဖြေအမျိုးမျိုးကို အစအဆုံး ကျက်မှတ်နေမယ်ဆိုရင် ပုဒ်ရေများစွာ ကျက်မှတ်နေရမယ့်အပြင် မိမိကိုယ်ပိုင် အတင်အပြလည်း ဖြစ်မလာတဲ့အတွက် ကောင်းမွန်တဲ့ရမှတ်ကို ရရှိနိုင်မှာမဟုတ်ပါဘူး။

မေးခွန်း ၄ ကတော့ မြန်မာစကားပြေလက်ရွေးစင်ထဲကမေးတာ ဖြစ်ပါတယ်။ မေးခွန်း ၄ မှာ (က) နဲ့ (ခ)ဆိုပြီး နှစ်ပိုင်းပါဝင်ပါတယ်။

မေးခွန်း ၄ (က) က ဓမ္မဓိဋ္ဌာန်မေးခွန်း ဖြစ်ပါတယ်။ ဒီနေရာမှာလည်း-

- စကားပြေတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ စာရေးသူအကြောင်း
- ထုတ်နုတ်သည့် မူရင်းစာအုပ်
- စကားပြေ၏ ဆိုလိုချက် အကြောင်းအရာ၊
- အဲဒီစကားပြေရေးတဲ့ခေတ်၊

စတဲ့ စကားပြေဆိုင်ရာအချက်အလက်တွေကို လေ့လာကျက်မှတ်ထားရပါမယ်။ တိတိကျကျဖြေဆိုဖို့လည်း လိုအပ်ပါတယ်။

သိယ်သူ့သမီးသည် မထိလို၏မြေးဖြစ်ကြောင်း၊ ကျောင်းနေ ရဟန်းသံဃာတို့အတွက် လယ်၊ ဥယျာဉ်နှင့်ကျွန်များလှူကြောင်း၊ စီးချင်းတိုက်ပွဲစကားပြေကို ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းမှ ထုတ်နုတ်ထားကြောင်း၊ ဦးပေါင်းကျားနှင့်မြင်းကျားရှင် စကားပြေတွင် "ငါမအိုသေး"ဟု မိန့်တော်မူသော မင်းကြီးမှာ အလောင်းစည်သူ ဖြစ်ကြောင်း၊ မိခင်သောက စကားပြေကို ဝေဿန္တရာဇာတ်တော်ကြီး မဒ္ဒီပဗ္ဗခန်းမှ ကောက်နုတ်ထားခြင်းဖြစ်ကြောင်း၊ မိတဆိုးရှင်ပြုစကားပြေသည် ကိုထွန်းကျော်၏သား ရှင်လောင်းငပု၏ရှင်ပြုပွဲကို အသေးစိတ်ရေးထားသောစကားပြေဖြစ်ကြောင်း၊ ပတ္တမြားကျောက်စီဓား ဝတ္ထုတိုတွင် သူရဲကောင်းတို့၏ လေးစားထိုက်သော ဂုဏ်ရည်ကို ပေါ်လွင်စွာ ရေးဖွဲ့ထားကြောင်း စတဲ့ စကားပြေဆိုင်ရာ သိမှတ်ဖွယ်ရာတွေကို စေ့စပ်သေချာစွာ လေ့လာကျက်မှတ်ထားရမှာ ဖြစ်ပါတယ်။

မေးခွန်း ၄(ခ) ကတော့ ရှင်းလင်းဆွေးနွေးရတဲ့ စကားပြေ မေးခွန်းဖြစ်ပါတယ်။ စကားပြေတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအသားနဲ့ သုတရသ သင်ခန်းစာတွေကို လေ့လာရမှာဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း ကဗျာမေးခွန်းတုန်းကလိုပဲ မေးခွန်းရဲ့ ဦးတည်ချက်ကို ခွဲခွဲခြားခြားသိဖို့ လိုအပ်ပါတယ်။ မေးထားတဲ့မေးခွန်းဟာ အကြောင်းအရာကို ဦးတည်မေးတာလား၊ အရေးအဖွဲ့ကို ဦးတည်မေးတာလား အဲဒါတွေကို ကွဲကွဲပြားပြား နားလည်ရန် လိုအပ်ပါတယ်။ မိမိ လေ့လာကျက်မှတ်ထားသမျှကို မေးခွန်းနဲ့ အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုနိုင်ဖို့ အထူးအရေးကြီးပါတယ်။

သာဓကအနေနဲ့ ၄ (ခ) မေးခွန်းဖြစ်တဲ့ "မိခင်သောက" စကားပြေမှ မင်းဘူးဆရာတော် ဦးဩဘာသ၏ အရေးအဖွဲ့များသည် ကရုဏာ ရသမြောက်စေကြောင်း လေ့လာတင်ပြပါဆိုတဲ့ မေးခွန်းကို တင်ပြလိုပါတယ်။

ဒီမေးခွန်းကိုဖြေတဲ့အခါမှာ ဒီစကားပြေမှာပါတဲ့ ကောင်းနိုးရာရာ အရေးအဖွဲ့တွေကို ထုတ်နုတ်ပြီး ကရုဏာရသမြောက်ကြောင်း တင်ပြရမှာ ဖြစ်ပါတယ်။ အဖွဲ့ကောင်းများကြောင့် မိခင်တစ်ဦးရဲ့သောက ပေါ်လွင်လာစေကြောင်း၊ အရေးအဖွဲ့တစ်ခုစီကို မိခင်တစ်ဦးရဲ့ ခံစားချက်နှင့် ယှဉ်ပြီး စာဖတ်သူကို ကရုဏာရသဖြစ်လာစေတယ်ဆိုတာ ဝေဖန်သုံးသပ်ပြဖို့ ဖြစ်ပါတယ်။ သားသမီးတို့နှင့်အတူ နေခဲ့ရတဲ့ ယခင်အခြေအနေနဲ့ သားသမီးတို့ကိုမတွေ့ရတော့တဲ့ ယခုအခြေအနေတို့ကို နှိုင်းယှဉ်လျက် ပုံပန်းသဏ္ဌာန်အမူအရာပြ ဥပမာအလင်္ကာအဖွဲ့ကောင်းများ၊ စိတ်ခံစားမှုအခြေအနေပြ ဥပမာအလင်္ကာအဖွဲ့ကောင်းများရဲ့ အစွမ်းအာနိသင်တို့ကြောင့် မိခင်သောကခံစားမှု အရှိန်တိုးမြင့်လာပုံ၊ သားပျောက်မိခင်တစ်ဦးရဲ့ ဝေဒနာတိုးပြီး ခံစားလာရပုံတို့ကို မိခင်တစ်ဦးရဲ့ ကိုယ်နှုတ်အမူအရာမှတစ်ဆင့် စာဖတ်သူထံ ကူးစက်လာကာ ကရုဏာရသမြောက်ပုံ၊ စိတ်မျက်စိ၌ ထင်မြင်လာအောင်ရေးဖွဲ့ထားပုံ၊ နှုတ်မှ တတွတ်တွတ်မြည်တမ်းပုံတို့ကို စိတ်နားထဲကြားယောင်လာအောင် ရေးဖွဲ့ထားပုံတို့ကြောင့် ကရုဏာရသမြောက်လာပုံတို့ကို ထုတ်ဖော်တင်ပြရမှာ ဖြစ်ပါတယ်။

စကားပြေမေးခွန်းရှည် ဖြေဆိုနိုင်ဖို့အတွက် ပြင်ဆင်ရာမှာ ကဗျာမေးခွန်းရှည်မှာလိုပဲ စကားပြေတစ်ပုဒ်ရဲ့ အဓိကကျတဲ့ အချက်အလက်နဲ့ ပေါ်လွင်ကောင်းမွန်တဲ့ စာသားကောက်နုတ်ချက်တွေကို ထုတ်နုတ်ကျက်မှတ်ထားဖို့ လိုပါတယ်။ စကားပြေတစ်ပုဒ်ကိုလည်း ကဗျာမေးခွန်းရှည်လိုပဲ ရှုထောင့်အမျိုးမျိုးက မေးမြန်းနိုင်တဲ့အတွက် အဓိကကျတဲ့အချက်နဲ့ ကောင်းမွန်တဲ့စာသားကောက်နုတ်ချက်တွေကို အမိအရကျက်မှတ်ထားမယ်ဆိုရင် ဘယ်လိုရှုထောင့်ကပဲမေးမေး မိမိရဲ့ ကိုယ်ပိုင်အတင်အပြနဲ့ အံဝင်ခွင်ကျ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

မေးခွန်း ၅ ကတော့ ရေသည်ပြဇာတ်မေးခွန်း ဖြစ်ပါတယ်။ မေးခွန်း ၅ မေးခွန်းမှာ (က) နဲ့ (ခ) ဆိုပြီးတော့ ၂-ပုဒ် မေးပါတယ်။

မေးခွန်း ၅(က) မှာ စကားစပ်မေးပါတယ်။ စကားစပ်ကို ဖြေတဲ့အခါမှာတော့ ပေးထားတဲ့ စာပိုဒ်ဟာ ဘယ်အခန်းက စကားဖြစ်တယ်။ ဘယ်သူက ဘယ်သူ့ကို ဘယ်အချိန် ဘယ်နေရာမှာ ဘာအကြောင်းနဲ့စပ်ပြီး ဘယ်လိုပြောတယ်ဆိုတာကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ရေးနိုင်ရပါမယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့အတွက် ပြဇာတ်ကို ကြေညက်နေအောင် လေ့လာထားရပါမယ်။

စကားစပ်ကို ဖြေတဲ့နေရာမှာ သိထားရမယ့် အချက်အလက်တွေ ရှိပါတယ်။ အဲဒါကတော့ မည်သည့်အခန်းကဆိုတာကို ဖော်ပြတဲ့အခါမှာ အခန်း (၁) အခန်း(၂) စသည်ဖြင့် ဖော်ပြနိုင်ပါတယ်။ ဒါမှမဟုတ် ရေသည်ယောက်ျား စကားဆိုခန်း၊ ရေသည်မိန်းမစကားဆိုခန်း၊ ရေသည်ယောက်ျား ရေရောင်းထွက်သောအခန်း စသည်ဖြင့် အခန်းရဲ့အမည်ကိုလည်း ဖော်ပြနိုင်ပါတယ်။ ဒါမှမဟုတ် အခန်း(၅) အိမ်ရှေ့မင်း တောင်းပန်ခန်း စသည်ဖြင့် အခန်းအမှတ်ရော အခန်းအမည်ရော နှစ်မျိုးလုံးတွဲပြီးတော့လည်း ဖော်ပြလို့ရပါတယ်။

နောက်တစ်ခုကတော့ စကားစပ်မှာဖြေရမယ့် ဆိုလိုရင်းအဓိပ္ပာယ်ကိစ္စ ဖြစ်ပါတယ်။ ပေးထားတဲ့ စာပိုဒ်ရဲ့အဓိပ္ပာယ်ကို ဖြေရတဲ့အခါမှာ သတိပြုရမယ့် အချက်ကတော့ မူရင်းစာပိုဒ်အတိုင်း ပြန်မရေးရပါဘူး။ မပါတဲ့စကားကို ဆက်ပြီးထည့်ရေးတာမျိုး မဖြစ်သင့်ပါဘူး။ ဆိုလိုရင်းအဓိပ္ပာယ်ကို ဖြေတဲ့အခါမှာ မိမိစကားပြေနဲ့ ပြေပြေပြစ်ပြစ် ပြန်လည်ရေးသားဖို့တော့ အထူးလိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းတွေ ဖြေနိုင်ဖို့ ပြဇာတ်ကို ကျေညက်နေအောင် လေ့လာထားရုံမျှသာမက ကိုယ့်စကားနဲ့ကိုယ် ပြန်ရေးတတ်ဖို့ လေ့ကျင့်ထားဖို့လည်း လိုအပ်ပါတယ်။

မေးခွန်း(၅) ပုဒ်ခွဲ(ခ)မှာတော့ ရေသည်ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို မေးမှာဖြစ်ပါတယ်။ ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို ၂-ပိုင်းခွဲလို့ ရပါတယ်။

(၁) ကတော့ ဇာတ်လမ်းအဖြစ်အပျက်ပိုင်း ဖြစ်ပါတယ်။

(၂) ကတော့ ဇာတ်ဆောင်တွေအကြောင်းနဲ့ ဇာတ်ဆောင်တွေရဲ့ စရိုက်သဘာဝအဖွဲ့ ဖြစ်ပါတယ်။

ဇာတ်လမ်းအဖြစ်အပျက်ပိုင်းမှာ ၅ ပိုင်းရှိပါတယ်။

(၁) ရေသည်ယောက်ျားနှင့် ရေသည်မိန်းမဆင်းရဲပုံ
(၂) ရေသည်ယောက်ျားငွေလေးရွေးတပ်မက်ပုံ
(၃) ဥဒယမင်းအား သတ်ရန်ကြံစည်ပုံ
(၄) အိမ်ရှေ့မင်းသား သတိသံဝေဂရပုံနဲ့
(၅) တောထွက်ရန်ပြောဆိုပုံ -

တို့ ဖြစ်ပါတယ်။ အဲဒီဇာတ်လမ်းအဖြစ်အပျက်(၅)မျိုးကို အကြောင်းအရာကဏ္ဍမှာ မေးပါမယ်။

နောက်တစ်ပိုင်းက ဇာတ်ဆောင်စရိုက်အဖွဲ့ ဖြစ်ပါတယ်။ ဇာတ်ဆောင်စရိုက်မှာ ရေသည်ယောက်ျား၊ ရေသည်မိန်းမ၊ ဥဒယမင်းကြီးဆိုတဲ့ အဓိကဇာတ်ဆောင် ၃ ယောက်ရဲ့ စရိုက်တွေကို မေးလေ့ရှိပါတယ်။

အဲဒီအကြောင်းအရာ မေးခွန်းတွေကို ဖြေတဲ့အခါမှာလည်း စကားစပ်ရဲ့ ဆိုလိုရင်းအဓိပ္ပာယ်ကို ဖြေသလိုပဲ ဇာတ်စာမူရင်းအတိုင်း မရေးရပါဘူး။ မေးတဲ့မေးခွန်းနဲ့ မသက်ဆိုင်တဲ့ အချက်အလက်တွေကို ထည့်ပြီးမရေးရပါဘူး။ ဒါပေမဲ့ ရေသည်ပြဇာတ်စာဆို ဦးပုညသုံးစွဲခဲ့တဲ့ စကားလုံးတွေ၊ အသုံးအနှုန်းတွေ၊ သူရေးသားတင်ပြခဲ့တဲ့ အချက်အလက်တွေကိုတော့ သုံးစွဲရေးဖွဲ့ရမှာ ဖြစ်ပါတယ်။ ရေးတဲ့အခါမှာ ကိုယ်ပိုင်စကားပြေနဲ့ ရေးရမှာဖြစ်ပါတယ်။ ကိုယ်ပိုင်စကားပြေကို ပိုပြီးအသက်ဝင်အောင်၊ မိမိအဖြေကို ပိုပြီးပြည့်စုံအောင် ပြဇာတ်စာသားအကိုးအကား ထည့်မယ်ဆိုရင်လည်း ထည့်ရေးနိုင်ပါတယ်။

သာဓကအနေနဲ့ အကြောင်းအရာမေးခွန်းဖြစ်တဲ့ ရေသည်ယောက်ျားရဲ့ ပုံပန်းသွင်ပြင်နဲ့ ဘဝသရုပ်ကို ဖြေဆိုမယ် ဆိုကြပါစို့။ ရေသည်ယောက်ျားရဲ့ ရုပ်အသွင်အပြင်၊ ဝတ်စားဆင်ယင်ပုံနဲ့ ဘဝအခြေအနေတို့ပါအောင် ဖြေဆိုရပါမယ်။ သေးငယ်လွန်းလှတဲ့ ယောင်ဆံထုံး၊ မွဲခြောက် စုတ်ချာနေတဲ့ဆံပင်စတဲ့ရုပ်သွင်၊ စုတ်ဖွာညှိုးဖျင်းလှတဲ့ ခါးဝတ်ပုဆိုးကို ဝတ်ဆင်ထားပုံ၊ ထမင်းနှင့်ချဉ်ပေါင်ကိုသာ စားသောက်ရတဲ့ဘဝ၊ ခြိုးခြိုးခြံခြံနှင့် ငွေလေးရွေး စုဆောင်းထားနိုင်ပုံ စတဲ့ ရေသည်ယောက်ျားရဲ့ ဘဝအခြေအနေတို့ကို ပြဇာတ်ပါ ဇာတ်လမ်းနဲ့ဆက်စပ်ပြီး ဖြေပေးရမှာ ဖြစ်တယ်။

မေးခွန်း(၆)ကတော့ စာစီစာကုံးမေးခွန်းဖြစ်ပါတယ်။ စာစီစာကုံးဟာ မြန်မာစာမေးခွန်းလွှာမှာ အမှတ်အများဆုံးပေးထားတဲ့ မေးခွန်းတစ်ပုဒ်ဖြစ်ပါတယ်။ အမှတ်(၂၀) ပေးတဲ့ မေးခွန်းဖြစ်ပါတယ်။ ခေါင်းစဉ် ၃-ခု ပေးထားပြီးတော့ အဲဒီခေါင်းစဉ် ၃-ခုထဲက နှစ်သက်ရာတစ်ခုကို ဖြေဆိုရမှာ ဖြစ်ပါတယ်။ ခေါင်းစဉ် ၃-ခုလုံးမှာလည်း ပုံကြမ်းအချက်အလက်တွေ ပေးထားမှာဖြစ်ပါတယ်။ စာစီစာကုံးရေးတဲ့အခါမှာ ပုံကြမ်းအချက်အလက်တွေကို အခြေခံပြီး ရေးရမှာဖြစ်ပါတယ်။

စာစီစာကုံးဟာ တစ်ပုဒ်လုံး အစအဆုံး အလွတ်ကျက်မှတ်ထားရမယ့် စာမျိုးမဟုတ်ဘဲ ကျက်သင့်တဲ့ အချက်အလက်တွေကိုကျက်၊ မှတ်သင့်တဲ့ အချက်အလက်တွေကိုမှတ်ပြီး မြန်မာစာ အရေးအသားဆိုင်ရာ နည်းနာများနဲ့ အကြိမ်ကြိမ် အထပ်ထပ် လေ့ကျင့်ဆည်းပူးထားရမယ့် ကျင့်စာဖြစ်တယ်ဆိုတာ နားလည်ထားရမယ်။ စာစီစာကုံးဆိုတာ စာကိုပြေပြေပြစ်ပြစ်စီကုံး ရေးသားရတဲ့ စကားပြေအဖွဲ့ပုံစံတစ်မျိုး ဖြစ်တယ်။ စကားပြေအရေးအသားမှာ စာဟန်နဲ့ ပြောဟန်ဆိုပြီး ဟန်နှစ်မျိုးရှိတဲ့အနက် စာစီစာကုံး ရေးသားရင်တော့ စာဟန်ကိုပဲ အသုံးပြုရပါမယ်။

စာစီစာကုံးအမျိုးအစားကို အဖွဲ့ပုံသဏ္ဌာန်အရ သရုပ်ဖော်အဖွဲ့၊ ဖြစ်စဉ်ပြအဖွဲ့၊ ဖွင့်ဆိုရှင်းပြအဖွဲ့၊ ကျိုးကြောင်းပြအဖွဲ့ဆိုပြီး ၄ မျိုး ခွဲလေ့ရှိတယ်။ သရုပ်ဖော်အဖွဲ့ဟာ သက်ရှိ သက်မဲ့တွေရဲ့ ပုံပန်းသွင်ပြင်တွေ၊ အသံတွေ စတာကို မြင်ယောင်ကြားယောင်လာအောင် ရေးဖွဲ့ထားတဲ့ အရေးအဖွဲ့မျိုးဖြစ်တယ်။ ဖြစ်စဉ်ပြအဖွဲ့ကတော့ အချိန်ကာလရွေ့လျားတဲ့အစဉ်အတိုင်း အဖြစ်အပျက်တွေကို စီကာစဉ်ကာ ရေးဖွဲ့ထားတဲ့ အရေးအဖွဲ့မျိုးဖြစ်တယ်။ ဖြစ်စဉ်ပြအဖွဲ့ဟာ သရုပ်ဖော်အဖွဲ့နဲ့ တွဲဖက်လေ့ရှိပါတယ်။ အာစရိယပူဇော်ပွဲ၊ ကျောင်းအားကစားပွဲမြင်ကွင်း စတဲ့ ခေါင်းစဉ်တွေဟာ ဖြစ်ရပ်ဖြစ်စဉ်တစ်ခုကို ရွေ့လျားတဲ့အစဉ်အတိုင်း ရေးသားရမှာဖြစ်ပြီး ထိုဖြစ်စဉ်ကို ပေါ်လွင်အောင် သရုပ်ဖော်ရေးသားရမယ့် စာစီစာကုံးမျိုးဖြစ်တယ်။

ဖွင့်ဆိုရှင်းပြအဖွဲ့ဟာ အကြောင်းအရာတစ်ခုခုကို နားလည်သဘောပေါက်အောင် ရှင်းလင်းဖွင့်ဆိုပြတဲ့ အရေးအဖွဲ့မျိုးဖြစ်တယ်။ စည်းကမ်းလိုက်နာဘေးကင်းကွာ၊ စာအုပ်စာပေ လူ့မိတ်ဆွေ၊ ဝန်းကျင်သန့်ရှင်း ရောဂါကင်း စတဲ့ ခေါင်းစဉ်တွေဟာ အကြောင်းရပ်တစ်ခုခုကို နားလည် သဘောပေါက်အောင် ဖွင့်ဆိုရှင်းလင်းရေးသားရတဲ့ စာစီစာကုံးခေါင်းစဉ်မျိုး ဖြစ်ပါတယ်။ ဖွင့်ဆိုရှင်းပြအဖွဲ့ဟာ ကျိုးကြောင်းပြအဖွဲ့နဲ့ ဆက်စပ်လျက်ရှိပါတယ်။ ကျိုးကြောင်းပြအဖွဲ့ကတော့ သဘောတစ်ခုခု အယူအဆတစ်ခုခုကို ယုံကြည်လက်ခံအောင် အကျိုးအကြောင်း ဆက်စပ်ဖွဲ့ပြတဲ့ အဖွဲ့မျိုးဖြစ်ပါတယ်။ ဝန်းကျင်အလှ ထိန်းသိမ်းကြ၊ ပညာမြင့်မား ပြည်ထွန်းကား၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါး စတဲ့ခေါင်းစဉ်တွေဟာ ဆိုလိုချက်တစ်ရပ်ကို စာဖတ်သူ လက်ခံယုံကြည်လာအောင် အကျိုးသင့်အကြောင်းသင့် ဆက်စပ်ရေးသားရတဲ့ ခေါင်းစဉ်မျိုး ဖြစ်ပါတယ်။

ဖော်ပြခဲ့တဲ့ စာစီစာကုံးအမျိုးအစား ၄ မျိုးမှာ ဘယ်ခေါင်းစဉ်ဟာ မိမိနဲ့ သင့်တော်မယ်ဆိုတာ ချိန်ဆပြီး ကိုယ်ရေးမယ့် စိတ်ကြိုက်ခေါင်းစဉ်ကို မှန်ကန်စွာ ရွေးချယ်ရမှာ ဖြစ်ပါတယ်။ စာမေးပွဲ မေးခွန်းမှာ ပေးထားသော ခေါင်းစဉ်များသည် ကျောင်းသူကျောင်းသားများ စိတ်ကြိုက်ရွေးချယ်နိုင်ဖို့ အတွက် စာစီစာကုံးအမျိုးအစားတွေ မျှတစွာပေးထားလေ့ရှိပါတယ်။

စာစီစာကုံးမေးခွန်းမှာ ခေါင်းစဉ်နဲ့အတူ ရေးသားမယ့်အကြောင်းအရာအတွက် ပုံကြမ်းများလည်း ပေးထားပါတယ်။ ပုံကြမ်းများဟာ ခေါင်းစဉ်နဲ့ အံဝင်ခွင်ကျ ရေးသားနိုင်စေဖို့အတွက် အထောက်အကူပြုချက်တွေသာ ဖြစ်ပါတယ်။ ပုံကြမ်းပါအချက်တွေဟာ ယေဘုယျ အချက်တွေသာ ဖြစ်တဲ့အတွက် မိမိအတွေ့အကြုံ၊ ဗဟုသုတကြွယ်ဝရင် ကြွယ်ဝသလောက်၊ အလေ့အကျင့်ကောင်းရင် ကောင်းသလောက် ထိရောက်စွာအသုံးပြုနိုင်မယ့် အချက်များသာ ဖြစ်ပါတယ်။ အထူးသတိပြုရမယ့် အချက်ကတော့ ပုံကြမ်းပါအချက်တွေကို သတိမမူဘဲ ကိုယ်အလွတ်ကျက်ထားတာတွေကိုပဲ ပြန်ရေးချမယ်ဆိုရင်တော့ မေးခွန်းနဲ့အံဝင်ခွင်ကျ

*စာမျက်နှာ (ဂ)သို့*

*စာမျက်နှာ (ခ)မှ*

မဖြစ်နိုင်တော့တဲ့အတွက် ရမှတ်တွေဆုံးရှုံးမှာ ဖြစ်ပါတယ်။

စာစီစာကုံး ရေးသားဖြေဆိုရာမှာ နိဒါန်း၊ စာကိုယ်၊ နိဂုံး ပြည့်စုံဖို့ လိုပါတယ်။ စာစီစာကုံးဟာ မေးခွန်းရဲ့ နောက်ဆုံးအပုဒ်ဖြစ်တဲ့အတွက် ကျောင်းသူကျောင်းသားအများစုဟာ စာစီစာကုံးကို နောက်ဆုံးမှ ရေးသားဖြေဆိုလေ့ရှိကြပါတယ်။ ဒီလိုဖြေဆိုရာမှာ စာစီစာကုံးကို စာမျက်နှာများစွာ ရေးသားခဲ့ပေမယ့် နိဂုံးမချုပ်မီ စာမေးပွဲအချိန်စေ့သွားတဲ့အတွက် အဆုံးမသတ်နိုင်ခြင်းမျိုး ဖြစ်တတ်ပါတယ်။ ဒီအခါမှာ မိမိစာစီစာကုံးဟာ ရှေ့ပိုင်းမှာ ဘယ်လောက်ကောင်းမွန်အောင် ရေးထားရေးထား နိဂုံးမပါတဲ့၊ နိဂုံးမချုပ်နိုင်တဲ့၊ စာစီစာကုံး အင်္ဂါရပ်နဲ့မပြည့်စုံတဲ့ စာစီစာကုံးဖြစ်သွားပြီး ရမှတ်များစွာ ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။ စာစီစာကုံးဟာ ကျောင်းသူ ကျောင်းသားတစ်ယောက် ဂုဏ်ထူးနဲ့ ထိုက်တန်မတန်ဆိုတာ အဆုံးအဖြတ်ပေးနိုင်တဲ့ မှတ်ကျောက်တစ်ခုဖြစ်တဲ့အတွက် အထူးအလေးထားရေးသားရမယ့် စာတစ်ပုဒ် ဖြစ်ပါတယ်။

မြန်မာစာဘာသာရပ် မေးခွန်းလွှာတစ်ခုလုံးကို ခြုံပြီးပြောရမယ်ဆိုရင် ကောင်းစွာဖြေဆိုနိုင်ပြီး ဂုဏ်ထူးမှတ်ရဖို့အတွက် ကျက်မှတ်နိုင်မှုအပြင် စာလုံးပေါင်းသတ်ပုံ မှန်ကန်မှု၊ တစ်ချောင်းပုဒ်၊ ပုဒ်မ စတဲ့ သင်္ကေတတွေကို တိကျမှန်ကန်စွာ အသုံးပြုတတ်မှု၊ ဆီလျော်သော စကားအသုံးအနှုန်းရွေးချယ်တတ်မှု၊ ပုဒ်အထားအသိုမှန်ကန်မှု၊ ဝါကျဖွဲ့ထုံးမှန်ကန်မှု၊ ဝါကျတစ်ခုနှင့်တစ်ခု ပြေပြစ် ညီညွတ်စွာ ချိတ်ဆက်နိုင်မှု၊ စာပိုဒ်ဖွဲ့ပုံ ကောင်းမွန်မှု၊ စာပိုဒ် တစ်ပိုဒ်နှင့်တစ်ပိုဒ် ပြေပြစ်ညီညွတ်စွာ ချိတ်ဆက်နိုင်မှု၊ စာတစ်ပုဒ်လုံးသည် ဆိုလိုချက်ကို ရှင်းလင်းစွာပေါ်လွင်စေမှု စတာတွေနဲ့ ပြည့်စုံဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် လက်ရေးလက်သား သပ်ရပ်သန့်ရှင်းမှု၊ ဖျက်ရာခြစ်ရာကင်းစင်မှု၊ သေသပ်စွာ မျဉ်းသားမှု စတဲ့ သေသေသပ်သပ် ရေးသားဖြေဆိုနိုင်ဖို့လည်း အရေးကြီးပါတယ်။

အခု ဆွေးနွေးပို့ချခဲ့တဲ့ ပို့ချချက်တွေဟာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသူကျောင်းသားတွေအတွက် များစွာအထောက်အကူ ဖြစ်စေမယ်လို့ ယုံကြည်ပါတယ်။ ကျောင်းသူကျောင်းသားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာနဲ့ စာမေးပွဲကြီးကို ကောင်းမွန်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ပို့ချချက်ကို နိဂုံးချုပ်လိုက်ပါတယ်။ ။

**ဖခင်အမည်မှန်**

တန့်ဆည်မြို့နယ်၊ အထက(၂) နဝမတန်း(G)မှ မောင်နေမျိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဇော်လင်း ၅/တဆန(နိုင်) ၀၈၅၈၃၇ ဖြစ်ပါသည်။

**ဦးမြင့်ဇော်လင်း**

**ဖခင်အမည်မှန်**

တန့်ဆည်မြို့နယ်၊ အထက(၁) နဝမတန်း(C)မှ မခိုင်နန္ဒာကျော်၏ ဖခင်အမည်မှန်မှာ ဦးဇော်ခိုင်ဦး ၅/တဆန(နိုင်) ၁၃၃၃၇၁ ဖြစ်ပါသည်။

**ဦးဇော်ခိုင်ဦး**

**ဖခင်အမည်မှန်**

တန့်ဆည်မြို့နယ်၊အထက(၁) အဋ္ဌမတန်း(က)မှ မောင်သူရအောင်နှင့် အလက(ကွဲဆွဲ) စတုတ္ထတန်း(က)မှ မောင်သူရိန်ဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးဖြိုးအောင် ၅/တဆန(နိုင်) ၁၁၅၇၆၇ ဖြစ်ပါသည်။

**ဦးဖြိုးအောင်**









# အထူးလှိုက်လှဲစွာဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ Pile ရိုက်ခြင်းလုပ်ငန်း အသိအမှတ်ပြုလိုင်စင်ရရှိပါသော

(၁) Joyance International Co.,Ltd
(၂) Win Piling Group
(၃) Positive Pioneer Co.,Ltd
(၄) GEO-TECH pile Co.,Ltd
(၅) Golden Tri Star Co.,Ltd
(၆) Myanmar V-Pile Co.,Ltd
(၇) WINNER SUPER DIAMOND PILE Co.,Ltd
(၈) De Pa Waddy Co.,Ltd

မိတ်ဆွေကုမ္ပဏီတို့နှင့်ထပ်တူ ကျွန်တော်များကုမ္ပဏီမှ လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းများ ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်းလျက် ဝမ်းမြောက်စွာ ဂုဏ်ပြုအပ်ပါသည်။

Royal Mingalar Myanmar Group

## တောင်ကြီးကောလိပ်၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

တောင်ကြီးကောလိပ် စတင်တည်ထောင်သည်မှ ၁၉၇၄ ပညာသင်နှစ်အထိ (တောင်ကြီးကောလိပ်သက်တမ်း) တာဝန်ယူထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများအတွက် အာစရိယပူဇော်ပွဲကို ၁၁-၂-၂၀၁၆ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် YMCAခန်းမ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဆရာကြီး ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်အပူဇော်ခံပေးပါရန်။

၁၂-၂-၂၀၁၆ ရက် နံနက် ၂ နာရီတွင် ဆရာကြီး ဆရာမကြီးများအား မန်းရွှေစက်တော်နှင့်ကျောက်စိမ်းဘုရား၊ မန္တလေးဘုရားကြီးများသို့ ကုသိုလ်ယူပို့ဆောင်ပေးပါမည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂တောင်၊ မြေကွက်အမှတ် ၁၁၀၅/က၊ မြေကွက်တည်နေရာ အမှတ် ၁၁၀၅/က၊ မာန်ပြေ ၅ လမ်း၊ ၂ တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်စိန်စိန် ၁၂/သကတ(နိုင်)၀၁၆၀၂၇ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌ ဒေါ်တင်တင်မိုးမှ ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၃၂ ဖြင့် ဒေါ်စိန်စိန်အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ် ၁၆၇ အမိန့်တို့တင်ပြ၍ တရားရှိုးကိုယ်စား ဒုဦးစီးမှူး ဒေါ်အိအိဖြူ ၁၂/ဒဂတ(နိုင်)၀၆၇၉၄၉မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၂၆)၊ ဦးပိုင်အမှတ် ၃၅(ခဲစင်း)၊ ၈၅လမ်း၊ ၄၂လမ်းနှင့် ၄၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်သောင်းထံမှ ဦးထူးမှဝယ်ယူခဲ့ပြီး ဝယ်ယူခဲ့သူ ဦးထူးထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၈၅၈/၁၉၇၅)ဖြင့် ပေးကမ်းခြင်းကို ဇနီး ဒေါ်အေးကြည် (သား)ဦးအောင်ကျော်မိုးနှင့် ဦးရဲမြင့်ထူးတို့မှ လက်ခံခဲ့ပါသည်။ ဖခင်ဖြစ်သူ ဦးထူး၊ မိခင်ဖြစ်သူ ဒေါ်အေးကြည်တို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သော သားများဖြစ်သည့် ဦးအောင်ကျော်မိုး ၉/မရတ(နိုင်)၀၁၄၉၅၅၊ ဦးရဲမြင့်ထူး ၉/မဟမ(နိုင်)၀၀၇၁၂၉တို့က ဂရန်စာချုပ်ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၄)၊ ဦးပိုင်အမှတ် ၃၆၊ ၄၇×၄၈ လမ်း၊ မင်းကြီးရန်နောင်လမ်း×မင်းရဲကျော်စွာလမ်းကြားရှိ ဦးကျော်မြင့်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်ရွှေ ၁/မမန(ဧည့်)၀၀၀၀၄၅မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(န-၇)၊ ဦးပိုင်အမှတ်(၄၉)၊ ၄၂×၄၃ လမ်းကြား၊ ၆၄×၆၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးတွမ်ကွမ်းဆိုက် ၁၃/လရန(နိုင်)၀၈၆၀၆၅ မှ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဂရန်ပေါ်တွင် "ကာယကံရှင်လက်ဝယ်တွင် ဂရန်မူရင်းရှိပြီး ရုံးလက်ခံအမှုတွဲမရှိသည့်အတွက် ကာယကံရှင်လက်ဝယ်ရှိ ဂရန်မူရင်းအား ဌာနမှသိမ်းယူပြီး ဂရန်မိတ္တူထုတ်ပေးခြင်းဖြစ်သည်" ဟူသော မှင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေစာအုပ်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့်၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၂)၊ ဦးပိုင်အမှတ်(၄၈)၊ ၅၂ လမ်းနှင့် ၅၃ လမ်းကြား၊ မနော်ဟရီလမ်းနှင့် နှင်းဆီလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ဝင်းထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၉၇၃/၂၀၁၅)ဖြင့် ဦးပိုင် ၄၈ (ခဲစင်း)အရှေ့ဘက်ခြမ်းအား ဒေါ်သော်ဇင် ၅/အတန(ဧည့်)၀၀၀၀၅၈၊ ဦးသော်ရင် ၅/အတန(နိုင်)၀၈၁၂၅၀ တို့မှ တောဂရန်တင်ပြ၍ တောမှမြို့ပြောင်း အမည်ပြောင်း၊ ဦးပိုင်ခွဲအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွက် ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၂)၊ ဦးပိုင်အမှတ်(၄၄)၊ ၅၈×၅၉ ကြား ဘုရင့်နောင်နှင့် အောင်ဇေယျလမ်းကြားရှိ ဒေါက်တာတင်အောင်မြင့်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးမောင်မောင်စိုး ၅/မတန(နိုင်)၀၃၃၇၇၂မှ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့်ဂရန်သစ်၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထက(၂) တောင်ဥက္ကလာ (၁၉၆၆-၂၀၁၆) ရွှေရတုပွဲနှင့် မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

တောင်ဥက္ကလာပမြို့နယ်၊ အထက(၂)၏ နှစ်(၅၀)ပြည့်အထိမ်းအမှတ် ရွှေရတုပွဲတော်နှင့် ကျောင်းသားဟောင်းများ၏ (၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အထက(၂)၌ ကျင်းပမည်ဖြစ်ပါ၍ ကန့်တော့ခံ ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားဟောင်းများနှင့် ထ-၂ မျိုးဆက်သစ်ကျောင်းသားငယ်များအားလုံး တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပရေးကော်မတီ**

**အစီအစဉ်**

**(ပထမနေ့) နေ့ရက်** - ၁၂-၂-၂၀၁၆ ရက် (သောကြာနေ့)
ပြည်ထောင်စုနေ့
ရွှေရတုအကြိုဖွင့်ပွဲနှင့် မြတ်ဆရာပူဇော်ပွဲ
**အချိန်** - နံနက် ၈ နာရီ

**(ဒုတိယနေ့) နေ့ရက်** - ၁၃-၂-၂၀၁၆ ရက် (စနေနေ့)
ရွှေရတုပဒေသာကပွဲနှင့် ရင်ခုန်စရာကံစမ်းမဲ
**အချိန်** - နံနက် ၉ နာရီ

အသေးစိတ်သိလိုပါက ဖုန်း-၀၉-၇၈၉၃၄၃၀၆၂၊ ၀၉-၂၅၂၈၆၅၄၈၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## မန္တလေးမြို့နေ သူဌေးပွဲစားကြီး ဦးညွန့်အောင်နှင့်အများသိစေရန်

၁၈-၁-၂၀၁၆ရက် မြန်မာ့အလင်းသတင်းစာတွင်ပါရှိသည့် ဦးညွန့်အောင်၏ ကြေညာချက်အား ပြန်လည်ရှင်းလင်းအပ်ပါသည်။လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နမ့်ခိုက် တိုးချဲ့မြေကွက်နှင့် ပတ်သက်၍ ရောင်းချပေးနိုင်ရန် ပွဲစားအဖြစ် အပ်နှံထားခြင်း မဟုတ်ခဲ့ပါ။ အရှုပ်အရှင်းမကင်းမြေငှားဂရန်မရှိဘဲနှင့်လည်း ရောင်းချ၍မရပါ။ တိုးချဲ့ကွက်သစ်ဖော်စဉ်က မြေကွက်များ ရိုက်ထားသည့်မြေနေရာအား ဝယ်ယူထားပြီး တိုးချဲ့နေရာတွင် ချထားပေးသည့် (၃)နှစ်မြေငှားလိုင်စင်နှင့် ပိုင်ရှင်များပေါ်လာသောကြောင့် ပြဿနာအရှုပ်အထွေးများနှင့် အငြင်းပွားခဲ့ပါသည်။၄င်းကိစ္စများ ဖြေရှင်းပေးရန်နှင့် မြေစာရင်းပုံစံ(၁၀၅)ရေးကူးခွင့် မြေငှားဂရန် ရရှိရေးတို့အတွက် နှစ်ဦးနှစ်ဖက်အကျိုးငှာ ဆောင်ရွက်ပေးနိုင်ရန် အထွေထွေကိုယ်စားလှယ်လွှဲပေး၍ အပ်နှံခဲ့ခြင်းဖြစ်ပါသည်။ ၂၉-၃-၂၀၁၀ရက်မှ ယနေ့အထိ (၅)နှစ်အတွင်း ကျွန်တော်၏ ကြိုးစားညှိနှိုင်းဆောင်ရွက်မှုများကြောင့် မြေငှားဂရန်အသစ်ထုတ်ပေးရန်အဆင့်သို့ရောက်ရှိခဲ့ပြီးနောက် ဦးညွန့်အောင်မှ အထွေထွေကိုယ်စားလှယ်လွှဲစာချုပ်ကို ဖျက်သိမ်းရန်ကြိုးစား၍ ကျွန်တော်၏အကျိုးခံစားခွင့်များကိုငြင်းဆိုခဲ့ပါသည်။ အကြိမ်ကြိမ်ညှိနှိုင်းသော်လည်း မပြေလည်ခဲ့ပါ။ နှစ်ဦးနှစ်ဖက် မပြေလည်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အမှုတွဲအား ဆိုင်းငံ့လုပ်ထားပါသည်။ ၄င်းမြေကွက်နှင့် ပတ်သက်၍ မိမိရရှိရမည့် အကျိုးခံစားခွင့်တောင်းခံသည်မှအပ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ မရိုးမသားလုပ်ဆောင်ထားခြင်းများ တစ်စုံတစ်ရာမရှိခဲ့ပါ။ အထွေထွေကိုယ်စားလှယ်လွှဲစာချုပ် ဖျက်သိမ်းခြင်းသည် နှစ်ဦးနှစ်ဖက် သဘောတူညီမှုနှင့် လက်မှတ်ထိုးလျှောက်လွှာတင်ပြီး မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဆောင်ရွက်မှ တရားဝင်ပါသည်။ သတင်းစာမှ တစ်ဖက်သတ်ကြေညာပြီး ရုပ်သိမ်း၍မရပါ။သို့ပါ၍ နောက်နောင်တွင် အများပြည်သူများ ထင်ယောင်ထင်မှားဖြစ်အောင် ကျွန်တော်၏ ဂုဏ်သိက္ခာကျဆင်းအောင် ဆောင်ရွက်လာပါက တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဦးခင်မောင်တိုး**
**၁၃/လရန(နိုင်)၀၁၈၅၅၉**
**ဖုန်း-၀၉-၄၉၂၅၉၃၂၆**

## အများသိစေရန်ကြေညာချက်

သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်မြို့နယ်၏ ခွင့်ပြုချက်အရ အတည်ပြုသတ်မှတ်ပေးထားသည့် တောင်ပြိုကြိုးဝိုင်း အကွက်အမှတ် ၉၊ နောင်ခမ့်ကြီးကျေးရွာအတွင်းတည်ရှိသော ဦးခင်ထွန်းပါ ဒေသခံ ၅ ဦးကော်မတီ၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်း ၂၁၁ ဒသမ၅ ဧကမှ ဒေါ်စုရည်မွန်အမည်ပေါက် နှစ် ၃၀ စိုက်ပျိုးရေးလုပ်ကိုင်ခွင့်ရရှိထားသော စိုက်ဧက ၂၀ကို သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ ၁၀ အပိုဒ်(၁၉/ခ)နှင့်အညီ ငါးဦးကော်မတီ၏ဆုံးဖြတ်ချက်အရ ဒေါ်စောမိမိကျော်နှင့် ဦးမင်းမော်တို့အား စိုက်ခင်းလမ်းညွှန်ချက်နည်းဥပဒေများနှင့်အညီ နှစ် ၃၀ စိုက်ပျိုးလုပ်ကိုင်ခွင့်အား အမည်ပေါက်အမွေဆက်ခံလွှဲပြောင်းပေးပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၄င်းတို့နှစ်ဦး စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိထားသော ပြင်ဦးလွင်မြို့နယ်၊ ပန်းဦးတောင်လမ်းမကြီးဘေး၊ တောင်ပြိုကြိုးဝိုင်း အကွက်အမှတ်၉၊ (ယခု ငါးရုံချောင်းကျေးရွာ မျက်နှာချင်းဆိုင်လမ်းမတန်း)တွင်ရှိသော (၂၀)ဧကခန့်မြေကွက်အတွင်း မြေကွက်အသေးများစိတ်၍ တရားမဝင်အရောင်းအဝယ်ပြုထားသူများ၊ တဲထိုးနေရာဝင်ယူ၍ တရားမဝင်ကျူးကျော်နေထိုင်ကြသူများ ခွင့်ပြုချက်မရှိဘဲ စိုက်ပျိုးလုပ်ကိုင်နေသူများ၊ ယခင်စိုက်ပျိုးထားသော ခါတော်မှီအပင်ကို ပျက်စီး၍ အပင်ခုတ်မီးရှို့ပြုလုပ်သူအားလုံး ဤသတင်းစာကြေညာချက်ထည့်သည့်ရက်မှစ၍ ၃၀ရက်အတွင်း အမြန်ဆုံးဖယ်ရှားပေးကြပါရန် တတိယအကြိမ် အများသိစေရန် ကြေညာအပ်ပါသည်။

ဤစိုက်ပျိုးလုပ်ကိုင်ခွင့်ပြုထားသော မြေကြီးနှင့်ပတ်သက်၍ သစ်တောစိုက်ခင်း လမ်းညွှန်ချက်များနှင့်အညီ အတည်တကျပြန်လည်စိုက်ပျိုးလုပ်ကိုင်နိုင်ခြင်းမပြုလုပ်နိုင်ရန်ရည်ရွယ်၍ တရားမဲ့နှောင့်ယှက်ကျူးကျော်နေသူများအား ပြင်ဦးလွင်မြို့နယ် ရဲစခန်းတွင် အမှုဖွင့်၍ တရားစွဲဆိုထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဥပဒေနှင့်အညီသာ ဆောင်ရွက်နိုင်ကြောင်းနှင့် တရားမဲ့နှောင့်ယှက်ပျက်စီးမှုများအားလုံးကို သက်ဆိုင်ရာဥပဒေပုဒ်မအလိုက် ထပ်မံအရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**(၁) ဒေါ်စောမိမိကျော်**
**၁၂/ရကန(နိုင်)၀၅၂၂၅၀**
**(၂) ဦးမင်းမော်**
**၁၂/ကမတ(နိုင်)၀၃၆၈၆၅**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစံရွှေ (LL.B) အထက်တန်းရှေ့နေ**
**စဉ်-၂၇၀၃၄**
**အမှတ် ၁၀၂/၂၁၊ ပဲခူးမြစ်လမ်း၊ စစ်တောင်းရိပ်မွန်**
**ဒဂုံဆိပ်ကမ်းမြို့နယ်**

## အလက(၄) မရမ်းကုန်း(ယခင်လိုက်ကြည်ကျောင်း) သက်ကြီးအာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

ဆဌမအကြိမ်မြောက် သက်ကြီး အာစရိယပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ပါသဖြင့် သက်ကြီး ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသူ ကျောင်းသားအဟောင်းအသစ်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၃၁-၁-၂၀၁၆ ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉း၀၀ နာရီ
**နေရာ** - အလက(၄) မရမ်းကုန်း

**ဆက်သွယ်ရန်ဖုန်း**

ဦးတင်စိုး ဖုန်း-၀၉-၂၅၀၆၀၂၂၄၉
ဦးလွင်ဦး ဖုန်း-၀၉-၅၁၁၇၆၄၉
ဒေါ်ခင်လှမြင့် ဖုန်း-၀၉-၃၁၈၆၇၂၅၂
ဦးလှကြိုင် ဖုန်း-၀၉-၆၆၇၇၀၃
ဒေါ်သန်းသန်းထွေး ဖုန်း-၀၉-၄၃၁၄၄၆၃၈
မောင်ဇေယျာထွဋ် ဖုန်း-၀၉-၂၅၀၂၇၅၆၁၃
ဒေါ်မြင့်မြင့်အေး ဖုန်း-၀၉-၂၅၄၃၅၅၃၁၀
မောင်ဇော်ဝင်းထွဋ် ဖုန်း-၀၉-၅၀၇၈၇၃၈

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၂)၊ ဦးပိုင်အမှတ်(၄၁)၊ ၅၈×၅၉ ကြား ဘုရင့်နောင်နှင့် အောင်ဇေယျလမ်းကြားရှိ ဒေါ်မိုးမိုးချစ်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်တင်ရီ ၉/မနတ(နိုင်)၀၄၈၇၉၄မှ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေး ငွေရ ပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့်ဂရန်သစ်၊အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ) ရပ်ကွက်၊ အကွက်အမှတ်(နန-၅၅)၊ ဦးပိုင်အမှတ်(၅၄)၊ ၅၈×၅၉ လမ်း၊ စံပြ×သခင်ဖိုးလှကြီးလမ်းကြားရှိ တပ်ကြပ်ကြီးကျော်သိန်းအမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးကိုကိုအောင် ၅/ခဉတ(နိုင်)၀၆၉၇၃၉ မှ ဦးပိုင်-၅၄ (ခဲစင်း)မြောက်ဘက်ခြမ်းအား မြေချထားမိန့်၊ မြေဖိုး၊ လမ်းဖိုးပေးသွင်းခြင်းငွေရပြေစာ၊တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ပေးရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ ဦးပိုင်ခွဲ၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၃)၊ ဦးပိုင်အမှတ်(၄)၊ ၆၇လမ်းပေါ် Aလမ်းနှင့် B လမ်းကြားရှိ ဦးငွေသိန်း အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်အေးအေးကြိုင် ၉/ကဆန(နိုင်)၀၅၇၃၄၄၊ ဒေါ်ဆုကြိုင်ဝေ ၉/ကဆန(နိုင်)၁၃၂၈၈၉ တို့မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့်ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့်၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ) ရပ်ကွက်၊ အကွက်အမှတ်(သ-၁၃)၊ ၆၀×၆၁ ကြား၊ ပျူစောထီး×A3 ကြားရှိ ဦးပိုင်အမှတ်(၈၁-က)သည် ဒေါ်သိန်းဌေးအမည်ဖြင့်လည်းကောင်း၊ ဦးပိုင်(၈၁-ခ)သည် ဦးဝင်းမော်အမည်ဖြင့် ၄င်းချထားပေးသော မြေကွက်တို့အား ဦးစိုးနိုင် ၉/မနမ(နိုင်)၀၇၇၅၇၃ မှ မြေစလစ်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊အကွက်အမှတ်(၀၀-၂)၊ ဦးပိုင်အမှတ်(၃၉/က+ခ)၊ ၆၇×၆၈လမ်းကြား၊ A လမ်းနှင့် B လမ်းကြားရှိ ဒေါ်တင်ခအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးဝင်းဌေး ၇/လပတ(နိုင်)၁၀၉၈၀၆မှ မြေစလစ်၊ တရားရုံးကျမ်းကျိန်ချက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ် အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့်၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် ၁၇၊ ဦးပိုင်အမှတ်(၄၁၊၄၂)၊ ကုသိုလ်တော်လမ်း×ငွေတော်လမ်းမကြား ၇၃×၇၂ကြားရှိ ဒေါ်ညိမ်းအေးအမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်ဝင်းကြည် ၉/မရတ(နိုင်)၀၀၄၅၁၄မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**